www.burmeseclassic.com



www.burmeseclassic.com

# ရွှန်းရမိမိုး

## ပြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစု လက်နက်





စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သုတရွှေအိုး ... တဲ့။

ကြားလိုက်ရရင်တော့ နာမည်က တိုက်ကဂေါ်တဲ့ တောဂိုက်ကြီးလို့ ထင်ချင်စရာ။

တစ်ဖက်က ပြန်ကြည့်ရင်လည်း ဗဟုသုတဉာဏ် ပညာတွေ ပြည်လျှံကြွယ်ဝနေတဲ့ ရွှေအိုးကြီး။ တကယ်ပညာတတ်တဲ့ လူတစ်ယောက်ရဲ့ ကြီးကျယ်မြင့်မြတ်လှတဲ့ နာမည်များလားလို့ပေါ့လေ။

တကယ်တော့မဟုတ်။

လုံးဝ ... လုံးဝမဟုတ်။

သုတရွှေအိုးသည် နာမည်နဲ့ လုံးဝလုံးဝမလိုက်ဖက်ပါ။

စေတနာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူက နာမ္ဟည်မဆန်စွာ လန်းလွန်းနေသည်။

(တိုက်ဂျေမဟုတ်။)

အဲ ... နောက်ထပ် နာမည်မဆန်စွာပါပဲ ဗဟုသုတ ကတော့ တော်ဘော့ကို ဆင်းရဲနုံချာလှသည်။

ဘယ်လိုပြောရမလဲ။

လန်းတော့လန်းတယ်။ ဒါပေမဲ့ ဘုမသိ ဘမသိ အလန်းမျိုးပေါ့။

နှစ်နှစ်နာနာလေး အမိပ္ပာယ်ထပ်ဖွင့်ရမယ်ဆိုရင်တော့ နလပိန်းတုံး အလန်း။

အဲဒါ သုတရွှေအိုးရဲ့ စတိုင်လ်ပေါ့။

အဲဒီ ဘုမသိ ဘမသိ အလန်းစတိုင်လ်ကပဲ မိန်းကလေးတော်တော်များများကို ဆွဲဆောင်နိုင်တယ်ဆိုတာ မယုံမရှိကြနဲ့နော်။

❦ ○ ❦





ရှေးရေစက် ... တဲ့။

မိသားစုဝင်တွေရော သူငယ်ချင်းတွေရော အားလုံးက အရှေးလို့ ချစ်စနိုးခေါ်ကြသတဲ့။

ရှေးရေစက်ကတော့ တကာယ့်ကို ရှေးဆန်လွန်းလှသူ။ နှစ်ဆယ့်တစ်ရာစုမှာ အမြဲ နောက်တွဲဆံထုံးနဲ့ ပါတိတ်ဝမ်းဆက်တွေကို အမြဲဝတ်တတ်တဲ့ ဆယ်ကျော်သက်မလေးများရှိရင် ပြတိုက်နဲ့ ပြထားမယ်လို့ ဆိုရင်တောင် သေချာတယ် အဲဒီပြတိုက်မှာ အရှေးတစ်ယောက်ပဲရှိမှာ။ အဲဒီလောက်ထိ အရှေးပုံက တုံးတာ။

သို့သော် ...

အရှေးညာဏ်ကတော့ လှစ်လှစ်ပါအောင်ပြေးပြီးသား။ အရှေးပုံစံနဲ့ အရှေးညာဏ်ပြေးပုံက အရှေ့နဲ့အနောက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကမ္ဘာမှာ ဘာဖြစ်နေလဲ။ အရှေးမသိတာမရှိ။

သိမှာပေါ့။ အရှေးဆိုတဲ့ ကောင်မလေးက စာဆို သတင်းစာဂျာနယ်အစ ဝတ္ထုမဂ္ဂဇင်းအလယ် နောက်ဆုံး အင်တာနက်အဆုံး ဖတ်လိုက်ကြည့်လိုက်ရမှ။

တစ်ခါတလေဆို အရှေးပုံစံနဲ့ အရှေးစာဖတ်ပုံကို ကြည့်ပြီး အရှေးကို စာကြမ်းပိုးလိုလို၊ ဂေါက်သီးမလိုလို ထင်ယောင်ထင်မှား ခံရသေးသည်။

သို့သော် အရှေးရဲ့တွေးခေါ်မှုနဲ့ အရေးရဲ့ဒဿန တွေကတော့ ရေရေလည်လည် လန်းသည်။

❦ ○ ❦





ဒီလိုဆိုရင် သုံတစ္ဆေအိုးနဲ့ ရှေးရေစက် ဆိုတဲ့ အရှေးတို့ဟာ အရှေ့နဲ့အနောက်၊ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဆိုတာ ပြေးကြည့်စရာမလိုတော့ဘူး ထင်ပါရဲ့။

ကဲ ... သူတို့နှစ်ယောက်သာ နဖူးမှာစာပါခဲ့ရင် Cupid တစ်ယောက် ဘယ်လိုလေးပေါ်မှာ ဘာမြှားတင်ပြီးပစ်မလဲ။

မတူညီတာမှ တကယ့်မျိုးကြီးဖြစ်နေတာ။ ဆန့်ကျင် ဘက်စစ်စစ်ကြီးလေ။

အဖြူနဲ့အမည်း ဘယ်လောက်ပဲ လက်ဆွဲနှုတ်ဆက် ပါစေ။ ဘယ်တော့မှ ထပ်တူမကျနိုင်ဘူး။ ဒါပေမဲ့ အဲဒီ Black & White ဟာ ယှဉ်တွဲလိုက်ရင်တော့ ပေါင်းစပ်လို့ပဲ မရတာ။ အင်မတန်တော့ လိုက်ဖက်တဲ့ ကာလာတွေပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်ဖို့မဖြစ်နိုင်တဲ့ ဖူးစာကို Cupid က ဘယ်လိုရှုထောင့်နဲ့ ပုံမှားရိုက်မှာလဲ။

စိတ်ဝင်စားစရာပဲ။

အဲ ...

တစ်ခုတော့ ရှိတာပေါ့လေ။

လူဆိုတာ ...

ကိုယ်နဲ့အရမ်းကိုထပ်တူကျတဲ့သူ။ ဒါမှမဟုတ် ကိုယ်နဲ့ လုံးဝကြီးကို ဆန့်ကျင်ဘက်ဖြစ်နေတဲ့သူကိုတွေ့ရင် စိတ်ဝင်စားတတ်တယ်လေ။ ဒီတစ်ချက်ကလေးကို ကောင်းကောင်းအသုံးချနိုင်ရင်တော့ Cupid ရဲ့အကြံ အောင်ပြီလို့သာ မှတ်လိုက်တော့။

လောလောဆယ်တော့ သန်လျင်မှာနေတဲ့ အရေးနဲ့ ထောက်ကြံ့မှာနေတဲ့ သုတရွှေအိုးတို့ကို Cupid က သင်တန်းတစ်ခုမှာ ဆုံပေးလိုက်တယ်လေ။

လူချင်းဆုံပေးဖို့တော့ လွယ်တယ်၊ စိတ်ချင်းဆုံတွေ့ဖို့သာ မလွယ်ကြတာလေ။





သူတို့နှစ်ယောက်ဟာ သင်တန်းမှာ တော်တော်ကြာကြာတက်ပြီးတဲ့အထိ စိတ်ချင်းမဆုံကြတော့ Cupid စိတ်ညစ်လာတယ်။

ဟုတ်တယ်လေ၊ လူချင်းပဲဆုံပေးလို့ရတာ။ စိတ်ချင်းဆုံပေးဖို့က ဘယ်လွယ်ပါ့မလဲ။

ရိုးအေးတဲ့ ဣန္ဒြေရှင် အရေးက သုတရွှေအိုးရဲ့ ခေတ်ရှေ့ တစ်လှမ်းယောက်ပြေးနေတဲ့ ပုံစံကို မျက်စိထဲ မဝင်သလို သုတရွှေအိုးကလည်း အရေးကို ဖုတ်လေသည့်ငါးပိဟုတောင် အနံ့မရပေ။

Cupid အုံးစားနေသည်။

ဒီငတိနှစ်ကောင်ကို ဘယ်ကွန်ပျူတာနဲ့တွက်ပြီး အကွက်ရွှေ့ရပါ့။

ခပ်ပိန်းပိန်းနဲ့ လန်းနေတဲ့ ကောင်လေးရယ်၊ ခပ်လည်လည်နဲ့ ပုံတုံးနေတဲ့ ကောင်မလေးတို့ကို အလုပ်များသော Cupid သိပ်ပြီးအချိန်မပေးနိုင်။ Cupid တာဝန်ထမ်းဆောင်ပေးရမှာက သူတို့နှစ်ယောက်တည်းအတွက်မှ မဟုတ်တာကို။



www.burmeseclassic.com

www.burmeseclassic.com



အရှေးဆံပင်တွေဟာ အမြဲနှစ်ပတ်လျှိုထုံးထားတတ်တာမို့ အရှေးဆံပင် ဘယ်လောက်ထိရှည်မှန်း ဘယ်သူမှ မသိကြ။

အိမ်သားတွေက လွဲလို့ပေါ့။ အိမ်သားတွေကလည်း တော်တော်များတာကိုး။ ဖေဖေရယ် ဖေဖေ့အစ်မ အပျိုကြီးရယ်၊ အရှေးရယ်၊ သုံးယောက်တည်းသာ။ ဩော် ... ကျန်သေးတယ်။ အရှေးတို့အိမ်မှာ တောက်တိုမယ်ရခိုင်းတဲ့ ပိစိမလေးလည်း အရှေးဆံပင်တွေ ဘယ်လောက်အထိရှည်လည်း သိကြတယ်။

အရှေးသည် အင်မတန်ဉာဏ်ထက်သူမို့ ဆယ်တန်းကိုလည်း ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည်။

သို့သော် အရှေးက ဆေးတက္ကသိုလ်တက်ရန် ဝါသနာမပါ။ ထို့ကြောင့် စီးပွားရေးတက္ကသိုလ်ကိုပဲ ရွေးချယ်ခဲ့သည်။





ထို့ကြောင့် အရှေးသည် သူမဖခင်နှင့်ပင် တော်တော်အတိုက်အခံ ဖြစ်ခဲ့ရသေးသည်။

အရှေးသည် ဖခင်ဆန္ဒအတိုင်း ဆရာဝန်မလုပ်နိုင်။ ထို့အတွက် မိဘစကားကို နားမထောင်သလို ဖြစ်ခဲ့ရသည်။

အရှေးသည် သူမ စိတ်မပါသောအလုပ်ဆိုရင် လုံးဝကိုလှည့်မကြည့်တတ်သော စိတ်ဓာတ်ခိုင်မာလွန်းသည့် မိန်းမတစ်ယောက်လည်း ဖြစ်ပြန်၏။

အရှေးသည် ပုံစံက ရိုးတုံးလွန်းသော်လည်း တကယ်တမ်းက အင်မတန် ထက်မြက်လွန်းသူဖြစ်သည်။

နောက်တွဲဆံထုံး၊ ပါတီတ်ဝမ်းဆက်၊ ကတ္တီပါဖိနပ်အပါးလေးတွေဟာ အရှေး နှစ်သက်လွန်းသော ပုံစံမျိုးမို့ ဝတ်ဆင်တာဖြစ်ပြီး မဝတ်တတ်၊ မစားတတ်လို့ ပုံတုံးနေတာမျိုး မဟုတ်ပါ။

မိတ်ကပ်ကို ပါးပါးတင်းတင်း ပြောင်ပြောင်လေးလူးတတ်ပြီး နှုတ်ခမ်းနီကို gloss ပဲ ဆိုးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းခြေသည်းတွေက ဘယ်တော့မှ အစွန်းထွက်မရှိဘဲ အမြဲညီညာတိရိသပ်ရပ် ဖြူစင်နေတတ်သည်။

နာရီကလွဲရင် နားပေါက်မဖောက်ထား၍ နားကပ်တောင်မပတ်။ ဒါပေမဲ့ အရှေးက နာရီကိုတော့ တန်ဖိုးကြီးကြီး ကောင်းပေ့ဆိုတာကိုမှ ပတ်သည်။

`အရှေးသည် တူးဆန်းတာလား။ မိန်းမ မဆန်တာလား ဘာမှန်းကိုမသိ။

အရှေး ဖခင်ကိုယ်တိုင်တောင် အရှေးကို နားမလည်။ အရှေးစိတ်ကိုမသိ။

ခေတ်မီသော အရှေးရဲ့ကြီးတော်ကြီးကတော့ မိန်းမချင်းပိုပြီး နားလည်ဟာမို့ အရှေးဆို အကုန်မဟုတ်တောင် တချို့တစ်ဝက်တော့ နားလည်သေးသည်။

အရှေးဖေဖေရော အရှေးကြီးတော်ကြီးပါ ခေတ်ဆန်ဆန်ဝတ်တတ်ကြပြီး အရှေးတစ်ယောက် မူကွဲနေတာကိုလည်း ကြီးတော်ကြီးက နားလည်သည်။





ဖေဖေကတော့ အရှေးကို ဂေါက်နေပြီဟုတောင် မှတ်ချက်ချချင်တာဖြစ်သည်။

ကြီးတော်ကြီးရှိလို့ အရှေးနဲ့ဖေဖေကြားမှာ အဆင်ပြေနေတာဖြစ်သည်။

အရှေးသည် စီးပွားရေးနဲ့ပတ်သက်တဲ့ သင်တန်းမှန်သမျှ အကုန်တက်သည်။

သင်တန်းတွေ တက်လွန်းလို့ ဖေဖေက အရှေးကို နိုင်ငံခြားမှာ သင်တန်းသွားတက်ဖို့ပြောသည်။

သို့သော် အရှေးသည် ဟိုမှာနေပြီး သင်တန်းတက်ရင် အရှေးနှစ်သက်သော ပါတိတ်ဝမ်းဆက်လေးနဲ့ ကာလအတော်ကြာ အဆက်ပြတ်သွားမှာစိုး၍ မသွားခဲ့။

ထိုကဲ့သို့သော အရှေးကို ဖေဖေ ရက်ရက်စက်စက် ကောက်ချက်ချတာလည်း မမှားပါ။

ဖေဖေနဲ့ အရှေးတို့ အမြင်မတူကြတိုင်း အရှေးသည် သူမနှစ်သက်ရာကိုသာ ရွေးချယ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သုတရွှေအိုးကကျတော့ ဦးရွှေအိုးနဲ့ အကယ်ဒမီ မင်းသမီးကြီး ဒေါ်ရွှေသွင်တို့မှ မွေးဖွားလာတာဖြစ်၏။

သုတရွှေအိုးရဲ့ဖခင်က အညာသားကြီးဖြစ်ပြီး အညာမှာလည်း ထန်းတောများစွာပိုင်၏။

ထန်းလျက်ပွဲရုံနှင့် ထန်းလျက်ကို အခြေခံပြီးထုတ်သော မုန့်မျိုးစုံလုပ်ငန်းလည်း လုပ်သည်။

မိခင်ကြီးကတော့ ခုချိန်ထိ အမှေ့ခန်း အဘွားခန်းတွေမှာ ရိုက်နေတုန်းဖြစ်သည်။

ဒီတော့ သုတရွှေအိုးကလည်း အနုပညာအသိုင်းအဝိုင်းနှင့် နီးစပ်ပါသည်။

မအေနဲ့တူလို့ အသားလေးဖြူသော်လည်း မျက်နှာကျကတော့ ဦးရွှေအိုးလို အညာသားရုပ်ကြီးဖြစ်ကာ ခန္ဓာကိုယ်





အချိုးအစားကလည်း ဘယ်လောက်ပဲကစားပါစေ ဖခင်လို အညာသားအဆက်အပေါက် တုတ်ခိုင်ခိုင်ကြီး ဖြစ်နေ၏။

သို့သော် ခုခေတ်က ဖက်ရှင်ခေတ်ဆိုတော့ သူနဲ့လိုက်ဖက်အောင် ဝတ်စရာတွေများလှသလို၊ မျက်နှာကိုလည်း ဆံပင်စတိုင်လ်ကျကျလေးနဲ့ ဖုံးထားနိုင်တာမို့ မသိသာ။

ဖခင်ဖြစ်သူက ထန်းတောကို ပိုက်ဆံဖြစ်အောင်လုပ်ဖို့ပဲ တစ်ချိန်လုံး စဉ်းစားနေသူဖြစ်ကာ ရန်ကုန်နဲ့ သူ့ထန်းတောတွေကိုပဲ သွားချည်လာချည် လုပ်နေသူ။

မိခင်ဖြစ်သူကလည်း ဆံပင်ဖြူ ဆေးဆိုးဖို့။ ခုချိန်ထိ မျက်ခုံးမွေးနုတ်ဖို့။ တမာသီးဖြစ်လာတဲ့ ဆံပင်တွေအတွက် ဆံထုံးအတုလှလှလေးတွေ ရှာဝယ်ဖို့။ ပါးရေတွန့်နေတဲ့ မျက်နှာကို ကြည့်ရမဆိုးအောင် ပြုပြင်ဖို့၊ တွဲကျလာတဲ့ လက်မောင်းသားတွေ၊ ပူထွက်လာတဲ့ ဗိုက်ခေါက်မတွေကို ဖုံးဖိဖို့ပဲ စဉ်းစားနေသူပါ။

ဒါကလည်း သူ့ရဲ့အနုပညာလုပ်ငန်းမှာ သော့ချက်ဖြစ်နေတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သုတရွှေအိုးမှာ တစ်ဦးတည်းသော သားရယ်လို့ အပြည့်အဝ ဂရုစိုက်မှု မခံရရှာပါ။

ငယ်စဉ်ကတည်းက ကလေးထိန်းတွေ၊ အိမ်ဖော်တွေလက်ထဲမှာပဲ ကြီးပြင်းရသူ။ ကျူရှင်တွေ။ ဂိုက်တွေကြောင့်သာ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ရုံ။

ပင်ကိုအရည်အသွေးကလည်း မကောင်း၊ ပြုစုစောင့်ရှောက်မှုကလည်း အားနည်းဆိုတော့ အနှစ်မပါတဲ့ အပင်ကလေးပမာ။





သုတရွှေအိုးသည် မိခင်ကြီး၏ဗီဇပါလို့လားမသိ အင်မတန် မင်းသားဖြစ်ချင်သူပါ။

သို့သော် သူ့ရုပ်က ကင်မရာမစားသည့်ရုပ်မျိုး။ ဓာတ်ပုံဆိုလည်း အဆင်မပြေ။ movie ဆိုလည်း မအိုခေ။

သို့သော် အနုပညာအသိုင်းအဝိုင်းက သူ့မိခင်ရဲ့ မျက်နှာနဲ့ ဆွဲတင်ပေးဖို့ ကြိုးစားကြသဖြင့် ဟိုဟိုဒီဒီလေးတွေ ရိုက်ကြ၊ ဂျာနယ် မဂ္ဂဇင်းတွေက မိတ်ဆက်ပေးသည့် ဒေါ်ရွှေသွင်ရဲ့သား အနုပညာတွေလုပ်နေပြီဆိုပြီး သတင်းတွေထွက်။ သို့သော် တကယ်တမ်းမှာ သုတရွှေအိုးက ရုပ်က ဆွဲဆောင်မှုမရှိရုံမျှမက သရုပ်ဆောင်ဘက်မှာလည်း ပါရမီကမပါ။

မင်းသားလုပ်ဖို့အတွက်က ရုပ်ချောဖို့မလိုပါ။ ဆွဲဆောင်မှုရှိရင် ရပြီ။ ဆွဲဆောင်မှုရှိရင် နောက်က စန်းက အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါလာပြီးသား။ အဲ ... ရုပ်လည်းမချော၊ ဆွဲဆောင်မှုကလည်း မရှိရင်တောင်မှ သရုပ်ဆောင်တတ်ရင်လည်း နည်းနည်းဖြစ်နိုင်သေးသည်။

ခုဟာက သူ့မှာ မိခင်ဝိတ်ကလွဲလို့ ရုပ်ရည်၊ ဆွဲဆောင်မှု၊ ပညာ ဘာဆိုဘာမှမရှိ။ နတ္ထိ။ ဒီတော့လည်း ပါလေရာ ငါးပိချက်လုပ်ရင်း စိတ်ပျက်လာကာ တာ့တာပြလိုက်ရသည်။

တက်လိုက်ရတဲ့ မော်ဒယ်လ်သင်တန်း၊ သွားလိုက်ရတဲ့ သရုပ်ဆောင်သင်တန်း၊ နောက်ဆုံးတော့ ဝီရိယနည်းစွာဖြင့် သူ့ဘာသာပဲ လက်လျှော့သွားသည်။

အရှေးစိတ်ခာတ်နဲ့တော့ ကွာပါ့။

အရှေးက ဖြစ်ချင်တာကို မဖြစ်,ဖြစ်အောင် လုပ်တတ်သူလေ။

အရှေ့နဲ့အနောက် ဖြစ်နေတဲ့ သူတို့နှစ်ယောက်ကို စောင့်ကြည့်နေတဲ့ Cupid တော်တော်စိတ်ညစ်ရပါသည်။

ဖြစ်နိုင်ရင် သူတို့နဲ့ ခာတ်တူနာမ်တူတဲ့ တခြားသူတွေနဲ့သာ ဆုံပေးလိုက်ချင်ပါသည်။





သို့သော် သူတို့နဖူးမှာက စာပါလာပြီးသားမို့ cupid ထိုသို့လုပ်မရ ဖြစ်နေသည်။

Cupid သည် သူတို့နှစ်ယောက်ကို အချိန်တော်တော်ပေးကာ နည်းလမ်းစဉ်းစားရပါသည်။

ဒီလို သုံးနဲ့လေးကို ကျောချင်းမကပ်ဘဲ မျက်နှာချင်းဆိုင်အောင် ဆိုတာက လေးကိုသုံးရဲ့ရှေ့ကို ပို့မှဖြစ်မှာလေ။ ဒါပေမဲ့ လေးရဲ့တန်ဖိုးနဲ့ သုံးရဲ့စီနီယာကို သူ ဘယ်လိုပြောင်းလဲရမှန်းမသိ။

ခက်ပြီ။ တော်တော်ခက်တဲ့ ပုစ္ဆာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် သင်တန်းမှာ အလှဆုံးဟုတင်စားကြသော သင်တန်းရဲ့ပေါ်ပြူလာ၊ သင်တန်းရဲ့ Queen ဖြစ်သော စုဂျူလီဆိုသော ကောင်မလေးနဲ့ အတူတွဲဖြစ်ပြီး အရှေးလိုပုံတုံးနဲ့တွဲပြီး ပို၍ထင်ပေါ်နေသော စုဂျူလီကလည်း အရှေးနဲ့ တမင်တကာ လာတွဲခြင်းပင်။

စုဂျူလီက စကားပြောရင် သူမကိုယ်သူမ ဂျူဂျူး ဟု ပြောလေ့ရှိသဖြင့် အရှေးကလည်း သူမကို ဂျူဂျူးဟုပဲခေါ်ဖြစ်သည်။

ဂျူဂျူးက လှလည်းလှသည်။ သွက်လည်းသွက်သည်။ နည်းနည်းလည်း ထက်သည်။ ထို့ကြောင့် ပြီးပြည့်စုံသည်ဟု ပြောလို့ရ၏။





ဂျူဂျူးသည် သင်တန်းက ယောက်ျားမိန်းမ အားလုံးနှင့်ခင်သည်။

သင်တန်းက ယောက်ျားလေးအားလုံးလိုလိုကလည်း ဂျူဂျူးကိုစိတ်ဝင်စားကြ၏။ ထိုအထဲမှာမှ သုတရွှေအိုးက အကဲဆုံး၊ အသည်းဆုံး။ သို့သော် ဂျူဂျူးက သုတရွှေအိုးကို မကြိုက်။

ဒီနေ့လည်း ခပ်တည်တည်နဲ့ သုတရွှေအိုးက ဂျူဂျူးကို သစ္စာပန်းစည်းကြီး လာပေးသည်။

"သုတ ... ဒါ ဘာအတွက်လဲဟင်"

"ဩော် ... ဂျူဂျူးကို သစ္စာရှိရှိ ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ"

သုတရွှေအိုးက ဂုဏ်ယူဝင့်ကြွားစွာ ပြန်ဖြေလိုက်ပေမယ့် ဂျူဂျူးကတော့ သူ့ပုံစံကို ရယ်ချင်နေသည်။

"သုတရယ် ... ခုခေတ်က IT ခေတ်ရှင့်။ ပန်းပေးပြီးပိုးတဲ့နည်းက ရိုးသွားပြီ။ နည်းနည်းလောက် သစ်စမ်းပါဦးရှင်"

"အရိုးဆုံးက အဆန်းဆုံးပဲမို့လား ဂျူဂျူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဂျူဂျူးကတော့ ပန်းစည်းတွေကို စိတ်မဝင်စားဘူး။ နောက်တစ်ခါ ပန်းစည်းမပေးနဲ့"

"ကျွန်တော်ပေးတဲ့ပန်းစည်း မလှလို့လားဟင်။ အဲဒါ ကျွန်တော် နာမည်ကြီး floral က မှာထားတာပါ။ တော်တော်လည်း ဈေးကြီးတယ်"

"ကျွတ် ... ရှင် တော်တော်နတာပဲ၊ ဂျူဂျူးက ပန်းမကြိုက်ဘူး။ ဘာပန်းမှ ဘယ်လိုပန်းစည်းမှ မကြိုက်ဘူး။ အိုခေ"

"သြော် ... ဟုတ်ကဲ့"

ဂျူဂျူးကတစ်ဖက်လှည့်ပြီး သက်ပြင်းချသည်။ အရေးက ရယ်နေသည်။

သုတရွှေအိုး ထွက်သွားတော့မှ ...

"အရှေးရယ် ... သူ့ကို ဂျူဂျူး အရမ်းရယ်ချင်တာပဲ သိလား၊ မကြိုက်ပါဘူးဆိုတာကို ထပ်ပြောနေသေးတယ်၊ တွေ့လား"

"သူ့အထာနဲ့ သူ့ကဗျာကတော့ လုံးဝကာရံမမိတာ သေချာတယ်"





"ဟုတ်တယ်၊ ဒီဗိုင်းလေး လန်းသလောက် လူကအူကြောင်ကြောင်။ ဒါပေမဲ့အပျင်းတော့ ပြေပါတယ် ... ဟင်းဟင်း"

"ဟုတ်တယ် ... ဟုတ်တယ်"

"သင်တန်းပြီးရင် အရှေး ဘယ်သွားစရာရှိလဲ"

"မရှိပါဘူး၊ ဘာလို့လဲ"

"သြော် ... ကိုယ်လည်း ဘာမှလုပ်စရာမရှိဘူး၊ အဲတော့ ပြီးရင် ဂျူဂျူးတို့ တစ်ခွက်လောက် သွားသောက်ရင်ကောင်းမလား"

"ကော်ဖီတစ်ခွက်လား"

"Yes"

"အဟင်း ... သွားလေ"

"အရှေးနဲ့ တွဲရတာ တကယ်အပေးအယူတည့်တယ် သိလား။ တချို့ဆို ကိုယ် အဲလိုပြောလိုက်ရင် လမ်းလွဲသွားရော"

"ဘယ်ရမလဲ ... ဒီက ရှေးရေစက်လေ ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်ထိုင်ရတာကို ဂျူဂျူးရော အရှေးပါ နှစ်သက်ကြပါသည်။

ဂျူဂျူးက ဘလက်ကော်ဖီကို ဒီအတိုင်း အရသာခံသောက်ရတာကြိုက်ပြီး အရှေးကတော့ သံပရာသီးပါးပါးလေး ညှစ်သောက်ရတာကို ကြိုက်သည်။

တကယ်ကော်ဖီကြိုက်တဲ့သူတွေက ကော်ဖီရဲ့သဘာဝ အရသာ ရိုးရှင်းမှုကိုပဲ စွဲမက်ကြတာဖြစ်သည်။ ထို့အတွက် ကော်ဖီသောက်ဖို့ သကြားတွေ၊ နို့တွေ၊ ခရင်မ်တွေ မလိုပါ။

"မနေ့က ကိုယ့်ညီမက ပြောတယ် အရှေးရဲ့၊ သူက အဆိုတော်ဆိုတော့ ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတယ်တဲ့။





ဘယ်သူ့ကို ပြန်ကြိုက်ရမှန်းမသိဘဲ ရွေးရခက်နေတယ်ပေါ့ကွာ။ အဲဒါ ဂျူဂျူးက ပြောလိုက်တယ်၊ နင်ကြိုက်တဲ့သူကိုပဲ ရွေးလိုက်ပေါ့လို့။ သူက ကိုယ်ချစ်ကို မရှာချင်ဘူးတဲ့လေ"

"အင်း ... Celebrity တစ်ယောက်ဟာ အချစ်စစ် အချစ်မှန်နဲ့တွေ့ဖို့တော့ ခဲယဉ်းတယ် ဂျူဂျူးရဲ့။ ဘာလို့လဲဆိုတော့ ဒီခေတ်ကိုက Computer ခေတ်လေ။ နေရာဝိုင်းမှာ အတွက်အချက်ရှိတယ်၊ Celebrity တစ်ယောက်မှာ ကျော်ကြားမှုအပြင်၊ အောင်မြင်မှုနဲ့ ငွေကြေးဆိုတာက လည်း ခွဲခြားလို့မရဘူးမို့လား။ ဒီတော့ သူ့ကိုချဉ်းကပ်သူတွေဟာ သူပိုင်ဆိုင်တဲ့ ဂုဏ်ဒြပ်တွေကိုမက်ပြီး ချဉ်းကပ်တဲ့သူက ပိုများမှာပဲ၊ အဲဒီထဲမှာ အချစ်စစ် အချစ်မှန်ကို ဘယ်လိုရွေးမလဲ။ အရွေးမှားဖို့က 90 % ပဲကွယ့်။ သာမန်လူတစ်ယောက်ကမှ အချစ်စစ်ကို ပိုင်ဆိုင်ဖို့ နီးစပ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်နော်"

"အဲဒါကြောင့်လည်း Celebrity အများစုရဲ့ အိမ်ထောင်ရေးတွေက မတည်ငြိမ်ကြတာပေါ့"

"Celebrity တွေက သာမန်လူတွေထက်ပိုပြီး အိမ်ထောင်ရေးအဆင်မပြေဖြစ်ကြတယ်နော်"

"ဟုတ်တယ် ... Celebrity ဆိုတာ အနုပညာရှင် အသိုင်းအဝိုင်းမှ မဟုတ်ဘူး။ စီးပွားရေးလောက၊ အတတ်ပညာရှင်လောကတွေမှာလည်း ရှိနေတာပဲ၊ အရမ်းအောင်မြင်ကြတဲ့ သူဌေးကြီးတွေ၊ ဆရာဝန်ကြီးတွေ စသဖြင့်ပေါ့ဟာ၊ အဲလိုကြီးကြီးမာစတာ Celebrity တွေကကျတော့ တစ်မျိုးဟ။ သူတို့ကကျတော့ သူတို့အတွက် ဂုဏ်သရေရှိမယ့် အိမ်ထောင်မျိုး တည်ဆောက်တတ်ကြတယ်။ ပြီးမှ အချစ်စစ်မှာ သာယာကြပြန်ရော၊ ဒါပေမဲ့ သူတို့ရဲ့အိမ်ထောင်ရေးက သကာဖုံး အရောင်ဆိုးပြီး အတွင်းမှာတော့ လှိုက်တက်အောင်ခါးတဲ့ ဆေးခါးကြီးပေါ့ဟာ"

"အင်း ... အရှေးပြောတာလည်း ဖြစ်နိုင်တာပဲ"





"အဲဒါကြောင့် အချစ်နဲ့ပတ်သက်ရင်တော့ သာမန်လူနဲ့ ချစ်ရတာပဲ ကောင်းတယ်"

"အင်း ... အရှေးပြောတာတွေကို ညီမလေးကို ဖောက်သည်ပြန်ချရမယ်၊ အရှေးက တကယ် IQ မြင့်တယ်နော်၊ ဗဟုသုတလည်း စုံတယ်"

"ကိုယ်က စာအရမ်းဖတ်တာကိုး။ စာအရမ်းဖတ်တဲ့သူက စာမဖတ်တဲ့သူထက်ပိုပြီး ဗဟုသုတကြွယ်တယ်၊ ဗဟုသုတကြွယ်တော့ အတွေးအခေါ်လည်း မြင့်လာတာပေါ့"

"ဟုတ်တယ်နော်၊ နိုင်ငံခြားမှာဆိုရင် အားတာနဲ့ စာပဲဖတ်ကြတယ်တဲ့၊ ရထားပေါ်ပဲဖြစ်ဖြစ် ကားပေါ်ပဲဖြစ်ဖြစ် စာကို အချိန်ယူပြီး ဖတ်ကြတယ်တဲ့"

"ဟုတ်တယ်၊ တိုးတက်ချင်သူတိုင်း စာဖတ်ကြတယ်၊ စာဖတ်အားကောင်းတဲ့ နိုင်ငံသားတွေနေတဲ့ နိုင်ငံတွေက တခြားနိုင်ငံတွေထက်ပိုပြီး တိုးတက်တယ်လေ။ ပြီးတော့ စာဖတ်ခြင်းဖြင့် လူတစ်ယောက်ဟာ စည်းကမ်းရှိလာတယ်"

"စည်းကမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လူတစ်ယောက်က စာအုပ်တွေကပေးတဲ့ Message တွေကို ပြုမူမိရင် အလိုလို စည်းကမ်းလိုက်နာတတ်တဲ့သူလည်း ဖြစ်လာတယ်လေ။ လမ်းပေါ်မှာ အမှိုက်ပစ်ရင် မကောင်းဘူးလို့ သိထားတဲ့ လူတစ်ယောက်က အမှိုက်ပစ်ဖို့ ရှက်မှာပဲ ...

ကြွပ်ကြွပ်အိတ်သုံးတာ ကျွန်းမာရေးကိုရော သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်တယ်လို့ သိထားတဲ့လူဟာ ကြွပ်ကြွပ်အိတ်ကို မစွန့်လွှတ်နိုင်သေးရင်တောင် အသုံးတော့ လျော့သွားမယ်၊ သုံးတတ်သွားမယ် ...

သစ်ပင်ခုတ်တာ မကောင်းဘူးလို့သိရင် သစ်ပင်တွေ စိုက်ချင်လာမှာပေါ့။ အဲဒါကြောင့် မိမိနဲ့ မိမိပတ်ဝန်းကျင်အတွက် လူတွေဟာ စာဖတ်ကို ဖတ်သင့်တယ်"

"ဟုတ်တယ်နော်"

"စာဖတ်ဝါသနာမပါတဲ့သူ၊ စာဖတ်ပျင်းတဲ့ သူတွေဟာ အနည်းနဲ့အများတော့ သူများနောက်မှာ ကျန်ခဲ့မှာပဲ"





"အရေးက တကယ်မထင်ရဘူးနော်၊ အစကတော့ ဂျူဂျူး ကလေး အရေးပုံစံကိုကြည့်ပြီး ခပ်တုံးတုံးလို့ထင်တာ ... အဟိ"

"အင်း ... ဒီပုံစံက ကိုယ် ကြိုက်ကိုကြိုက်လို့ ဝတ်တာ ဂျူဂျူးရဲ့"

"ဂျူဂျူး အရေးကို ကောင်းကောင်းနားလည်နေပါပြီ။ ဒီလိုဝတ်ပေမယ့် သေချာကြည့်ရင် အရေး မျက်နှာမှာ အရှိန်အဝါတစ်ခုက ထင်းနေတယ်၊ ဘယ်လိုအရှိန်အဝါ လည်းတော့ မပြောတတ်ဘူး။ တကယ်တော့ အရေးက Bright ဖြစ်တယ်ကွ။ ဘယ်လိုပြောရမလဲ။ သူများနဲ့မတူတဲ့ ရှုထောင့်နဲ့ အကွက်ဖော်ထားတဲ့ ကျောက်တစ်ပွင့်လိုပဲ"

"အခုသောက်နေတဲ့ ကော်ဖီကလည်း ကိုယ့်ဘာသာရှင်းထားကြတာဆိုတော့ မုန့်စားမလား ... ပြော"

"ဟား ဟား ... မြှောက်တာ မဟုတ်ပါဘူး အရေးရယ်၊ အင်း ... ဟိုငအူလေး သုတစွေအိုးကို အရေးဆီမှာ သင်တန်းတက်ခိုင်းရမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူလား ... သူ့ကိုကြည့်ရတာ ဝမ်းတွင်းပါရမီပါပုံမရဘူးကွာ၊ ဟား ဟား ... ဆရာ လက်ဖြောက်ရမယ့် တပည့်မျိုး"

"မှန်လိုက်လေ"

❦ ○ ❦





သုတရွှေအိုးသည် နောက်ပိုင်းတွင်လည်း မကြာခဏဆိုသလို အလွဲလွဲအချော်ချော်တွေ လုပ်လေ့ရှိသည်။

ဥပမာ ... ဂျူဂျူးကို မွေးပွဲဝက်ဝံရုပ်အကြီးကြီးလာပေးတာမျိုး။

"ရှင့်ရဲ့နောက်ပိုးနည်းတွေက တကယ်ရိုးတယ် သိလား သုတ။ ကျွန်မက ပက်ဝံရုပ်လည်း မကြိုက်ဘူးရှင့်"

"ပန်းလည်း မကြိုက်ဘူး။ အရုပ်လည်း မကြိုက်ဘူးဆိုရင် ဂျူဂျူးက ဘာကြိုက်လဲဟင်"

"ဒါကတော့ ရှင့်ဘာသာ သိအောင်လုပ်လေ သုတရဲ့"

"ရေလည်စားတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သုတရွှေအိုးသည် ကြိုးတော့ ကြိုးစားရှာပါသည်။ ဂျူဂျူးဆီကို ဖုန်းခေါ်ပြီး ဖုန်းထဲကနေ ဂစ်တာတီးပြီး သီချင်းဆိုပြတာမျိုးလည်း လုပ်ပြပါသည်။

သို့သော် သူ့အသံကမကောင်း၊ ကီးကမကိုက်တာမို့ နားထောင်လို့မကောင်းပေ။

တစ်ခါ နာမည်ကြီးအချစ်ကဗျာတွေ ရှာဖွေစုဆောင်းပြီး ကော်ပီပွားပေးပြန်သည်။

သိပ် ... သိပ်ကို ဟောင်းလွန်းပါသည်ကွယ်။

သုတရွှေအိုးလုပ်သမျှ ဂျူဂျူးက မကြိုက်။

သုတရွှေအိုးက သူမကို အရူးအမူး စွဲလမ်းနေသလောက် သူမကတော့ သုတရွှေအိုးကို အမြင်ကတ်ပြီးရင်းကတ်နေသည်။

ဘေးက အရှေးကတော့ သုတရွှေအိုးကြီးကိုကြည့်ပြီး ရယ်လည်းရယ်ချင်၊ သနားလည်း သနားလာမိသည်။

"ဒီမှာ ... ရှင် ဘာလို့ နည်းဟောင်းကြီးတွေပဲ သုံးနေတာလဲ။ သူက နည်းဟောင်းတွေကိုမှ မကြိုက်တာ"





အရှေးလို ပုံတုံးမက သူ့ကို ဝေဖန်လာသဖြင့် သုတရွှေအိုး ဒေါသထွက်သွားသည်။

သူမလို ပုံတုံးမကများ ဝေဖန်ရဲသေးတယ်။ သုတဟာ ဂျူဂျူးဘေးမှာ အမြဲရှိသော အရှေးကို တစ်စက်ကလေးမှ တောင် မျက်လုံးထဲမဝင်။ ရှိသည်ဟုပင် မထင်။ အထင်လည်းမကြီး။

"ဘယ်လိုလဲ ... ရှင့်ကို အသစ်ကလေး တစ်ခုလောက် အကြံပေးရမလား"

"မလိုပါဘူး၊ မင်းက ဘယ်လိုအကြံမျိုး ပေးနိုင်မှာမို့လို့လဲ၊ ကျေးဇူးတင်တယ်နော် ချောက်ထဲတော့ လာမချပါနဲ့"

ပြောပြီးတာနဲ့ လှည့်ထွက်လာလိုက်တာ အရှေး ဘယ်လိုကျန်ခဲ့သလဲတောင် လှည့်မကြည့်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"သုတ ... မင်း ဟိုအစ်မကြီးကို ခါးလိုက်တာ မှားပြီထင်တယ်နော်"

"ဘာမှားစရာရှိလဲကွာ၊ သူလိုပုံကြီးက ဘာအကြံများပေးနိုင်မှာမို့လဲ။ ဒီမှာညစ်ရတဲ့အထဲ သူ လာဖောက်တော့ ငါလည်းတင်းသွားတာပေါ့။ ကြောင်တောင်တောင်နဲ့"

"အဲဒါကြောင့် မင်းကို ဂျူဂျူးက မကြိုက်တာ သေတာရဲ့၊ မင်း ဂျူဂျူးနားရောက်ဖို့က ဂျူဂျူးသူငယ်ချင်းကတစ်ဆင့်သွားရမယ်လေ၊ ခုက ကိုယ်ကတောင် သွားပေါင်းစရာမလိုဘူး။ သူက ကူညီပါမယ်ဆိုတာကိုတောင် ငြင်းလာတယ်။ တော့။ ငအ"

"အေး ... ဟုတ်သားဟ"

"ခုမှ ဟုတ်မနေနဲ့။ ဟိုက တင်းသွားပြီ"





"ငါကလည်း အဲဒါတောင် မစဉ်းစားမိဘူး"

ကျော်ကြီးက သူ့ကို ရယ်နေသည်။ သုတ ညစ်ညစ်နဲ့ အိမ်ပြန်လာမိသည်။

"ငါ ဟိုကောင်မလေးကို သွားတောင်းပန်ရင် ကောင်းမလား။ သူ တော်တော်များ စိတ်ဆိုးသွားလား။ စိတ်ဆိုးပြီး ကောလွတ်ရင်လည်း အခက်ပဲကွာ။ ဘယ်လိုလုပ်ရပါ့"

ထိုအချိန်မှစ၍ သုတရွှေအိုး စိတ်ထဲသို့ အရှေးရောက်ရှိခဲ့ကာ အရှေးကို သတိထားမိသွားတော့သည်။

ထိုနေ့က အရှေးလည်း သုတရွှေအိုးကို တော်တော်တင်းသွားသည်။

ငထူကောင် ...

ဒီက အခမဲ့ အချိန်ကုန်ခံပြီး ကူညီပေးမယ်ဆိုတာတောင် ဘဝင်ဖင်ဆောင့်ပြီး အသုံးမကျတဲ့ကောင်။

သူ့ထိုက်နဲ့ သူ့ကံ ခံပစေတော့။ ဒီတစ်သက် ဂျူဂျူး အချစ်ကို ရမှာမဟုတ်ဘူး။ အလကားကောင်၊ ငပေါကောင်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် ပျစ်ပျစ်နှစ်နှစ်ကို မေတ္တာပို့ပစ်လိုက်သည်။

အရှေးစိတ်ထဲတွင်လည်း သုတစွေအိုး ဆိုတာ မှတ်မှတ်ထင်ထင် ဖြစ်သွားပါသည်။

ထို့အတွက် Cupid သည် တော်တော်စိတ်ချမ်းသာသွားသည်။

သူတို့နှစ်ယောက်ကို ဒေဝဥယျာဉ်ထဲက ပန်းသီးကျွေးဖို့ပဲ ကျန်တော့သည်။

သုတနဲ့အရှေးဟာ အရှေ့နဲ့အနောက်လို စရိုက်သဘာဝ ကွာခြားနေတာမို့ Cupid သည် သူတို့နှင့် သင့်တော်မည့်မြားကို သီးသန့်ဖန်တီးနေရ၏။





ထိုအကြောင်းကို ဂျူဂျူး ပြန်သိတော့ အားရပါးရ ရယ်သည်။

“အရှေး ... တကယ်တော့ ဂျူဂျူးမှာ ဂျူဂျူးချစ်ရတဲ့ အစ်ကိုတစ်ယောက်ရှိတယ်၊ ဂျူဂျူးဦးလေးရဲ့မွေးစားသား ဆိုပါတော့။ အစ်ကိုကလည်း ဂျူဂျူးကို စိတ်ဝင်စားပုံပဲ၊ ဒါပေမဲ့ ကျေးဇူးရှင်ရဲ့တူမဆိုပြီး မျိုသိပ်နေရပုံပဲ”

“ဟုတ်လား”

“အင်း ... အစ်ကိုက ဆရာဝန်လေ”

“ကောင်းတာပေါ့”

“ဒါပေမဲ့ အစ်ကိုက ဖွင့်မပြောရင် ဂျူဂျူးက ဘယ်လိုလုပ်ပြီး မျှော်လင့်လို့ ရမှာလဲ၊ တစ်ခါတလေကျတော့ မိန်းမသားဖြစ်ရတာ မကောင်းဘူးဟာ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဂျူဂျူးရဲ့၊ အဲဒီအစ်ကိုက ဂျူဂျူးရဲ့ဖူးစာရှင်ဖြစ်နေရင် ဘယ်မှရှောင်ပြေးလို့ မရပါဘူးကွာ"

"ဖူးစာဆိုတာ တကယ်ရှိပါ့မလား အရှေးရဲ့"

"ရှိတာပေါ့ကွယ့်။ လက္ခဏာဆိုတာကို ယုံကြည်ရင် ဖူးစာ တကယ်ရှိတယ် ဆိုတာလည်း ယုံရမယ်"

"ဆိုပါဦး"

"အရှေး ပြောမယ်၊ ဂျူဂျူး လက်ဖဝါးပေါ်က လက္ခဏာ အရေးအကြောင်းတွေကို ယုံလား"

"အင်း ... လက္ခဏာကိုတော့ ယုံပါတယ်"

"ဇာတာတို့ ဗေဒင်တို့ကိုရော ယုံလား"

"ယုံကြည်လွန်းတာမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ နိမိတ်တို့ ဇာတာတို့ ဆိုတာတွေက ဘုရားရှင်လက်ထပ်တည်းက ရှိခဲ့တာတွေလေ။ ဒါပေမဲ့ ခုခေတ်ဗေဒင်ဆရာတွေကိုတော့ သိပ်မယုံဘူး"

"ဟုတ်တယ် ... နိမိတ်တွေ ဇာတာတွေဆိုတာ တကယ်ရှိတယ်၊ အဲဒီလိုပဲ ဖူးစာဆိုတာလည်း မွေးကတည်းက





နဖူးမှာ ပါလာပြီးသား။ ဖူးစာပါရင် ကမ္ဘာ့အရှေ့ခြမ်းက လူနဲ့ အနောက်ခြမ်းကလူလည်း ကြဲဖန်ညားမှာပဲ၊ သေလောက်အောင် ချစ်ကြလည်း ဖူးစာမပါရင် ဝေးမှာပဲ"

"အရှေး"

"ဟင်"

"ဂျူဂျူး ဖူးစာက သုတစွေအိုးကြီးနဲ့ ပါလာရင် ဘယ်လိုလုပ်မလဲ"

အရှေးလည်း မတတ်နိုင်သလို လက်ဝါးဖြန့်ပြီး ပခုံးတွန့်ပြလိုက်သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သုတစွေအိုး ခုတလော တော်တော်ညစ်နေသည်။

မေမေ့လိုင်းထဲ ဝင်တိုးလို့မရသော သူ့ကို ဖေဖေက သူ့အလုပ်တွေလွှဲဖို့ ကြံစည်နေလေပြီ။

သုတကလည်း အညာထန်းတောတွေကို မမုန်းတောင် မခင်တွယ်နိုင်ပါ။

ထန်းလျက်ပွဲရုံကို ဦးစီးဖို့လည်း စိတ်မပါ။ စက်ရုံတွေဆို ပိုပိုဝေး။

ထို့ကြောင့် သူ နိုင်ငံခြားသွားဖို့ ဆုံးဖြတ်မိတော့လည်း ချစ်မိသည့် ဂျူဂျူးနဲ့ ရေမြေမခြားလို။

ညစ်နေမိသည်။





မေမေ့ကိုလည်း စစ်ကူတောင်းလို့မရ၊ မေမေကလည်း သူ့ဘက်မပါ။

ဖေဖေကဆို ပြောမနေနဲ့။ အားတာနဲ့ စာရင်းစာအုပ်ကြီးကိုင်ပြီး သူ့ကို လွှဲပြောင်းဖို့ ခြိမ်းခြောက်နေသည်။

ပြီးခဲ့သည့် တစ်ပတ်ကလည်း သူ့ကို အတင်းကြီး အညာခေါ်သွားသေးသည်။

အညာက လုပ်ဖော်ကိုင်ဖက် ပွဲရုံတွေနဲ့မိတ်ဆက်ပေးသေးရဲ့။

ညစ်ပါဘိ။

တခြားစီးပွားရေးလုပ်ပါရစေဆိုပြီး ဖေဖေ့ဆီ တောင်းဆိုကြည့်သေးသည်။ ဘာပြောတယ်မှတ်လဲ။

လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကျွေးမွေးခဲ့တဲ့ ထန်းတောကို ကျေးဇူးမကန်းနဲ့တဲ့လေ။

မင်းသားမဖြစ်တဲ့ သူ့ကိုယ်သူ အားမရ။

မင်းသားသာဖြစ်ခဲ့ရင် ဖေဖေ့ထန်းတောတွေကို တာ့တာပြလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သုတရွှေအိုးက ကြော့ကြော့မော့မော့ နေချင်သူ။ ဖေဖေ့ပွဲရုံတွေ၊ စက်ရုံတွေ၊ အညာက ထန်းတောတွေက ကြော့မော့ သည့်အလုပ်တွေမဟုတ်။

ကျော်ကြီးကတော့ သူ့အဖြစ်တွေကို ရယ်သလား မမေးနဲ့။

"သုတရာ ... မင်းက ဟာသပဲ၊ ငါတို့မှာ လုပ်စရာအလုပ် အဆင်သင့်မရှိလို့ သင်တန်းတွေတက် လက်မှတ်တွေရ အောင်လုပ်ပြီး အလုပ်ရှာနေရတာ။ မင်းက ရှိတာကို ကြေးများနေတယ်"

"ဟုတ်ပြီ ... ဒါဆို မင်းကို ငါအလုပ်ခန့်မယ်၊ မင်းက တကယ်လုပ်၊ ငါက for show ပဲ နေမယ်ကွာ"

"မင်းဖားသားကြီးက လက်ခံမလားကွာ"

"ဖားသားကြီးမသိအောင် ကြည့်ကျက်လုပ်ရမှာပေါ့ကွာ"





ဒီလိုနဲ့ သုတရွှေအိုးရယ်၊ ကျော်ကြီးရယ်၊ သူ့အဖေ ဦးရွှေအိုးရယ် အဆင်ပြေသွားပါတယ်။

ကျော်ကြီးကို ဖေဖေ့ဆီ ခေါ်သွားကာ ...

"ဖေဖေ ... ဒါ သားသူငယ်ချင်း ကျော်ကြီးတဲ့။ ကျော်ကြီး က ဘွဲ့လည်းရပြီးသား။ သားနဲ့အတူ သင်တန်းတွေတက် ပြီးသား၊ သူကလည်း 'အလုပ်ရှာနေတာနဲ့ သားတို့ပွဲရုံမှာ အလုပ်လုပ်မလားဆိုပြီး ခေါ်လာတာ"

"ဟိတ်ကောင် ... သုတ။ မင်းက မင်းကို အလုပ်ခိုင်း တာကို အပေါင်းနဲ့ အသင်းနဲ့ လုပ်ချင်တဲ့သဘောပေါ့"

"ကျော်ကြီးကို ကူညီချင်လို့ပါ ဖေဖေ"

"အေးပေါ့ကွာ၊ အလျှောက်ကောင်းတော့လည်း"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူနဲ့ကျော်ကြီးတို့ ဖေဖေ့ပွဲရုံကို ပူးတွဲဝင်ခဲ့ကြသည်။ သူက ဖောရှော၊ တကယ်လုပ်တာကတော့ ကျော်ကြီး။ အဆင်ကိုပြေလို့။ ဖေဖေကလည်း သူ လုပ်နေတယ်ထင်ပြီး သဘောတွေကျနေသည်။ တစ်တောတော့ ရှင်းသွားပြီ။ ဂျူဂျူးနဲ့ အဆင်ပြေဖို့ပဲ ကျန်တော့သည်။





စုဂျူလီရဲ့ ဆရာဝန်ကိုကိုနဲ့ အရှေးကို မိတ်ဆက်ပေးသဖြင့် အရှေးတို့ တစ်ခါဆုံဖြစ်ကြသည်။

စုဂျူလီက အရှေး အကဲခတ်ပေးပါဦးဆိုပြီး ဆုံပေးတာဖြစ်သည်။

အရှေး၏ အရည်အချင်းကို ယုံကြည်အားကိုးသော စုဂျူလီက အရှေး သူ့လူကို အကဲခတ်ပေးဖို့ တောင်းဆိုတာပင်။

အရှေးကလည်း ဂျူဂျူးကို ခင်မင်ရင်းစွဲရှိတာက တစ်ကြောင်း၊ ပြီးတော့ မိန်းမသားတစ်ဦးဘက်ကနေ ရပ်တည်ပေးချင်တာကတစ်ကြောင်းတို့ကြောင့် လက်ခံလိုက်သည်။

ဂျူဂျူးရဲ့ ကိုကိုသည် ဆရာဝန်ရုပ်ပေါက်ပါ၏။ ပြီးတော့ ရုပ်ရည်ကလည်း မွန်ရည်သန့်ပြန့် သားနားပါသည်။ ရုပ်က တစ်မျိုးလေး သန့်နေပါသည်။ ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဒါမေမဲ့ရဲ့နောက်မှာတော့ အပြစ်ကလေးတွေ မဆိုသလောက် တွေ့နေရပါသည်။ မဆိုသလောက် ဆိုတာက သိတဲ့အတိုင်းလေ။ ရုပ်ရှိ ပညာလျှံ ဆရာဝန်တစ်ဦးဖြစ်သည့် အပြစ် ဂျူဂျူးကိုလည်း အင်မတန်မှ ချစ်မြတ်နိုးသည့်ပုံစံမျိုးမို့ လေ။

အဲဒါကြောင့်မို့ သူ့ရဲ့အပြစ်တွေကို မဆိုသလောက်ကို လျှော့ပေါ့လိုက်ရတာပင်။

"အရှေး ... ဒါ ဂျူဂျူး အစ်ကိုလေ။ ဒေါက်တာထင်မင်း တဲ့။ ကိုကို ... သူက ဂျူဂျူးပြောပြောနေတဲ့ အရှေးဆိုတာ လေ။ ရှေးရေစက်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် မရှေးရေစက်"

"အပန်းမကြီးရင် ဂျူဂျူးလိုပဲ အရှေးလို့ ခေါ်လို့ရပါတယ် ကိုထင်မင်း"

"ဒါဆိုလည်း အဆင်ပြေတာပေါ့ အရှေးရယ်"

ကော်ဖီအသီးသီး မှာကြပြီး ...





"အရှေးက ဝတ်ပုံစားပုံက တစ်မျိုးပဲတဲ့။ ဂျူးဂျူးပြောတုန်း က ကိုယ်က တစ်မျိုးထင်ထားတာ။ ဒါပေမဲ့ အဆင်ပြေ ပါတယ်၊ ဩော် ... ကိုယ်က ပွင့်ပွင့်လင်းလင်း ပြောတတ် တယ်နော်"

"ပွင့်လင်းတာက မျိုသိပ်တတ်တာနဲ့စာရင် ပိုကောင်းတာ ပေါ့ ကိုထင်မင်းရဲ့"

"အင်း ... ဟုတ်တယ်၊ ဂျူဂျူးက သူ့အစ်ကိုအကြောင်း မကြာခဏ ပြောတယ်"

"ဟုတ်လား ... ဂျူဂျူးလေး"

"ကိုကို တော်တဲ့အကြောင်းတွေ ပြောထားတာပါ"

"အဲဒီလောက်လည်း မဟုတ်ပါဘူး"

"ဟုတ်တယ်လေ၊ ကိုကိုက ဂျူဂျူးထက်တော့ တော်တာ ပဲလေ"

"ဩော် ... ယောက်ျားလေးဦးနောက်နဲ့ မိန်းကလေးဦးနောက် ကတော့ ကွာတာပေါ့ကွာ၊ ဒါပေမဲ့ ဂျူဂျူးရဲ့။ မိန်းကလေး တစ်ယောက်က ယောက်ျားလေးတစ်ယောက်နီးပါး တော်နေ၊



www.burmeseclassic.com

www.burmeseclassic.com



ထက်နေဖို့ သိပ်မလိုပါဘူး။ တော်ရင်တော့ ကောင်းတာပေါ့ ကွာ။ ဒါပေမဲ့ မိန်းကလေးတစ်ယောက် တော်ဖို့ ထက် ထက် မိန်းမပီသဖို့ ပိုပြီးလိုအပ်တယ်လို့ ကိုယ်ထင်တယ် ဟုတ်တယ်နော် အရှေး"

"အင်း ... ယောက်ျားလေးက ယောက်ျားပီသသင့်သ မိန်းကလေးက မိန်းမပီသရင် ပိုကောင်းတာပေါ့။ ဒါ ကိုထင်မင်းက ဘယ်လိုအချက်မျိုးကိုကြည့်ပြီး မိန်းမပီ တယ်လို့ သတ်မှတ်မလဲ"

"မိန်းကလေးတစ်ယောက်ကလား ... ဥပမာကွာ၊ တော်ဝ တဲ့ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလတို့ ဆိုရင်တော့ ပြော စရာမရှိတဲ့ တော်ဝင်သူတွေပေါ့ကွာ"

"သူတို့ တော်ဝင်တယ် ဆိုတဲ့အချက်မှာ အဓိကအချက် သူတို့ရဲ့လင်သားအပေါ် သစ္စာရှိပြီး အိမ်မှုကိုစွနိုင်နင်းတ ကို ပြောတာနော်။ အမရာဆိုရင် ပညာလည်း ထက်မြက် ယောက်ျားအပေါ်လည်း သစ္စာရှိတယ်။ ကိန္နရီဆိုရင်လည် ဒဏ်ရာရနေတဲ့ သူ့ရဲ့ကိန္နရာဖိုကြီး မြားချက်မှန်ပြီး သေ





နီးပါးဖြစ်နေတာကိုတောင် တခြားတစ်ပါးသူရဲ့ ဖြားယောင်း မှုကို မလိုက်ပါပဲ သစ္စာတိုင်ပြီး သူ့ခင်ပွန်းကို ပြန်ရှင် သန်စေတယ် ...

မဒ္ဒီဒေဝီဆိုလည်း သစ္စာတရားနဲ့ပဲ ခင်ပွန်း မင်းကြီး ရဲ့ နူနာရောဂါကို ပျောက်စေခဲ့တယ် ...

သမ္ဘုလဆိုရင်လည်း တကယ်သစ္စာရှိခဲ့တယ်။ အဓိက သစ္စာရှိလို့ တော်ဝင်တယ်၊ ယောက်ျားတွေရဲ့သံသယကို သစ္စာတရားနဲ့ ချေဖျက်နိုင်လို့ တော်ဝင်သလို ဖြစ်နေတယ် နော်"

"ဟုတ်တယ်လေ အရှေးရဲ့"

"အရှေးက အဲဒါကို မကျေနပ်တာ ကိုထင်မင်းရဲ့။ မိန်းမ တွေထဲမှာ တော်ဝင်မိန်းမ လေးယောက်တောင်ရှိပြီး ယောက်ျားတွေထဲမှာကျတော့ ဘာလို့ တော်ဝင်တဲ့ယောက်ျား တစ်ယောက်မှ မရှိတာလဲ၊ ဒါနဲ့များ ယောက်ျားတွေက တော်ဝင်တဲ့မိန်းမ လိုချင်တယ်ဆိုရင် အရှေးက တစ်ခွန်းပဲ ပြန်ပြောချင်တယ်၊ ယောက်ျားထုကြီးတစ်ခုလုံးထဲမှာ တော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ယောက်ျား တစ်ယောက်တောင် မရှိကြဘူးလားလို့
အရှေးတို့လည်း တော်ဝင်တဲ့ယောက်ျားပဲ လိုချင်တာပေါ့”

“အင်”

ထင်မင်းမှာ ဘာပြန်ပြောရမှန်းမသိ။ ဂျူဂျူးက
အရှေးစကားကို သဘောတွေကျနေသည်။ ခဏနေမှ ထင်မင်း
လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

“ဒါက ဒီလိုရှိတယ် အရှေးရဲ့။ ယောက်ျားတွေကိုကျတော့
တော်ဝင်တယ်လို့ မခေါ်ကြတော့ဘူး။ ယောက်ျားတွေကို
သူရဲကောင်းလို့ပဲ တင်စားခဲ့ကြတာလေ”

“အရှေးတို့ကတော့ သူရဲကောင်း မလိုချင်ပါဘူး။ သူရဲ
ကောင်းဆိုတဲ့ ယောက်ျားတွေက မိန်းမတွေ အများကြီး
ယူလေ့ရှိကြတယ် ကိုထင်မင်းရဲ့”

“အင်”

“ဟုတ်တယ်လေ၊ အရင်ခေတ်မပြောနဲ့ အခုခေတ်မှာတောင်
ပိုက်ဆံရှိလာရင် ရှိလာသလောက်၊ ပိုက်ဆံရှာနိုင်ရင် ရှာ
နိုင်သလောက် ယောက်ျားတွေဟာ အငယ်အနှောင်းအပျော်





အပါး ထားတတ်ကြတယ်လေ၊ အဲလို သူရဲကောင်းတွေကို
အရှေးတို့ မကြိုက်ဘူး၊ အရှေးတို့ မိန်းမတွေလည်း ယောက်ျား
တွေလိုပဲ Only you တော့ လိုချင်ကြတာပေါ့ ကိုထင်မင်း
ရဲ့”

ထင်မင်း ဘာပြန်ပြောရမှန်း မသိတော့။

❦ ○ ❦

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ကျတော့ ဂျူဂျူးက ဖုန်းဆက်သည်။

"ကိုကို တော်တော် အီစိမ့်သွားတယ် အရေးရဲ့ သီလား။ အရေးရဲ့ အတွေးအခေါ်တွေကိုလည်း ချီးကျူးသွားတယ်"

"သိပ်လည်း မချီးကျူးပါနဲ့ ဂျူဂျူးရယ်၊ ကိုယ်က တမင် ကိုထင်မင်း စိတ်ကို သိချင်လို့ စမ်းသပ်ပြောကြည့်တာပါ"

"ဒါပေမဲ့ အရေးပြောတာကို ဂျူဂျူးလည်း ထောက်ခံတယ် သိလား"

"အဟင်း"

"ဒါနဲ့ အရေး ကိုကို့ကို ဘယ်လိုမြင်လဲဟင်"

"မဆိုးပါဘူး ပြည့်စုံတဲ့ ယောက်ျားတစ်ယောက်ပါ၊ ရုပ် ချောတယ်၊ ပညာတတ်တယ်၊ ဂျူဂျူးကိုလည်းချစ်တယ်၊





လူရည်လည်းသန့်တယ်၊ အဲ ... ယောက်ျားတွေမှာရှိစမြဲ ဖြစ်တဲ့ အတ္တကလေးတွေလည်း ရှိသင့်ရှိထိုက်သလောက် တော့ ရှိတယ်၊ ဥပမာကွာ ... သူတို့သာ ရှုပ်ပွေလုပ်မယ် သူတို့ယူမယ့်သူကတော့ ခြောက်ပစ်ကင်း သဲလဲစင်ရမယ် ပေါ့ကွာ၊ ဒါကတော့ ယောက်ျားတိုင်းမှာရှိတဲ့ အတ္တမို့ ဂျူဂျူး ချစ်ရင် လျှော့လိုက်တော့"

"အင်းနော် ... ဂျူဂျူးက ကိုကို့ကို ချစ်နေပြီဆိုတော့လည်း သည်းခံရမှာပေါ့။ ဒါပေမဲ့ အရေးရယ် ... ကိုကိုက ဂျူဂျူး ကို ခုထိ ဖွင့်မပြောသေးဘူး။ တစ်ခါတစ်ခါကျရင် ကိုရီး ယားကျင့် ကိုရီးယားကြဲ ကြဲလိုက်ရရင် ကောင်းမလားလို့ တောင် စဉ်းစားမိတယ် သိလား"

"ဟား ဟား ... အဲလိုတော့ မလုပ်နဲ့နော်၊ ဗမာယောက်ျား တွေက ကိုရီးယားကကောင်တွေလို နားလည်ပေးမှာမဟုတ် ဘဲ ဗမာစိတ်နဲ့ အထင်သေးသွားနိုင်တယ်၊ ဥပမာ ဂျူဂျူး ရဲ့ကိုကိုဆိုရင် ဂျိုန်းသ အဲလိုဖြစ်နိုင်တယ်"

"ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကာလံဒေသံတဲ့၊ ဒီအရပ်မှာ ဒီဇာတ်ပဲကတာ ကောင်းပါတယ်ကွာ"

"အင်း ... ဘာပဲဖြစ်ဖြစ် အရှေးရယ်၊ ကိုကို့ကို အကဲခတ်ပေးတဲ့အတွက် ကျေးဇူးပဲနော်"

"ရပါတယ်ကွာ၊ သူငယ်ချင်းတွေပဲ"

"အင်း ... ဒါပဲနော် အရှေး၊ မနက်ကျမှ သင်တန်းမှာတွေ့မယ်"

"အိုခေ"

အရှေးသည် ထင်မင်းနဲ့ ဂျူဂျူးတို့ကို မြင်ယောင်ကာ မကြာခင် ကမ္ဘာမြေပေါ်မှာ စုံတွဲတစ်တွဲ ပေါ်ပေါက်လာတော့မှာကို မြင်ယောင်နေမိ၏။





သုတရွှေအိုးနှင့် ကျော်ကြီးက အလုပ်လုပ်နေပြီမို့ သင်တန်းဆက်မတက်ကြတော့။ သင်တန်းဆက်မတက်ဖြစ်သော်လည်း သုတရွှေအိုး တစ်ယောက်ကတော့ သင်တန်းဆင်းချိန်ဆို ရောက်လာတတ်ကာ ဂျူဂျူးကို လာတွေ့တတ်သည်။

သုတရွှေအိုးသည် အရှေးကိုလည်း လေပြည်သွေးဖို့ စဉ်းစားနေသည်။

သို့သော် ... ရှေးက သူ့ကိုဂရုမစိုက်ဘဲ ခပ်တည်တည်နေသဖြင့် သူ မခံနိုင်ဖြစ်နေသည်။ ဘယ်လိုလုပ်ရပါ့။ ဂျူဂျူးနဲ့ အဆင်ပြေဖို့က အရှေးနှင့်ပါ ပြေလည်မှ ဖြစ်မှာလေ။

အရှေးကလည်း သူ့ကို တင်းနေတာမို့ အဖက်မလုပ်။ ပြီးတော့ အရှေးသည် ဂျူဂျူးကို ဂျူဂျူးချစ်သော ကိုထင်မင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သဘောတူတာမို့ သုတကို ခပ်တည်တည်ဆက်ဆံဖို့ပဲ ဆုံးဖြတ်လိုက်သည်။

အိမ်ထောင်ဦးစီးဆိုတာ အနည်းဆုံးတော့ တည်ကြည်ခန့်ညားသင့်သည်။

မိသားစုကို ဦးစီးဦးဆောင်ပြုမည့်သူဟာ ထုံနတုံးအနေပါက အဲဒီမိသားစုရဲ့အနာဂတ်က တောက်ပပါ့မလား။ အဲဒီထက်ပိုဆိုးတာက ဂျူဂျူးက သုတရွှေအိုးကို မနှစ်သက်ခြင်းပင်။

မနှစ်သက်ရုံမျှမက ဂျူဂျူးမှာ နှစ်သက်ရမည့်သူပါ ရှိနေပြီးသားလေ။

ဒီတော့ ဂျူဂျူးကလည်း အလိုမကျ။ အရေးကလည်း မီးစိမ်းမပြတော့ သုတတစ်ယောက် မောင်ကံမွဲဖြစ်ရရှာ၏။

ကြာလာတော့ သူ ဂျူဂျူးရဲ့ဥပက္ခောဒဏ်ကို မခံနိုင်တော့။

ဂျူဂျူးကို သင်တန်းမှာ အတင်းဝင်တွေ့ကာ စကားပြောဖို့ ကြိုးစားသည်။

"သုတ ... ရှင် ဘယ်လိုဖြစ်နေတာလဲ"





"ကိုယ် ရူးနေတာ ဂျူဂျူးရဲ့၊ ကိုယ့်ကို ဥပေက္ခာမပြုပါနဲ့ ဂျူဂျူးရယ်၊ ကိုယ် မခံစားနိုင်လို့"

"ရှင် သိပ်ရယ်ရတာပဲ၊ ဒီမှာ သုတ။ ကိုယ် ပြန်မချစ်နိုင်တဲ့ လူတစ်ယောက်ကို ကျွန်မက ဘာလို့လိုက်လျောဆက်ဆံရမှာလဲ၊ ရှင့်အတွက်လည်း မကောင်းပါဘူးကွယ်၊ ကျွန်မ ရှင့်ကို လုံးဝပြန်ချစ်မှာ မဟုတ်ဘူး၊ ဘာလို့လဲ သိလား။ ကျွန်မမှာ ချစ်ရမယ့်သူ ရှိလို့ပဲ"

"ကိုယ့်ကို မညာပါနဲ့ ဂျူဂျူး။ ကိုယ် မယုံဘူး"

"ရှင်ယုံတာ မယုံတာ ရှင့်သမိုင်းပဲ။ ရှင် ယုံအောင်ပြောနေတာ မဟုတ်ဘူး။ ကျွန်မအတွက် အချိန်တွေ ရင်းနှီးနေတဲ့ ရှင့်ကို အားနာလို့ပြောတာမှတ်ပါ"

ဂျူဂျူးက ပြောပြီးတာနဲ့ ထထွက်သွားသည်။ ဂျူဂျူးနောက်သို့ သူ လိုက်မည်ပြင်တော့ ...

"သုတရွှေအိုး ... ရှင် သူ့ကို လိုက်မနှောင့်ယှက်ပါနဲ့တော့"

"ကိုယ် နှောင့်ယှက်တာမှ မဟုတ်တာ အရေးရယ်"

"သူ့မှာ တကယ်ချစ်ရမယ့်သူ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး၊ ဘာလို့လဲ သိလား။ အရှေး ကိုယ်တိုင်တောင် ကိုယ့်ကို ကူညီမယ်လို့ ပြောခဲ့ဖူးလို့ပဲ"

"ဟုတ်တယ်၊ အဲဒီတုန်းက ကျွန်မလည်း မသိခဲ့ဘူး။ ခုမှ သိတာ။ အဲဒါကြောင့် ရှင် မကြိုးစားပါနဲ့တော့"

"ကျွန်တော် မယုံဘူးဗျာ၊ အရှေးလည်း ကူညီမယ်လို့ပြော ပြီးမှ ကျွန်တော့်ကို စိတ်ဆိုးပြီး မကူညီတော့တာမို့လား။ ကျွန်တော် သိပါတယ်ဗျာ"

"မယုံလည်း မတတ်နိုင်ဘူး၊ သူ့မှာ တကယ်ချစ်ရမယ့်သူ ရှိတာ သေချာတယ်၊ ကဲ ... ကျွန်မလည်း ပြန်တော့မယ်"

သုတရွှေအိုးသည် နေရာတွင် အူကြောင်ကြောင်ဖြစ်၍ ကျန်ခဲ့တော့သည်။

❦ ○ ❦





သုတရွှေအိုးသည် စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်နေသည်။ ဂျူဂျူးမှာ ချစ်ရမယ့်သူရှိတယ် ဆိုတဲ့စကားက သူ့စိတ်နလုံးကို တော်တော်ဖိစီးနေသည်။

ဂျူဂျူးနောက် လိုက်စုံစမ်းကြည့်ဖို့ကလည်း သူ့အချိန် မပေးနိုင်။ ထို့ကြောင့် ဂျူဂျူးကို ဖုန်းဆက်မေးကြည့်လိုက်သည်။

"ဟဲလို"

"ဂျူဂျူးလား ... ဂျူဂျူး ကိုယ်ပါ"

"ဘာလဲ သုတ၊ တို့ အရည်မရ အဖတ်မရစကားတွေ နား မထောင်ချင်ဘူး"

"ဂျူဂျူး ... ဂျူဂျူးမှာ ချစ်သူရှိတယ်ဆိုတာ တို့မယုံဘူး"

"ယုံတာ မယုံတာ ရှင့်ကိစ္စလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူးချစ်သူ ဘယ်သူလဲဆိုတာ တို့ကို ပြော၊ ဂျူဂျူးမှာ တကယ်ချစ်ရမယ့်သူ ရှိတယ်ဆိုရင် တို့ တကယ်နောက် ဆုတ်လိုက်မယ်၊ ဂျူဂျူးကို တို့မဆက်သွယ်တော့ဘူးလို့ အာမခံတယ်"

ဂျူဂျူး စိတ်ညစ်သွားသည်။ ကိုကိုက ဂျူဂျူး၏ တရားဝင်မှ ချစ်ရေးမဆိုသေးတာ။ ဂျူဂျူး ချစ်သူက ကိုကိုပါလို့ ဘယ်လိုသေချာမှုနဲ့ ပြောရမလဲ။ လျှောက်ပြောပြီးမှ မဟုတ်ဘူး ဆိုရင် ဂျူဂျူးပဲ နာမည်ပျက်မှာလေ။

"ဂျူဂျူး ပြောလေ။ ဂျူဂျူးမှာ တကယ့်ချစ်သူရှိရင် ဂျူဂျူး ပြောနိုင်ရမှာပေါ့။ မိတ်ဆောင် ဆက်ပေးရဦးမယ်"

သုတကလည်း ဇွတ်တရွတ် ပြောနေသည်။ ဂျူဂျူး စိတ်တိုလာသည်။ ကိုကိုထင်မင်းကိုလည်း အသည်းယားသည်။

သုတပြောတာလည်း မမှားပါ။ ဂျူဂျူးချစ်သူကို ချပြသင့်သည်။ သို့သော် ဂျူဂျူး အဖြစ်က ...။

ထို့ကြောင့် ဘာကို စိတ်တိုမှန်းမသိ။ တိုပြီးရင် တိုလာကာ ...





"သုတ ... ရှင် မိတ်ဆက်နိုင်းတိုင်း မိတ်ဆက်ပေးရမှာလား။ ရှင့်လိုလူကို ယုံကြည်အောင် ချပြနေရဦးမလား။ ယုံချင်ယုံ မယုံချင်နေ။ ကျွန်မက အရှက်မရှိ ကြော်ငြာချပြနေစရာ မလိုဘူး။ ရှင် နောက်ကို ဘယ်တော့မှဖုန်းမဆက်နဲ့။ လာလည်းမတွေ့နဲ့။ ရှင့်ကို မြင်ရရင် နေလို့မီးလို ပူလွန်းလို့"

ဂျူဂျူးသည် ကိုယ့်အကြောင်းနဲ့ကိုယ် ဒေါသထွက်နေတာကို သုတပေါ် ပုံချပစ်လိုက်သည်။ ပေါက်ပစ်လိုက်သည်။

ဒေါသဖြစ်ဖြစ်နဲ့ ပြောလိုက်မိတာ ပြောပြီးမှ အရှိန်လွန်သွားမှန်း သိသော်လည်း မပြင်ချင်တော့။

သုတ တစ်ယောက်လည်း တော်တော်ခံစားရသည်။ ပြောရက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ ထင်မင်း နိုင်ငံခြားမှာ ပညာဆက်သင်ဖို့ သွားရတော့မည်။ ဒီတော့ ဦးလေးဖြစ်သူက မွေးစားသားကို ကိုယ့်အိတ်ထဲကိုဖိတ်ဖို့ ကြံစည်သဖြင့် မမျှော်လင့်ဘဲ ထင်မင်းနဲ့ ဂျူဂျူးတို့ အဆင်ပြေသွားကြသည်။

ဒါတောင် ဂျူဂျူးက စိတ်ဆိုးပြီး တော်တော်နဲ့လက်မခံချင်သဖြင့် ထင်မင်း ဖျောင်းဖျရသေးသည်။

"ဒီမှာ ကိုကို၊ လူကြီးတွေ သဘောဆန္ဒနဲ့ တည်ဆောက်ရမယ့် အိမ်ထောင်ရေးမျိုးကို ဂျူဂျူး စိတ်မချဘူး ကိုကို။ မတည်ဆောက်ရဲဘူး၊ ကာယကံရှင်ဆန္ဒမပါတဲ့ အိမ်ထောင်ရေးက အဓိပ္ပာယ်ရှိပါ့မလား။ စဉ်းစားကြည့်ပေါ့ ကိုကို"

"ကာယကံရှင်ဆန္ဒမပါဘူးလို့ ဂျူးက ဘာကိုကြည့်ပြောတာလဲ"





"လက်ရှိအနေအထားက ဒီတိုင်းပဲလေ"

"ကိုကို့စိတ်ကို မသိဘူးလား ဂျူးလေး။ ကိုကို ဂျူးကိုချစ်တယ်၊ ဒါပေမဲ့ ကိုကိုက မွေးစားသား။ သားရေပေါ်အိပ် ၊သားရေနားစားသလို ဖြစ်မှာစိုးလို့ မျိုသိပ်ခဲ့ရတယ်။ ဖေဖေတို့က ဂျူးနဲ့နေရာချပေးမယ်ပြောတော့ ကိုကို ဘယ်လောက်ပျော်မယ် ထင်သလဲ။ ကိုကို ဂျူးလေးကို သိပ်ချစ်ပါတယ်ကွယ်၊ အဲဒါ ဂျူး သိမှာပါ၊ ကိုကိုလည်း ဂျူးစိတ်ကို သိတယ်၊ ကိုကိုတို့ လက်ထပ်ခြင်းက လူကြီးတွေဆန္ဒရော လူငယ်တွေဆန္ဒပါ ထပ်တူကျတဲ့ လက်ထပ်ခြင်းပါ ဂျူးရယ်"

"ကိုကိုက ဂျူးကို အပိုင်တွက်ထားတာလား"

"ဟင့်အင်း ... ဖေဖေ ခွင့်ပြုချက် ရထားပြီးပြီဆိုတော့ မရရအောင်ယူဖို့ ဆုံးဖြတ်ထားတာ။ လာခဲ့"

"ကိုကိုနော်"

ပါးစပ်က ငြင်းယောင်ပြုပေမယ့် စိတ်ကြီးက ပါနေမှတော့ လူက ကိုကို့ရင်ခွင်ထဲ ရောက်တော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိခဲ့သော ရင်ခွင်ဟာ ထင်ထားတာထက်ပိုပြီး နွေးထွေးနေခဲ့သတဲ့။ ခိုလှုံပြီးရင်း ခိုလှုံချင်လာအောင်လည်း ဆွဲဆောင်မှုရှိသေးသတဲ့။ အချစ်ဆိုတဲ့အရာလောက် ကြည်နူးခြင်းရသကို ပေးစွမ်းနိုင်တဲ့အရာ ဒီလောကမှာ ရှိမယ်မထင်တော့။

ထင်မင်းသည်လည်း ချစ်သူကို ထွေးပွေ့ရင်း ရင်တွေခုန်လှပါ၏။

သူလိုမွေးစားသားဖြစ်တဲ့ဘဝမှာ ဂျူးလေးကို ချစ်ခွင့်ပိုင်ဖို့ အလှမ်းဝေးခဲ့ရာက ခုလိုကံကြမ္မာမျက်နှာသာပေးလာတော့ ပီတိက ပိုပါ၏။ အချစ်ရေးမှာ ကံပေးသဖြင့် တစ်သက်လုံး ဝမ်းနည်းခဲ့ရသည့် မိဘမဲ့ဘဝကို ဖြေသိမ့်လို့ ရသွားပါပြီ။

❦ ○ ❦





သုတာရွှေအိုးသည် ဂျူဂျူးမှာ ရည်းစားရှိတယ်ဆိုတာကို မယုံသဖြင့် နောက်က ရှဲဒိုးလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် လုပ်ငန်းများကို ကျော်ကြီးကိုပဲ လွှဲထားလိုက်သည်။

ဖေဖေကတော့ သူနဲ့ကျော်ကြီးကို စိတ်ချပြီး မျက်နှာလွှဲထားကာ မေမေ ကားရိုက်သွားရာ ပြင်ဦးလွင်သို့ လိုက်သွားသည်။

ထို့ကြောင့် သုတာတစ်ယောက် လွတ်လပ်ရေးရနေသည်။

ဂျူဂျူးနောက်ကို အချိန်ပေးပြီး လိုက်ဖြစ်၏။ ထို့ကြောင့်လည်း ဂျူဂျူးနဲ့ သူမအစ်ကိုရဲ့ဇာတ်လမ်းကို သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူး သူ့ကို နစ်နစ်နာနာ ပြောထားတာတွေကို လည်း စိတ်နာသည်။

ပြီးတော့ သုတက အတွေးတိမ်သူလည်းဖြစ်သည်။

ဂျူဂျူးရဲ့အချစ်ကို ရထားသော ကိုထင်မင်းကိုလည်း မနာလိုခြင်းကြီးစွာ ဖြစ်မိသဖြင့် ချောင်းရိုက်ဖို့ ကျော်ကြီးနဲ့တိုင် ပင်ဖြစ်သေးသည်။

"ဟာ … သုတရာ၊ မင်း ကိုထင်မင်းကို ချောင်းရိုက်တော့ ရော မင်းကို ဂျူဂျူးက ပြန်ချစ်မှာမို့လို့လား"

"မသိဘူးကွာ။ ငါ အဲဒီ ဆရာဝန်ကို အမြင်ကတ်နေတာ သိတယ်"

"ထားလိုက်စမ်းပါကွာ။ မိန်းမတစ်ယောက်အတွက် ကိုယ့် ကိုယ်ကိုယ် ဒုက္ခအရောက်မခံစမ်းပါနဲ့။ သူ့အချစ်ကိုမရတဲ့ အပြင် သူ့အတွက် လက်ထိတ်ခတ်ခံရမယ်ဆိုရင် မင်း နစ်ခါနာသွားမှာပေါ့ကွာ"

"အေး … မင်းပြောတော့လည်း ဟုတ်သလိုလိုပဲ"





"ထားလိုက်စမ်းပါကွာ၊ ကမ္ဘာပေါ်မှာ သူတစ်ယောက်ပဲ မိန်းမရှိတာမှ မဟုတ်တာ"

"ငါချစ်တာကတော့ သူ တစ်ယောက်တည်းပဲကွ"

"ချစ်လေ … ချစ်ပေါ့၊ မင်းဘာသာမင်း စိတ်ထဲမှာ သူ့ကို စိတ်ကြိုက်ချစ်နေလို့ ရတာပဲ။ အချစ်ဆိုတာ သူလက်ခံမှ ချစ်လို့ရတာမျိုး မဟုတ်ပါဘူးကွာ"

သုတ ခေါင်းငိုက်စိုက်ကျနေသည်။

ကျော်ကြီးလည်း သူငယ်ချင်းဖြစ်သူကို သနားပါ သည်။ တကယ်တော့ သုတဟာ အင်မတန်စိတ်ရင်းကောင်းပါ သည်။ တစ်ခုပဲ။ နည်းနည်းလေး ထုံအအနိုင်တာရယ် နည်းနည်း ကြွားဝါတတ်တာရယ်ပဲ ပြောစရာရှိသည်။ သို့သော် မိန်းကလေး တွေ မနှစ်သက်ဆုံးအရာက ထူအ,တဲ့အချက် ဖြစ်နေလေတော့။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အရှေးရဲ့ အဒေါ်အပျိုကြီးကတော့ အလန်းဖယ့်သားကြ
ပြီး တကယ် ဖလန်း ဖလန်း ထပါသည်။

အသက်ငါးဆယ်ကို တော်တော်ကျော်ပြီဖြစ်တဲ့ ကြီး
ကြီးဟာ မသိရင် လေးဆယ်လောက်ပဲ ထင်ရသည်။

ခုချိန်ထိ အပြင်ထွက်ရင် စကတ်အတိုဝတ်ချင်တုန်း။
အနည်းငယ် ထွက်ချင်တဲ့ ဗိုက်ခေါက်အတွက် လေ့ကျင့်ခန်းတွေ
လုပ်ရတာလဲ အမော။

ဖြူတီးစင်တာကို တစ်လတစ်ခါ ပုံမှန်သွားတာက
တစ်ကိုယ်လုံး ပေါင်းတင်ဖို့။

နည်းနည်းပါးချင်လာပြီဖြစ်တဲ့ ဆံပင်တွေကို ခပ်တိုတို
ဖြတ်ကာ ဖွဖွလေး ဖွကောက်ထားပြီး ဆံပင်ဖြူတွေကို တစ်ပတ်
တစ်ခါ ကာလာတင်ရတာအမော။





ခြေသည်းလက်သည်းဆို တစ်ပတ်တစ်ခါ ပုံဖော်
ဆိုးတတ်သေးရဲ့။

အနည်းငယ် တွဲချင်လာတဲ့ အသားအရေကို တင်း
ရင်းနေအောင် ပြုပြင်ထားတတ်သည်။

ခုချိန်ထိ ပန်ဆယ်ဟီးတွေ စီးနေတုန်း။

ထို့ကြောင့် အရှေးရဲ့ကြီးတော်ကြီးဟာ အသက်လေး
ဆယ် အပျိုကြီးလို့ပဲ ထင်ရတာပေါ့။ အရှေးနဲ့ အပြင်ထွက်ရင်
တောင်အဝေးကကြည့်ရင်း အရှေးက အကြီးလို့ ထင်ချင်စရာ။

အဲဒီ အဒေါ်အပျိုကြီးဟာ ခုချိန်ထိလည်း g-talk
သုံးပြီး Chatting ထိုင်နေတုန်း ဖြစ်သည်။ ကြီးကြီးရဲ့ nick ကို
လည်း ပြောရဦးမယ်။ ကြီးကြီး Chatting ဝင်တဲ့ nick က Ka
Lay Lay တဲ့လေ။

ကြီးကြီးရဲ့ nick မှာ ကောင်လေးတွေ အများကြီးရှိ
တယ်၊ ခုချိန်ထိ အီစီကလီတွေ ကြူတုန်း။

ဒီလိုကြီးကြီးမှ မလန်းရင် ဘယ်သူက လန်းတော့
မလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



g-talk မှာ ကောင်လေးတွေ အများကြီးရှိတဲ့ ကြီးကြီးက ရည်းစားတစ်ယောက်တောင် မရှိတဲ့ အရှေးကို အင်မတန်ကဲ့ရဲ့တတ်သည်။

အရှေးကလည်း ကြီးကြီး ဖလန်း ဖလန်း ထတာကို ကြည့်မရတတ်။ သို့သော် ဖေဖေ့ထက်စာရင် ကြီးကြီးက အရှေးကို နားလည်ပေးသေးတာမို့ အရှေးက ကြီးကြီးကို နားလည်ပေးကာ တည့်အောင်ပေါင်းရသည်။ ပြီးတော့ ကြီးကြီး အသုံးချတာကိုလည်း မကြာခဏ ခံရတတ်သေးသည်။

ကြီးကြီးရဲ့ Chat Room မှာ ကြီးကြီးက အရှေးရဲ့ စီးပွားရေးကျောင်းသူဘဝကို၊ အရှေးတက်နေတဲ့ သင်တန်းတို့ကို ယူအသုံးချကာ အရှေးကို ဇာတ်လိုက်ကျော် လုပ်ခိုင်းတတ်သေးသည်။

များသောအားဖြင့်တော့ အရှေး မသိလိုက်တာများသည်။ အရှေး ပြန်သိရရင်လည်း အရမ်းစိတ်ဆိုးတတ်သည်။

အဲဒီလို အဒေါ်နဲ့ တူမပါ။

တစ်ခါတလေကျရင်လည်း ...





"အရှေးရေ ... အဟိ ... ကြီးကြီး အပြင်မှာ ကောင်လေးတစ်ယောက်နဲ့ ချိန်းထားမိတယ်။ အသက်ကို နှစ်ဆယ်ကျော်လို့ လိမ်ထားတော့ သွားတွေ့လို့မရဘူး။ အရှေးသွားတွေ့ပေးပါလား။ ကောင်လေးက မိတယ် ဆရာ"

"ကြီးကြီးရယ် ... အရှေးဘာသာ အေးဆေးနေပါရစေ။ အရှေး အဲဒါမျိုးတွေ မလုပ်တာ ကြီးကြီးသိရဲ့သားနဲ့"

အရှေးငြင်းရင် ကြီးကြီးက စိတ်ဆိုးတတ်သေးသည်။ သို့သော် အရှေးကလည်း ဘယ်တော့မှ မသွားပေး။

ထိုအခါ ကြီးကြီးက ကောင်လေးမသိအောင် ချိန်းထားတဲ့နေရာကို မသိမသာ သွားရှိုးတတ်သေးသည်။

ကောင်လေးတွေကတော့ သူတို့ချိန်းထားတာ ကြီးကြီးလို့ ဘယ်သူမှ မထင်ကြဘဲ ကြီးကြီးက မသိမသာ အကဲခတ်ခွင့်ကို လွတ်လွတ်လပ်လပ်ကြီး ရသေးသတဲ့။

အဲဒီကောင်လေး တော်မျှော်မျှော် ဖြစ်နေရင် ကြီးကြီးက ကျိတ်ရယ်တတ်သေးသည်။ ပြန်လာရင်တော့ ကောင်လေးက ဘယ်လိုပုံစံ။ ကြီးကြီးကိုမျှော်တာ ဘယ်လိုရယ်ရသည့်အကြောင်း စသဖြင့် ရယ်မောဟားလှောင်ကာ ပြီးသွားတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာလုပ်တဲ့ ရှိုးပွဲမှန်သမျှလည်း ကြီးကြီး အလွတ်မခံ။

တစ်ခါတစ်ရံ လူငယ်လေးတွေလို ခုန်ပေါက်နေတတ်သေးသည်။

အဲဒီလို ကြီးကြီးကို အလုပ်မရှိ၊ အကိုင်မရှိလို့တော့ မထင်နဲ့နော်။

ကြီးကြီးက အမျိုးသမီးလက်ကိုင်အိတ်တွေချည်း သီးသန့်ရောင်းတဲ့ ဆိုင်တစ်ခု ပိုင်ဆိုင်သည်။

နာမည်ကြီးတံဆိပ်တွေချည်း ကိုယ်တိုင်သွင်းကာ ရောင်းသည်။ ပစ္စည်းစစ်မှန်ပြီး ဆိုင်ခွဲလည်း မရှိတာမို့ ကြီးကြီးဆိုင်မှာ အထက်တန်းလွှာ အမျိုးသမီးကြီးငယ်ရွယ်လတ်တို့၏ အသည်းစွဲဖြစ်သည်။

သူများတွေ ကြီးကြီးကို ဘယ်လိုမြင်မြင်၊ အရှေးကတော့ တစ်ခါတစ်ရံ အရှေးကို ဂျီကျပြီး နှဲ့ချင်တာကလွဲရင် ကြီးကြီးကို သဘောကျပါ၏။

❦ ○ ❦





Cupid သည် အရှေးနဲ့ သုတကို ဘယ်လိုချိတ်ချိတ်။ မချိတ်ဘဲ လွဲနေတာကို တော်တော်စိတ်ညစ်နေသည်။

သူ့တာဝန်က ဒီနှစ်ယောက်ကို မဖြစ်မနေ ဖူးစာဆုံပေးရမှာဖြစ်သည်။

သင်တန်းတစ်ခုမှာ ဆုံပေးလိုက်သော်လည်း သုတက အရှေးကို မကြိုက်ဘဲ အရှေးဘေးက ဂျူဂျူးကို ချော်တောငေါ့သည်။

ဂျူဂျူးကို သူ့ချိတ်ဖြစ်သော ထင်မင်းနဲ့ လမ်းလွဲပေးလိုက်ပြန်တော့ သုတနဲ့ အရှေးတို့ ပြန်ပြီးအစပ်အဆက်မရှိဖြစ်သွားပြန်သည်။

နေတာကလည်း သန်လျင်နဲ့ ထောက်ကြံ့၊ အလယ်မှာ ကြီးမားကျယ်ပြန့်လှသော ရန်ကုန်မြို့ကြီး ခြားနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးတို့က သန်လျှင်မှာ ဘိုးဘွားပိုင်ခြံကြီးနဲ့နေတာမို့ ရန်ကုန်မြို့ထဲ ပြောင်းနေဖို့ စိတ်ကူးမရှိသလို သုံတတို့ကလည်း စက်ရုံတွေ ပွဲရုံတွေက ဘုရင့်နောင်နဲ့ ရွှေပြည်သာမှာ ရှိတာမို့ ထောက်ကြံ့မှာနေတာက အဆင်ပြေနေပါသည်။

ဒီတော့ သူတို့နှစ်ယောက်ဟာ တကူးတကမှ ချိန်းမထားရင် တွေ့ဖို့မလွယ်။

Cupid စိတ်တော်တော်ညစ်ရပါသည်။

သူတို့နှစ်ယောက် နီးစပ်အောင် ဘယ်လိုဖန်ရပါ့။

သူတို့ရဲ့ အကြိုက်စရိုက်တွေက မတူတာမို့ ဆွဲကပ်လို့ကိုမရ။

သူတို့နဖူးပေါ်က မွေးရာပါ အမှတ်တံဆိပ်လေးကို ဖျက်လို့ရရင် ဖျက်ပေးပစ်ချင်သည်။

သူတို့နှစ်ယောက်ကို ဆွဲစေ့ဖို့ ကြိုးစားရင်း ထင်မင်းနဲ့ ဂျူဂျူးတို့တောင် မြန်မြန်အဆင်ပြေသွားကြပြီ။ တခြားသုံးလေးတွဲလည်း အိုခေသွားပြီ။





သူတို့ တစ်တွဲပဲ ရှိတာမဟုတ်။ Cupid မှာ ဒီနေ့ ဒီအချိန်မှာ ဒီအတွဲဆိုတဲ့ အချိန်ဇယားအတိုင်း စာရင်းကိုက်အောင် ကြိုးစားရတာ။

အရှေးနဲ့ သုတတို့ အတွဲအတွက်တော့ နောက်ထပ် ခြောက်လတိတိ အချိန်ရသေးသည်။

ထိုအချိန်မှာပဲ Cupid အတွေးထဲကို အရှေးရဲ့ကြီးကြီး ဝင်လာသည်။ အိုခေ ...။

Cupid ဘာလုပ်ရမလဲဆိုတာ သိသွားပြီး လွယ်လွယ်ကူကူ တွဲစပ်လို့မရတဲ့ အတွဲတွေဆို Twist လေးတွေ သုံးပေးရတယ်လေ။

သုတနဲ့ အရှေးအတွက် Cupid က Twist လုလုလေးတစ်ခုသုံးဖို့ စဉ်းစားမိသွားတယ်။

ဒီတစ်ခါတော့ သင်းတို့နှစ်ယောက် Cupid လက်ထဲ ကျဆုံးစေရမယ် ... ဟာ ဟာ။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းတစ်ခု ကွာနေလို့ ကျော်ကြီးနဲ့ သုတ ချွေးပြန်နေကြသည်။ တစ်နေကုန် ထိုစာရင်းကို အစကောက်လို့မရ ဖြစ်နေသည်။

ကွာနေတာက ခော်တော်ပမာဏများ၏။ ကျော်ကြီးက ဗိုပြီးရပ်ပျက်နေသည်။ သုတက သူ့ကိုယုံကြည်လို့ မျက်နှာလွှဲထားတာလေ။

ဦးရွှေအိုး သိသွားရင်လည်း မလွယ်။ သုတလည်း ဖေဖေ့မျက်နှာကြီး မြင်ယောင်ကာ ချွေးပြန်နေသည်။ ကျော်ကြီးကိုလည်း ယုံပါသည်။ ဒါဟာ တစ်ခုခုမှားနေတာပဲ ဖြစ်ရမည်။

"ကျော်ကြီးပစ္စည်းပို့ထားတဲ့ ဘောက်ချာတွေ၊ စာရင်းတွေ ထဲမှာ ဘာမှမရှိဘူးဆိုတော့ ကုန်ပို့စလစ်တွေရော"





"ဟာ ... အေး ... စလစ်မှတ်တဲ့ဖိုင်ထဲ တစ်ချက်ရှာကြည့်လိုက်ဦးမယ်"

နောက်ဆုံးတော့ စလစ်ဖိုင်ထဲမှာ ပစ္စည်းပို့ထားတဲ့ အရေအတွက် ထွက်လာသည်။ ဘောက်ချာမဖွင့်၊ စာရင်းမထည့်ရသေးလို့ ကွာနေတာ။ ကျော်ကြီးလည်း ခုမှ သက်ပြင်းချနိုင်သည်။

"အဲဒီနေ့ ကားငါးစီးထွက်တော့ ငါလည်း ချာကလည်ရိုက်သွားတာ၊ ဆောရီးကွာ သုတ"

"မလိုပါဘူးကွာ။ ငါ အပြင်သွားလို့ မင်း တစ်ယောက်တည်း မနိုင်ဖြစ်သွားတာ ငါလည်း နောက်ဆို မသွားတော့ပါဘူးကွာ"

"အသံကောင်း ဟစ်ပြန်ပြီ၊ သွားစရာမရှိလို့ မသွားတာကို များ"

"အေးကွာ ... အသည်းကွဲတဲ့ ဝေဒနာက တော်တော်ခံရခက်တယ်ကွာ၊ အလုပ်ထဲစိတ်နှစ်ဖို့ကြိုးစားလည်း မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တချို့ပြောတာကျတော့ စိတ်ကို အလုပ်ထဲနစ်ထားရင် သက်သာတယ်တဲ့"

"မရပါဘူးကွာ။ ငါတော့ နစ်လို့မရဘူး။ စိတ်နဲ့ကိုယ်နဲ့မ မကပ်တာ အလုပ်ဘယ်လိုလုပ်မလဲ"

"အေးပေါ့"

"ညနေ ဘီယာသွားချရအောင်ကွာ"

"ဘီယာသောက်တော့လည်း သောက်တဲ့ ခဏပဲ သက်သာ မှာပေါ့ကွာ။ ရေရှည် စိတ်သက်သာရာရမယ့် တစ်ခုတော့ လုပ်မှဖြစ်မယ်။ သုတ ... မင်းရည်းစားတစ်ယောက် အမြန် ထားကြည့်ပါလား။ One go, Two come ပေါ့ကွာ"

"ငါ့ရင်ထဲ နောက်တစ်ယောက် ထပ်ထည့်လို့ မရသေးဘူး ကွ"

"ဒါဆို မင်းကို ငါ အကြံတစ်ခုပေးမယ်၊ g-talk ပြော ကြည့်"

"Chatting လား"





"အေး ... အဲဒီမှာကွာ၊ မင်းပြောချင်ရာပြော။ သူ့ကိုယ် မသိ။ ကိုယ့်သူ မသိ။ ပေါက်ကွဲချင်သလောက် ပေါက်ကွဲ လို့လည်းရတယ်။ မျက်နှာမြင်ရတာမှ မဟုတ်တာ။ ကြူ ချင်သလောက်ကြူ။ အီချင်သလောက် အီ။ မကျေနပ်ရင် ဆဲပစ်လို့ ရတယ်ကွာ၊ အားလုံး အေးဆေး"

( * မိန်းကလေးတွေ သတိချပ်စေလို *)

"အေး ... မဆိုးဘူးကွ"

"တချို့ g-talk ပြောရင်း တကယ်ညက်သွားတာတွေလည်း ရှိတယ်ကွ။ မင်း နှလုံးသားကို အသစ်တစ်ဖန် ပြန်မမွေး ဖွားလာဘူးလို့ ဘယ်သူပြောမလဲ"

"အင်း ... စိတ်သက်သာလို သက်သာငြားပေါ့ကွာ"

ဒီလိုနဲ့ သုတလည်း လူငယ်တွေရဲ့ ထွက်ပေါက်ဖြစ် တဲ့ အင်တာနက်ကို အသုံးချဖို့ စဉ်းစားလိုက်တယ်၊ သူ့နောက် ကွယ်မှာတော့ Cupid ကလေး လက်မတစ်ဝက် ထောင်လိုက် သလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သုတသည် မိန်းကလေးနာမည်တွေ့သမျှ စကားလိုက်ပြောသည်။ Forward mail တွေ ရောက်လာတိုင်း ပါလာတဲ့ mail တွေမှန်သမျှလိုက် Add သည်။

ကြာလာတော့ ပြောတဲ့လူတွေ များလွန်းလို့ မှတ်တောင်မမှတ်မိတော့။ မှားပြီးပြောမိတာလည်း ခဏခဏ။

သို့သော် သုတသည် ကလေးလေးဆိုသော ဆယ့်ခြောက်နှစ်မလေးနဲ့ ပြောရတာကိုတော့ သဘောကျသည်။

ကောင်မလေးက တော်ကီတွေလည်း လန်းသည်။

ကြာလာတော့ သုတ , တခြားကောင်မလေးတွေနဲ့ မပြောဖြစ်တော့ဘဲ ကလေးလေးဆိုတဲ့ ကောင်မလေးနဲ့ပဲ ပြောဖြစ်တော့သည်။





ညတိုင်း ပြောဖြစ်ကြသည်။ ကလေးလေးက လည်တော့လည်သည်။ ဖုန်းခေါ်တော့လည်း မကိုင်။ ဓာတ်ပုံတောင်းတော့လည်း မပြပါ။ စာပဲရိုက်သည်။ ထို့ကြောင့် ရုပ်မမြင် သံမကြားရလေ မြင်ချင် ကြားချင်လေနှင့် သုတ ပျော်ဝင်နေသည်။

ကျော်ကြီးကို ပြောပြတော့ ...

"သုတရာ ရုပ်လည်းမမြင်ရ အသံလည်းမကြားရဘဲ စွဲလမ်းနေတယ်လို့ကွာ၊ တစ်ဖက်က အဲဒီကလေးလေးဆိုတာက မိန်းကလေးမဟုတ်ဘဲ ယောကျ်ားကြီးဆို ဘယ်လိုလုပ်မလဲ။ သေချာပါတယ်ကွာ။ ယောကျ်ားကြီးမို့လို့ မင်းနဲ့ ဖုန်းမပြောတာပေါ့ကွ။ ပြီးတော့ သူ့ပုံ ဘယ်လိုပြမလဲ"

"မင်းပြောတာလည်း ဖြစ်နိုင်တာပဲကွ။ ဒါပေမဲ့ကွာ သူက ကတ်သီးကတ်သတ်ကလေးတွေ ပတ်ချွဲနှပ်ချွဲလည်း ပြောတတ်တယ်ကွ၊ တစ်ခါတလေကျရင်လည်း လိုက်မမီတဲ့ တော်ကီအမြင့်တွေ အလန်းတွေ ပြောတတ်သေးတယ်။ ပြီးတော့ သီချင်းရူးလေးကွ။ ဟစ်ဟော့ကနေ ဘွဲ့တွေကြီးတွေအထိ ကြိုက်သတဲ့ကွာ၊ ယောကျ်ားလေးတော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးထင်တယ်။ ခံစားလို့တော့ ရတယ်ကွ။ မဖြစ်နိုင်ဘူး။ မိန်းကလေးမှ မိန်းကလေးပဲ”

“အင်း ... မင်းခံစားမှုကြီး မလွဲပါစေနဲ့ကွာ။ သုတ စိတ်တော့ သိပ်မနစ်နဲ့ကွ။ မင်းက ဂျူဂျူးအတွက် ခံစားရတာကို သက်သာချင်လို့ Chatting ဝင်တာ အစားထိုးတာ။ အစားထိုးမတတ်ဘဲ ထပ်ခံနေရမယ်နော်”

“အေးပါကွ”

❦ ○ ❦





“ကြီးကြီး ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ”

“ထုံးစံအတိုင်းပေါ့ အရှေးရယ်၊ အူကြောင်ကြားလေးတစ်ယောက်နဲ့ စကားပြောပြီး သဘောကျနေတာ။ အင်း ... ဒါလည်း အသက်ရှည်ဆေးပဲ”

“ကြီးကြီးတို့ကတော့ မနိုင်ဘူး”

“ဒီတစ်ယောက်ကတော်တော်ထူတာ အရှေးရဲ့။ Chatting ပါး မဝသေးဘူးနဲ့ တူပါတယ်။ တကယ်စားလို့ ကောင်းတယ်”

“ကြီးကြီးသားကောင် ဖြစ်သွားတယ်ပေါ့လေ”

“ဖုန်းတွေခေါ်တာဟယ် လုံးဝမကိုင်လည်း အမှတ်ကိုမရှိဘူး၊ တစ်ချိန်လုံး တဂွမ်ဂွမ်ပဲ။ ကြီးကြီးက ဘယ်လိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမလဲ အရှေးရဲ့။ ကြီးကြီးက ရှပ်သာနေတာ။ အသ
ကတော့ ဖုံးလို့မရတော့ဘူးလေ။ သိတယ်မို့လား၊ ပြီးတော့
စာရိုက်ပြီးသာ Chat ချင်တာပါ၊ ဖုန်းတော့ မပြောချင်ဘူး"

"တော်သေးတာပေါ့"

"ဟုတ်တယ်၊ ခါတ်ပုံကလည်း တောင်းမှတောင်း။ အယ
လိုပေးမလဲ။ ဒီပုံက ဆယ့်ခြောက်နှစ်နဲ့မှ မတူတော
တာ"

"ဟား ဟား ... ကြီးကြီးက ဆယ့်ခြောက်နှစ်က မတာ
သေးဘူးလား"

"အမြဲတမ်း ဆယ့်ခြောက်နှစ်ပဲလေ၊ သိတယ်မှလား"

"မနိုင်ဘူး၊ တို့ကြီးကြီးကို လုံးဝမနိုင်ဘူး"

"ဖွဲကောင်းတာကလည်း ပြိုင်စံရှားပဲတော်ရေ။ ခုဆို ကြီးကြီ
နဲ့ chat နေတာ ခြောက်လရှိပြီ။ နေ့စဉ်တစ်ရက်မှ မပျ
ဘူးနော်"

"ရှပ်မမြင် သံမကြားနဲ့"

"အေးပါဆို"





"အဲဒီကောင်လေးလည်း ဦးနှောက်မှ ကောင်းရဲ့လားမသိ
ဘူး"

"ခပ်ထူထူလေးပါဆို"

"အင်းပါ ... ဟုတ်ပါပြီ၊ ကဲ ... အရှေး စာသွားဖတ်တော့
မယ်နော်"

"အေး ... ဩော် ... အရှေး၊ မနက်ဖြန် မျှော်စင်ကျွန်းမှာ
ရှိုးပွဲရှိတယ်၊ လိုက်မလား"

"အရှေး ... အဲဒါတွေ စိတ်မဝင်စားပါဘူး ကြီးကြီးရယ်"

"ပြီးရော ... လက်မှတ်ပိုရထားလို့ ခေါ်တာပါ"

အရှေးက ဆယ့်ခြောက်နှစ်ကြီးကြီးကို ခြေရောလက်
ပါမြှောက်ကာ စာကြည့်ခန်းထဲ ဝင်ခဲ့လိုက်သည်။

အရှေးနဲ့ ကြီးကြီး နေရာချင်းတော့ လွဲနေပြီ။
ဟုတ်တယ်။ တော်တော်ကြီးကို လွဲနေတာ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သူတသည် ကလေးလေးကို အပြင်မှာတွေ့ဖို့ချိန်းနေသည်။

"ကလေးရယ် ... ကိုယ် ကလေးနဲ့တွေ့ချင်တယ်ကွာ။ ကိုယ် ဒီတစ်သက် ကလေးနဲ့မတွေ့ရရင် ရူးသွားလိမ့်မယ်"

"ရူးရုံပဲလား။ တချို့ဆို ကလေးကို မတွေ့ရရင် သေတောင် သေသွားနိုင်တာတဲ့။ ကိုသုက ရူးရုံပဲဆိုရင်တော့ အခြေအနေ ကောင်းပါသေးတယ်"

"စကားတောင်စားမလေး ကလေးကိုတော့ ကိုယ်နိုင်အောင် မပြောနိုင်ပါဘူး။ ဒါပေမဲ့ ကိုယ် တကယ်ရူးသွပ်နေတာ ကလေးရဲ့"

"အဟင်း ... ကိုသုရယ်၊ ကလေးက ရုပ်ဆိုး သွားခေါ မျက်လုံးပြူး အသားမည်းဆိုရင်ရော တွေ့ချင်တာပဲလား"





"ကိုယ့်ရဲ့ ဆန္ဒမအားရုံမှာ ကလေးက အရမ်းကို ချစ်စရာ ကောင်းနေပြီသားပါကွာ"

"အဟင်း ... တစ်နေ့နေ့တော့ တွေ့ရမှာပေါ့ ကိုသုရယ်"

"ကလေးနာမည်အရင်းလေး မသိရဘူးလား"

"Name ဆိုတာ ပညတ်ချက်တွေပါ ကိုသုရယ်၊ သိရတော့ရော ဘာပိုထူးလာမှာမို့လဲ၊ ဒါပဲနော် ကိုသု။ ဖွဒ်နိုက် ... အိပ်ချင်လာပြီ။ အိပ်တော့မယ်"

❦ ၀ ❦



www.burmeseclassic.com

www.burmeseclassic.com



Cupid စိတ်ညစ်ရမယ့်ကိစ္စတစ်ခု ပေါ်လာပြန်သည်။

အရှေးက ကောဂင်းပြီးတော့ ဖေဖေ့ရဲ့ Tour ကုမ္ပဏီ မှာ အလုပ်ဝင်သည်။

ဖေဖေသည် အံ့အားသင့်နေခဲ့သည်။ အရှေး ဝတ် စားပုံနဲ့ အရှေး သူ့အလုပ်ကို စိတ်ဝင်စားမယ်လို့ ဖေဖေ ထင် မရ။

ဖေဖေ့အလုပ်က နိုင်ငံခြားခရီးစဉ်တွေ စီစဉ်ပေး တာရှိသလို မြန်မာပြည်လာသော နိုင်ငံခြားသားတွေအတွက် ဆောင်မှုပေးရတာလည်းရှိသည်။ အထူးသဖြင့် နိုင်ငံခြားနဲ့အ ဆက်သွယ်လုပ်ကိုင်နေရသော အလုပ်မို့ အရှေး စိတ်ဝင်စားမ မထင်ခဲ့။





သူ့အလုပ်ထက်စာရင် သူမကြီးတော်ကြီးရဲ့အလုပ် ကို စိတ်ဝင်စားမည် ထင်ခဲ့သည်။ မိန်းကလေးဆိုတော့ အိတ်ဆိုင် ကိုပဲ ဆက်ခံမည် ထင်ခဲ့တာ။

ခုလို အရှေးက သူ့အလုပ်ကို စိတ်ဝင်စားတော့ သူ့မှာ ကျေနပ်ရပါသည်။

အရှေးသည် မိန်းကလေးဆိုတော့ ဖေဖေ့ထက်ပိုပြီး အသေးစိတ် စေ့စပ်သေချာနိုင်သည်။

ဝန်ထမ်းတွေ ကိုင်တွယ်တာ။ စာရင်းဇယားတွေ ကြည့်ရှုစစ်ဆေးတာကအစ၊ လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲတာ အဆုံး ကောင်းကောင်းလုပ်နိုင်သဖြင့် ဖေဖေက သဘောကျနေ သည်။

ခုချိန်မှာ အရှေး ဆေးကျောင်းမတက်ခဲ့တာကိုတောင် အပြစ်မမြင်တော့။

အရှေးသည် တစ်ဦးတည်းသော သမီးမို့ မိဘအမွေ ကို ဆက်ခံရမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးသာ ဆရာဝန်တစ်ယောက်ဆိုရင် ဒီအလုပ်တွေကို နားလည်မှာမဟုတ်။

သမီးဖြစ်သူကို ဆရာဝန်တစ်ယောက် ဖြစ်စေချင်သော်လည်း တကယ်တော့ ဆရာဝန်ဖြစ်ရမယ့် အနေအထား မဟုတ်။

ခုမှ ကောင်းကောင်းကြီး သဘောပေါက်ကာ ပီတိဖြစ်နေမိသည်။

နိုင်ငံခြားသားတွေက သမီးရဲ့ မြန်မာဆန်မှုကို အမြဲချီးကျူးလေ့ရှိတော့ သမီးကို ပုံတုံးတယ်လို့ မမြင်မိတော့။

ဒီလိုဆိုတော့လည်း လောကကြီးက ကျေနပ်စရာပင်။

သမီးသည် နိုင်ငံခြားခရီးစဉ်တွေ သွားရင်တောင် စကတ် ဘောင်းဘီတွေ မဝတ်ဘဲ မြန်မာ့ရိုးရာ ချိတ်လုံချည်နဲ့ ရင်ဖုံးအင်္ကျီပဲ ဝတ်တတ်သည်။ တကယ်တော့ အဖိုးတန် မြန်မာ့အမျိုးသမီးလေးပါပဲ။

အရှေး ဖခင်အတွက် အဆင်ပြေနေသလောက် Cupid အတွက် အဆင်မပြေဖြစ်နေသည်။





အရှေးအလုပ်က ယောက်ျားလေးအများစုနဲ့ ဆက်သွယ်ရသောအလုပ် မဟုတ်ပါလား။

အရှေးတို့ကုမ္ပဏီကဝန်ထမ်းတွေကလည်း ယောက်ျားသားများသည်။

မိန်းကလေးက ရုံးဝန်ထမ်းလောက်ပဲရှိကာ Guide အကုန်လုံးကလည်း ယောက်ျားလေးတွေချည်းဖြစ်သည်။

အရှေးတို့ကုမ္ပဏီမှာ အမျိုးသမီးဧည့်လမ်းညွှန် လုံးဝ မှုထားပါ။

ဘာပဲဖြစ်ဖြစ် ဧည့်လမ်းညွှန်ဆိုတာ တစ်နိုင်ငံလုံး လှည့်လည်သွားရတာဖြစ်ပြီး နိုင်ငံပေါင်းစုံက လူမျိုးကွဲမျိုးစုံကို ဝန်ဆောင်မှုပေးရတာ ဖြစ်သည်။

လူမျိုးစုံတော့ စရိုက်မျိုးစုံ၊ အကျင့်မျိုးစုံ၏။ အမျိုးသမီးဧည့်လမ်းညွှန်တွေနဲ့ ဧည့်သည်တွေ ဖယားရှုပ်မှာစိုးသဖြင့် အမျိုးသားဧည့်လမ်းညွှန်ချည်းသာ ခန့်ရခြင်းဖြစ်သည်။ ထို့အတွက် အရှေးတို့ကုမ္ပဏီက နာမည်ပျက်မရှိဘဲ သတင်းမွှေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပိုင်းမှာ အရမ်းအောင်မြင်သလို အရေးသည်လည်း Most Popular ဖြစ်လာသည်။

ကုမ္ပဏီက ဝန်ထမ်းတွေ ပါးစပ်ဖျားမှာရော၊ စီးပွားရေးလောကမှ အမျိုးသားကြီးငယ် ရွယ်လတ်တို့ကြားမှာရော အရေးက Queen ဖြစ်နေသည်။

အရေးနားသို့ ချဉ်းကပ်လာသော ယောကျာ်းလေးတွေမှာ ဝိုင်းဝိုင်းလည်နေသည်။ ထို့အတွက် Cupid စိတ်ညစ်နေရခြင်းဖြစ်သည်။

နဂိုတည်းကမှ အရေးနဲ့သုတကို စွဲစေ့ပေးဖို့ မလွယ်ရပါရက် အဖျက်အမှောက်တွေ ဝင်လာသလိုပဲ။

သုတနဲ့ ဂျူဂျူးကိစ္စတုန်းကတော့ ဂျူဂျူးကို ထင်မင်းဘက် တွန်းပို့လိုက်ခြင်းဖြင့် ဖြေရှင်းလို့ရခဲ့သည်။

ယခုတစ်ခါ အရေးနားမှာ ဝိုင်းနေတဲ့ သကောင့်သားတွေကို အရေး မျက်စိမကျအောင် ဘယ်လိုလုပ်ရပါ့။

အရေးနားက ယောကျာ်းတွေဟာ အရေးနဲ့ အင်မတန်မှ အကြိုက်စရိုက် ကိုက်ညီသော ရှေ့သွားနောက်လိုက်ညီလှသူ





တွေပါ။ အရေး တစ်ယောက်ယောက်ကို မကြိုက်မိအောင် ဘယ်လိုကာကွယ်ရပါ့။

ညစ်ပါဘိကွယ်။

Cupid စိတ်ညစ်နေပုံက သနားစရာပါလားနော်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



Cupid ဆုတောင်း မပြည့်ပါ။ အရွေးသည် အရွေးတို့နှင့်ပြိုင်ဘက်ကုမ္ပဏီမှ သစ်ခဇော်ဆိုသော ငနဲသားကို အရွေးပေးလှသည်။

သစ်ခဇော်သည် ငယ်ငယ်ရွယ်ရွယ်နဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားရေးလမ်းညွှန်စာအုပ် ထုတ်ဝေသည့်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း စသဖြင့် လုပ်ငန်းများစွာကို တည်ထောင်လုပ်ကိုင်နေသူဖြစ်သည်။

သစ်ခဇော်၏မိဘတွေက ရွှေကုန်သည်တွေဖြစ်သော်လည်း သစ်ခဇော်ကတော့ ရွှေဆိုင်နှင့် ရွှေလုပ်ငန်းကို စိတ်မဝင်စား။

နိုင်ငံခြားမှာ စီးပွားရေးနဲ့ စီမံခန့်ခွဲမှုပညာရပ်တွေဖြင့် ကျောင်းပြီးလာသော သစ်ခဇော်မှာ ကျောင်းပြီးလို့ မြန်မာ





ပြည်ပြန်လာတော့ ဟိုမှာရှိသော သူငယ်ချင်းများ၏ အကူညီကြောင့် ရန်ကုန်ရောက်တော့ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ ထောင်လိုက်တာပင်။

နိုင်ငံခြားမှာ မြန်မာပြည်သို့လာသော ခရီးသွားတွေအတွက် ဝန်ဆောင်မှုပေးသလို ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် သွားလိုသော မြန်မာနိုင်ငံသားများအတွက်လည်း ဝန်ဆောင်မှုပေးသည်။ နိုင်ငံခြားသို့ အလုပ်သွားလုပ်ချင်သူတွေ ကျောင်းသွားတက်ချင်သူတွေအတွက်လည်း ဝန်ဆောင်မှုပေးသည်။

အသက်ငယ်ငယ်နဲ့ အောင်မြင်သဖြင့် စီးပွားရေးလောကမှာ သူ့ကို နာမည်ပြောင်ပေးထားကြသည်။ Little Tiger တဲ့။ စီးပွားရေးလောကရဲ့ ကျားပေါက်လေး။

ထို့ကြောင့် သစ်ခဇော် ဆိုသော ယောကျ်ားနားမှာလည်း သမီးရှင်တွေ၊ ချောပေ့ လှပလွန်းပေ့ လန်းပေ့ ဆိုသော မိန်းကလေးတွေ အရောင်စုံလှပါသည်။

သို့သော် သစ်ခဇော် ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။ အရွေးကျမှ စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ သူ အရှေးကို စိတ်ဝင်စားခဲ့တယ်။ အရှေးက တခြားမိန်းကလေးတွေလို မဟုတ်။ အရှေးက သူ့နား မှာရှိနေသော မိန်းကလေးတွေလောက် မလှပါ။ သို့သော် ယဉ်သည်။ သူ့နားမှာရှိနေသော မိန်းကလေးတွေလောက် မလန်းပါ။ သို့သော် တည်ငြိမ်သည်။ သူ့နာမှာရှိသော မိန်းမလှလေးတွေ လို မပူလောင်ပဲ အေးချမ်း၏။

ပြီးတော့ အရှေးဟာ ရိုးရိုးယဉ်ယဉ် ဝတ်စားထားပေမယ့် သန့်ပြီး သားနားသည်။ ဂုဏ်ဝင်ဆန်သည်။ ထို့ကြောင့် အရှေးကို သဘော သူ သဘောကျခြင်းဖြစ်သည်။

ထက်ထက်မြက်မြက်ရှိသော အရှေးဟာ သူနဲ့ တကယ်ကို ရှေ့သွားနောက်လိုက် ညီနိုင်မည့် လက်တွဲဖော်မျိုးပင်။ သူ လက်ထပ်သင့်သည့် မိန်းကလေးမျိုးဟာ အရှေးလို မိန်းကလေးမျိုးပဲဟု သဘောပေါက်ကာ အရှေးနားကို ရောက်အောင်ချဉ်းကပ်ခဲ့သည်။

သို့သော် သူနဲ့ အရှေးတို့ဟာ လုပ်ငန်းတူပြိုင်ဘက်တွေဖြစ်နေတော့ အရှေးက သူ့ကို မယုံကြည်ဘဲ သတိနဲ့ဆက်ဆံနေသည်။





အရှေးနားကို ရောက်ဖို့က တော်တော်အချိန်ယူရမည်ဖြစ်သည်။

သစ်ခဖော်လို အရည်အချင်းပြည့်သော ယောကျ်ားကို အရှေးကလည်း သဘောကျသည်။

သို့သော် သစ်ခဖော်က အင်မတန်လည်သည်။ ပြိုင်ဘက်ဖြစ်သော အရှေးကို အကွက်ရှေ့သွားမှာစိုးသဖြင့် အရှေးက သစ်ခဖော်ကို လုံးဝမယုံတာပါ။ သတိဆိုတာ ပိုတယ်မရှိဘူးလေ။ ပြီးတော့ သစ်ခဖော်နားမှာ အရှေးထက် အဆတစ်ရာသာသော မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေတာ။ အဲဒီကြားကမှ အရှေးကို လာရောနေတဲ့သူကို အရှေး ဘယ်လိုယုံမလဲ။

အရှေး အသည်းမကွဲချင်ဘူးကွယ်။ အသည်းကွဲမခံနိုင်တဲ့သူဟာ ချစ်လည်း မချစ်သင့်ဘူးလေ။ ဒီလိုနဲ့ပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အရေးနဲ့ သစ်ခဇော်တို့က ပြိုင်ဘက်ကုမ္ပဏီတွေဆိုတော့ တစ်ယောက်ခြေလှမ်း တစ်ယောက်စောင့်ကြည့်နေကြရင်းနဲ့ တစ်ယောက်အကြောင်း တစ်ယောက်သိကာ မိတ်ဆွေတွေတော့ မဖြစ်ခဲ့ကြဘူး။

ဒါပေမဲ့ ညှော်ခံပွဲတစ်ခုမှာ ပွဲရှင်ရဲ့မိတ်ဆက်ပေးမှုကြောင့် သူတို့ တရားဝင် အသိဖြစ်သွားကြသတဲ့။

ဘယ်ညှော်ခံပွဲဖြစ်ဖြစ် အရေးက မြန်မာဝတ်စုံနဲ့ပဲတက်လေ့ရှိတယ်။

ညစာစားပွဲ ဒင်နာပါတီ ဘာပွဲမဆို မြန်မာဝတ်စုံပဲဝတ်သည်။

အမျိုးသမီးတွေ ကကြတဲ့ပွဲမှာ အရေးက အချိုရည်သောက်ပြီး ပြုံးပြုံးလေး ထိုင်ကြည့်လေ့ရှိတယ်။





ထို့ကြောင့် တချို့အမျိုးသမီးတွေကတော့ အရေးကို တမင်စတိုင်လ်ထုတ်တယ်ဟု အတင်းစကား ပြောကြသည်။

အရေးကို တုံးတယ်လို့တော့ ဘယ်သူမှမမြင်။ စီးပွားရေးလောကမှာ ဝင်ဆန့်နိုင်တဲ့ မိန်းမတစ်ယောက် ခပ်တုံးတုံးမှ မဖြစ်နိုင်တာ။

ယောကျ်ားလေးအများစုကတော့ သဘောကျကြသည်။ ထိုအထဲမှာ သစ်ခဇော်က ထိပ်ဆုံးကဖြစ်သည်။

ပထမတော့ သစ်ခဇော်သည် အရေးကို တကယ်ချစ်တာ မဟုတ်ဘဲ အရေးရဲ့ပုံစံကို သဘောကျတာဖြစ်သည်။

သူ့နားမှာ ဝိုင်းနေသော ကာလာစုံမိန်းမတွေကြားထဲမှာ အရေးလိုပုံစံမျိုး မရှိသေး။ ထို့ကြောင့် အရေးသည်လည်း သူ့ကို ကြွေစေချင်တာဖြစ်သည်။

သို့သော် အရေးက သူ့နားက မိန်းမတွေနဲ့မတူမှန်း သူ တဖြည်းဖြည်း သိလာခဲ့သည်။

အရေးရဲ့တည်ငြိမ်အေးချမ်းမှု၊ ထက်မြက်မှုတွေကို သဘောကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးကလည်း သစ်ခဖော်ကို သဘောကျပါသည်။ ဒါပေမဲ့ ဘယ်သူမှ မရိပ်မိစေရ။ မြန်မာမိန်းကလေးတို့ဣန္ဒြေကို ရှေ့မပြောနဲ့ စိန်ပေးလို့တောင် မရစေရ။ အရှေးကိုယ်အရှေး ပြောတာပါ။ တခြားမိန်းကလေးတွေ အတွက်တော့ စပွန်ဆာရှိမှ လူရာဝင်တယ်လို့ ထင်နေတဲ့သူတွေကို မပြောပါ။

ဒီလိုနဲ့ အရှေးနဲ့ သစ်ခဖော်တို့ မိတ်ဆွေအဖြစ် ရှိနေကြသည်။

များသောအားဖြင့် လုပ်ငန်းပြိုင်ကြတဲ့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချောက်ချ၊ ဖြတ်ခုတ်၊ ခြေထိုးခံတာတွေ ရှိတတ်ကြသည်။ သို့သော် အရှေးတို့၊ သစ်ခဖော်တို့လို ကုမ္ပဏီကြီးတွေကျတော့ အဲလိုမဟုတ်။

ကိုယ့်လုပ်ငန်းကို ကိုယ်ကောင်းသထက်ကောင်းအောင် ကြိုးစားရင်း သူများထက်သာအောင် ကြိုးစားပြိုင်ကြတာဖြစ်သည်။

သူများခြေချော်သွားမှ ကိုယ်နိုင်တဲ့ အနိုင်ဟာ ဘယ်လိုလုပ် အနိုင်အစစ်ဖြစ်မှာလဲ။





သစ်ခဖော်နဲ့ အရှေးတို့ဟာ ဂုဏ်သိက္ခာပိုင်းမှာလည်း တန်းတူ တစ်ပြေးသည်။

ထို့ကြောင့် သူတို့တွေဟာ တစ်ယောက်ကိုတစ်ယောက် လေးစားကြသေးသည်။

နောက်ပိုင်းမှာတော့ သစ်ခဖော်ဟာ အရှေးကို တစိမ့်စိမ့် မြတ်နိုးလာကာ တကယ်ချစ်လာခဲ့တော့သည်။

သူလက်ထပ်သင့်သည့် မိန်းမဟာ အရှေးလို့ သေချာတဲ့တစ်နေ့မှာ သူ အရှေးကို 'ချစ်ရေးဆိုလိုက်သည်။

သို့သော် အရှေးက သူ့ကိုမယုံပါ။ စီးပွားရေးလောကမှာ ယုံလွယ်တတ်သူက ခံရတာ များသည်လေ။

သစ်ခဖော်ကလည်း အရှေး မယုံတာကို သဘောပေါက်ပါသည်။ နားလည်သည်။ ဒီလိုနဲ့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရှေးဆီသို့ သစ်ခဇော် ဖုန်းဆက်လာ၏။

"အရှေး ... ဒီဆန်းဒေး ဘာလုပ်စရာရှိလဲ"

"ဘာကိစ္စရှိလို့လဲ ကိုသစ်ခဇော်"

"အရှေး အားတယ်ဆိုရင် ကိုယ် နေ့လယ်စာကျွေးချင်လို့"

"ဘာအတွက်လဲ"

"ပြောစရာရှိလို့"

"ဘာလဲ ... ထမင်းကျွေးပြီး ရည်းစားစကားပြောမလို့လား"

"မဟုတ်ဘူး။ ရည်းစားစကား မဟုတ်တာ သေချာတယ်"

"စိတ်ဝင်စားစရာပဲ။ အိုခေလေ"

ဒီလိုနဲ့ သစ်ခဇော်နဲ့ အရှေးတို့ ဆီဒိုးနားမှာ နေ့လယ်စာ စားဖြစ်ကြသည်။





အရှေးသည် သစ်ခဇော်ကို အသေးစိတ် အကဲခတ်နေသလို သစ်ခဇော်ကလည်း အရှေးနည်းတူပင်။

သစ်ခဇော်က မီနူးကတ်ကို အရှေးဆီချပေးကာ ...

"အရှေး ကြိုက်တာမှာ"

"ကိုသစ်ခဇော် စားချင်တာမှာပါ"

အရှေးက သွေးတိုးစမ်းလိုက်သည်။

"ကိုယ်က ပြီးမှမှာမယ်။ အရှေး အရင်ကြည့်လိုက်လေ။ ကြိုက်တာစား။ ကိုယ်လည်း ကိုယ်ကြိုက်တာမှာမှာ။ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း မတူနိုင်ဘူးလေ"

အရှေး သဘောကျသွားသည်။ အရှေးသည်လည်း ကိုယ်မကြိုက်တာချည်းကို လိုက်ပြီးကြိတ်မှိတ်မစားနိုင်ဘူးလေ။

စားစရာမှာပြီးတော့ ...

"ကိုသစ်ခဇော် ဘာပြောမလို့လဲ"

"အရင်ပြောရမလား။ စားရင်းပြောမလား"

"ခုမှ မှာထားတာဆိုတော့ ကြာဦးမှာ။ စောင့်ရင်း နားထောင်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ"

သစ်ခဇော်က ခံတွင်းရှင်းရန် ရေတစ်ငုံသောက်လိုက်ပြီး ...

"ကိုယ် အရှေးကို တကယ်ချစ်တယ် ...

ရည်းစားစကား မဟုတ်ပါဘူး။ ဘဝအတွက် အလေးအနက်ထားပြီး ပြောတာပါ။ အရှေးက ကိုယ့်အချစ်ကို မယုံနိုင်ဘူး ဖြစ်နေတယ်မို့လား။ အရှေးယုံအောင် ကိုယ် သက်သေပြပါမယ်။ ကိုယ် အရှေးကို ..."

သူက ဆက်မပြောသေးဘဲ ကတ္တီပါဘူးလေး ထည့်ထားသော စိန်လက်စွပ်ကို အရှေးရှေ့ချပေးရင်း ...

"လက်ထပ်ပါရစေ"

အရှေးလည်း ရုတ်တရက် မထင်ထား၍ ရှောခ်ရသွားသည်။

"ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ အရှေး။ ကိုယ် အရှေးကို တကယ်ကို မြတ်မြတ်နိုးနိုး ချစ်တာပါ"





အရှေးသည် ကြားရတဲ့စကားတွေကို မယုံနိုင်အောင် ဖြစ်နေသည်။ သူ တကယ်လား။ စိန်လက်စွပ်ကတော့ ရတီကိုက် အဖိုးတန်ပဲ။ ဒီလက်စွပ်တန်ဖိုးကို သိနေသော အရှေးက လက်စွပ်တစ်ကွင်းတော့ မရင်းလောက်ပါဘူးဟုလည်း တွေးမိကာ ယုံချင်ပြန်သည်။

"အရှေးရယ် ... ခုထိတောင် ကိုယ့်ကိုမယုံသေးဘူးလား။ အရှေးမျက်နှာမှာ မယုံသေးတဲ့အရိပ်တွေ ကိုယ်တွေ့နေရတယ်ကွာ"

အရှေးက ဘာမှပြန်မပြောသေး။ မှာထားသောစားစရာတွေ လာချပေးနေသဖြင့် သူတို့ စကားစပြတ်သွားသည်။ ပြီးမှ ...

"အရှေး မယုံသေးရင် ကိုယ့်မိဘတွေ ခေါ်လာပြီး လာတောင်းရမလား"

"အရှေးကို ဘာလို့ချစ်တာလဲ"

"ပထမတော့ ကိုယ် အရှေးကို သဘောကျတာ။ နောက်တော့ မြတ်မြတ်နိုးနိုးကို ချစ်မိသွားတာပဲ။ ဘာလို့ချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ ကိုယ်မသိဘူး။ ခုချိန်မှာ အရှေးကိုမှ လက်မထပ်ရရင် ရူးမလို ဖြစ်နေတယ်။ အရှေးမယုံရင် ကိုယ့်မိဘတွေ ခေါ်လာပြီး တစ်ခါတည်း လာတောင်းရမလား"

"နေပါဦး ကိုသစ်ခဇော်၊ အရှေးက ကိုသစ်ခဇော်နဲ့ ပတ်သက်ပြီး ဘာမှမစဉ်းစားရသေးဘူး။ အရှေး လေးလေးနက်နက် စဉ်းစားကြည့်ပါဦးမယ်"

"ကြာမှာလား အရှေး"

"အဲဒါတော့ မပြောတတ်ဘူး ကိုသစ်ခဇော်"

"အိုခေလေ ... ကိုယ် စောင့်ပါ့မယ်၊ စဉ်းစားနေစဉ်ကာလမှာ ကိုယ်တို့ မကြာခဏ Lunch အတူစားခွင့်ရှိမလား"

"တစ်ခါတစ်ရံတော့ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကတစ်မျိုးတစ်မည် မြင်လောက်အောင် မကြာခဏ တွဲသွားတွဲလာတော့ မလုပ်ချင်ဘူး"

"အိုခေ ... ကိုယ် သဘောပေါက်တယ်၊ ကိုယ် အရှေးကို အဲဒါတွေကြောင့် ပိုပြီးတန်ဖိုးထား မြတ်နိုးသွားတာဖြစ်မယ်"





"ပြောသာပြောတာ။ အရှေးတို့ တကယ်တမ်း တစ်ယောက်အကြောင်း တစ်ယောက် အပေါ်ယံပဲ သိကြသေးတာနော်။ အဓိကကျတာက လက်ထပ်ကြမယ်ဆိုရင် စိတ်ချင်း ထပ်တူကျဖို့ ပိုအရေးကြီးတယ် ကိုသစ်ခဇော်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သစ်ခေါ်ရဲ့အချစ်ကို ယုံကြည်မှုရှိလာသော အရှေးဟာ သစ်ခေါ်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်။

တကယ်တမ်း အရှေးကလည်း သူ့ကို သဘောကျနေတာလေ။ သူက လှည့်ကွက်ဆင်သွားမှာစိုး၍သာ အရှေးက မယုံရဲတာ။

သို့သော် လက်ထပ်တယ်ဆိုရင် တစ်ယောက်အကြောင်း တစ်ယောက်သိပြီး တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောထားချင်း တိုက်ဆိုင်မှ လက်ထပ်သင့်တယ်လေ။ အထူးသဖြင့် သစ်ခေါ်လို ကိုယ့်ခြေကိုယ့်လက်နဲ့ အောင်မြင်နေတဲ့ သူတစ်ယောက်ဟာ မာန်တော့ တက်မှာပဲ။ လောကမှာ ပြီးပြည့်စုံတဲ့သူတော့ ရှိမှာမဟုတ်ဘူးလေ။





ထို့ကြောင့် အရှေးဟာ သစ်ခေါ်ကို ချက်ချင်းလက်မထပ်သေးပဲ စေ့စပ်ထားပြီး လေ့လာဖို့ ဆုံးဖြတ်လိုက်သည်။

အရှေးရဲ့ဆုံးဖြတ်ချက်အတွက် Cupid စိတ်ညစ်နေသည်။

အရှေးရွေးချယ်တဲ့ သစ်ခေါ်ဆိုတာ သုတရွှေအိုးနဲ့ ဘယ်လိုမှ ယှဉ်မရအောင် အဘက်ဘက်မှာ သာနေသည်။ အရှေးဘေးက သစ်ခေါ်ကို ဘယ်လိုပ,ထုတ်ရမလဲ မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"အရှေး ... စောင့်နေတာ ကြာပလား"

"ဪ ... ကိုသစ်ခဇော်။ ကိုသစ်ခဇော်ကို အရှေးစောင့်နေတာ ဆယ်မိနစ်ကြာသွားပြီ"

"ဆောရီးကွာ၊ ထွက်လာကာနီးမှ ကိစ္စပေါ်လာတာနဲ့"

"ရပါတယ်။ အရှေးကတော့ မှာပြီးပြီ။ ကိုသစ်ခဇော် ဘာစားမလဲ"

အရှေးက မီနူးပေးလိုက်သည်။ သစ်ခဇော်က စားစရာမှာပြီး ...

"အရှေး ... ကိုယ့်ကို အဖြေပေးမှာနော်"

"အင်း"

"ဘယ်လိုလဲ၊ ကိုယ် မေမေတို့ခေါ်ပြီး လာတောင်းရတော့မလား"





"အင်း"

"ဟာ ... တကယ်နော် အရှေး၊ ကိုယ် ဝမ်းသာလိုက်တာကွာ။ ကိုယ်တို့ အခမ်းနားဆုံး လက်ထပ်ကြမယ်နော် အရှေး။ မိန်းကလေးတွေက မင်္ဂလာပွဲကို ခမ်းခမ်းနားနားလုပ်ရတာ ကြိုက်တယ်တဲ့။ အရှေး စိတ်ကြိုက်လုပ်နော်"

"နေပါဦး ကိုသစ်ခဇော်ရယ်"

"အဲဒီ ကိုသစ်ခဇော်ကိုလည်း ပြင်ဦး၊ နေဦး ... နေဦး ... အခိုက မေးရဦးမယ်။ အရှေး ကိုယ့်ကို ချစ်လား"

"အင်း"

"ဟား ... ပျော်လိုက်တာကွာ အရှေး။ ကိုယ်ချစ်တဲ့သူဆီက အဖြေရတာ တော်တော်ပျော်စရာကောင်းတာပဲကွ"

"အဟင်း"

"အရှေး ... ကိုယ့်ကို ဘယ်လိုခေါ်မလဲ။ အဟဲ ... အခေါ်အဝေါ်လေး ပြောင်းရအောင်။ ကိုယ်ဟာ အရှေးကို သဲလို့ခေါ်မယ်"

"ကိုသစ်ခဇော်က ဘယ်လိုခေါ်စေချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရှေး ရင်ထဲက ခေါ်ချင်တဲ့အတိုင်းခေါ်တာ ခံချင်တယ်"

"ကိုသစ်လို့ ခေါ်မယ်လေ"

"အင်း ... သဲ၊ ကိုသစ် မနက်ဖြန် မေမေတို့ခေါ်ခဲ့မယ်။ သဲ ဒီည အိမ်မှာကြို့ပြောထားလိုက်"

"နေပါဦး ကိုသစ်ရယ်။ သဲ ပြောပါရစေဦး။ သဲကလေ လောလောဆယ် လက်မထပ်ချင်သေးဘူး။ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့။ အိမ်ထောင်တစ်ခုကို အလောတကြီး မတည်ဆောက်သင့်ဘူးလို့ သဲ ထင်တယ်လေ။ ဒီတော့ သဲတို့ အရင်စေ့စပ်ထားပြီး တစ်ယောက်နဲ့ တစ်ယောက် လေ့လာကြရင် မကောင်းဘူးလား။ ချစ်တာလည်း ချစ်တာပေါ့ ကိုသစ်ရယ်၊ ချစ်တိုင်း လက်ထပ်နိုင်တာမှ မဟုတ်တာ။ ပြီးတော့ စေ့စပ်ထားတော့ တွဲသွားတွဲလာလုပ်ဖို့လည်း သင့်တော်တာပေါ့"

"ကိုသစ်က သဲကို ပိုင်ချင်နေပြီ၊ အေးလေ ... သဲပြောတာလည်း ကောင်းပါတယ်။ ဒါဆို စေ့စပ်ဖို့ပဲ အရင်စီစဉ်ကြတာပေါ့"





ဒီလိုနဲ့ အရှေးနဲ့ သစ်ခဗော်တို့ စေ့စပ်ဖြစ်သွားကြသည်။ Cupid စိတ်တွေ ညစ်နေသည်။ ဒီအိမ်ထောင်ရေးကျမှ ဘာတွေ ကမောက်ကမ ဖြစ်နေမှန်းမသိ။

သစ်ခဗော်နဲ့ အရှေးကို နှစ်ဖက်မိဘတွေကလည်း သဘောတူကြသည်။

အပေါင်းအသင်းတွေကလည်း အားပေးကြ၏။ သို့သော် သစ်ခဗော်နားက မဒီတွေနဲ့ အရှေးနားက ကိုကိုတွေကတော့ မရှုစိမ့်ကြ။

သစ်ခဗော်နဲ့ အရှေးတို့ စေ့စပ်သတင်းကို ကျော်ကြီးနဲ့ သုတရွှေအိုးလည်း သတင်းစာမှတစ်ဆင့် သိလိုက်ရပါသည်။

စေ့စပ်တာတောင် သူများလက်ထပ်သလို ဟိုတယ်မှာ ပွဲကြီးလမ်းကြီးနဲ့ အကြီးအကျယ် ကျင်းပတာဖြစ်သည်။

သုတရွှေအိုးက ဘယ်လိုမှတ်ချက်ချတယ် ထင်သလဲ။

"အရှေးလို မိန်းမမျိုးကို ဒီလိုစေ့စပ်ပေးတဲ့ယောက်ျားရှိသေးတယ်၊ အံ့သြတယ်ကွာ။ ပုံမလာ ပန်းမလာကိုများ"



www.burmeseclassic.com

www.burmeseclassic.com



အရှေးစေ့စပ်ပွဲကိစ္စနဲ့ ပတ်သက်ပြီး ကျော်ကြီးနဲ့ သူတတို့ အငြင်းပွားကြသေးသည်။

"အရှေးက အဖိုးတန်မိန်းကလေးပဲကွ။ မြန်မာမျက်လုံးနဲ့ ကြည့်ရင် အရှေးဟာ တကယ်မြန်မာဆန်တဲ့ မိန်းမပဲ။ ဥပမာကွာ ... ကုလားမတွေ ဆာရီဝတ်တာကို ငါတို့က လှတယ်မထင်ပေမယ့် ကုလားတွေကတော့ ရိုးရာဝတ်စုံ ဝတ်ထားတဲ့ မိန်းကလေးတွေအဖြစ် တော်တော်သဘောကျ မှာကွ။ အဲလိုပဲ အရှေးကိုလည်း မြန်မာအမျိုးသားတွေ သဘောကျတာ မဆန်းပါဘူး။ ခေတ်ရှေ့ တစ်လန်လောက် ပြေးပြီး အဖော်အဟိုက် အတိုအပြတ်တွေကြားမှာ မြန်မာ ဆန်တဲ့ အရှေးက ထင်းနေတာပဲလေကွာ"

"ငါကတော့ မကြိုက်တတ်ဘူး ကျော်ကြီး"





"မင်းက ခေတ်ရှေ့ပြေးနေတဲ့ကောင် ဆိုတော့ ဘယ်သဘော ကျမလဲ"

"ဟုတ်တယ်ကွာ၊ ဘယ်လိုပဲပြောပြော ငါ ကိုယ်တိုင်က အလန်းပဲ နေချင်တာဆိုတော့ ကောင်မလေးတွေဆိုလည်း လန်းမှ ... လန်းမှကြိုက်တယ်"

"အေးပါကွာ၊ မင်းကြိုက်တဲ့ အလန်းလေးတွေနဲ့ တွေ့ပါစေလို့ ဆုတောင်းပါတယ်"

"အင်း ... ငါ့ကလေးလေးကို အပြင်မှာ မြင်ဖူးချင်လိုက်တာကွာ။ ကလေးလေးက တော်တော်လန်းမှာကွ။ ဒိုင်တွေကလည်း လန်းသလားမမေးနဲ့"

"မင်းတို့ Chat နေတာ တော်တော်ကြာပြီ။ ခုထိ အသံလေးတောင် မကြားရသေးဘူးလား"

"ဟင့်အင်း"

"ဒါဆို မင်းဟာကြီးက တစ်ခုခုမှားနေပြီ ထင်တယ်"

"ငါလည်း နည်းနည်းတော့ သံသယဖြစ်လာပြီကွာ။ တွေ့ခွင့်တောင်းတာလည်း လုံးဝတွေ့ခွင့်မပေးဘူး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိတ်ဝင်စားအောင် တမင်စတန့်ထွင်တာလားလို့ လည်း တွေးမိတယ်ကွ"

"အင်း ... ဖြစ်နိုင်တာပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ခုဆို ဂျူဂျူးကိုလည်း အထိုက် အလျောက်တော့ မေ့လို့ရသွားတာပေါ့ကွာ။ ကလေးလေး နဲ့ တစ်နေ့ စကားမပြောရရင် တစ်ခုခု လိုနေသလိုကြီးပဲ ကွ။ ငါ မမြင်မတွေ့ရတာလေးနဲ့ပဲ ဖြေသိမ့်လိုက်ပါတော့ မယ်ကွာ"

"ကုစားနည်း တစ်မျိုးပေါ့ကွာ။ ငါတောင် ဒီဆန်းဒေး ကောင်မလေးတစ်ယောက်နဲ့ ချိန်းထားသေးတယ်။ ငါက တော့ မင်းလို ရုပ်မမြင် သံမကြား မဟုတ်ဘူး ဆရာ။ အလန်းလေး။ ဒါပေမဲ့ ရိုးရိုးလေး လန်းတာနော်။ ငါ့ထက် လည်း ငါးနှစ်လောက်ငယ်တယ်၊ ကောင်မလေးက ခုမှ တက္ကသိုလ်ဒုတိယနှစ်"

ကျော်ကြီးရဲ့ ပီတိဖြာနေတဲ့ မျက်နှာကြီးက အမြင် ကတ်စရာပင်။





"ဟင်း ... သွားတွေ့ကြည့်ပါဦးကွာ။ တော်ကြာ အပြင်နဲ့ ခေတ်ပုံ တခြားစီ ဖြစ်နေပါဦးမယ်"

"မနာလိုလို့ ပြောတာ ဖွေမယူပါဘူးကွာ"

"အောင်မာ"

ကျော်ကြီးက သုတ ရှုံ့ရှားဖြစ်သွားတာကို ကြည့် ပြီး ရယ်နေသည်။

"မင်း လိုက်ခဲ့နော်၊ ဒီဆန်းဒေး"

"အေး ... လိုက်ကြည့်ရသေးတာပေါ့"

ထို့နောက် ပွဲရုံသို့ ကုန်ကားတွေ ဝင်လာတာနဲ့ သူတို့စကားပြတ်သွားကြသည်။ အလုပ်ထဲ စိတ်နှစ်လိုက်တော့ လည်း ကျန်တာတွေကို မေ့သွားတာပါပဲ။

ခုဆို သုတ တစ်ယောက်လည်း စာရင်းဇယားတွေ ကြားမှာ ပျော်တတ်နေပါပြီ။ အရှုံးအမြတ်တွေကို ရင်ခုန်တတ်လာ တော့ မရှုံးအောင် ဂရုစိုက်ရင်း အလုပ်ကို ဖိစီးလုပ်ကိုင်ကာ စိတ် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးနှင့် Chatting ပြောတာကလည်း ညဘက်မှ ပြောတာဆိုတော့ နေ့ခင်းဘက် အလုပ်ကို စိတ်ပါလက်ပါ လုပ်ဖြစ်တာပေါ့။

ဘာပဲဖြစ်ဖြစ် သုတရွှေအိုး တစ်ယောက် အရင်က ထက်စာရင်တော့ အများကြီး ပြောင်းလဲလာပါသည်။

❦ ○ ❦





သစ်ခဇော်နှင့် အရှေးသည် နှစ်ယောက်စလုံး ထက်မြက်သူများ ဖြစ်ကြပြီး လုပ်ငန်းမှာနကျတော့ သစ်ခဇော်က ပိုသည်။

သူက သူပိုင်လုပ်ငန်းတွေကို အောင်မြင်အောင် အစမှ စတင်တည်ထောင်နိုင်သူ မဟုတ်လား။

အရှေးက မိဘလုပ်ငန်းကို ဝင်လုပ်တာဆိုတော့ သစ်ခဇော်က သာနေသည်။

သစ်ခဇော်သည့် အောင်မြင်နေသော ပုထုဇဉ်ပီပီ လုပ်တိုင်းဖြစ် တတိုင်းရနေသော သူ့ကံကြမ္မာအတွက် အမြဲလက်မထောင်ကာ သူ လုပ်သမျှအမှန်၊ သူပြောသမျှ အမှန်ဟု ယူဆလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် အရှေးမှာ စိတ်ကသိကအောင့် ဖြစ်ရတာလေးတွေရှိသည်။

သစ်ခဇော်သည် အရှေးကိုတော့ တကယ်ချစ်ပါသည်။ ဦးစားလည်း ပေးသည်။

သို့သော် အဓိကကျသော ဆုံးဖြတ်ချက်တွေဆိုသူ့ဆန္ဒအတိုင်းသာ ဆုံးဖြတ်လေ့ရှိပြီး သူ့သဘောသည်သာအမှန်ဟု ယူဆတတ်သူဖြစ်သည်။

ထို့အတွက် အရှေးမှာ စိတ်ညစ်ရသည်။ လူဆိုတာအတူတွဲကြည့်မှ သူ့အယူအဆ၊ သူ့အကျင့်စရိုက်ကို သိလာရတာဖြစ်သည်။

❦ ○ ❦





"သဲရေ ... မနက်ဖြန် ကိုဇော်အောင်တို့ပွဲကို သွားရမယ်။ သဲ လိုက်ခဲ့ရမယ်နော်"

"ဟယ် ... ဆောရီး ကိုသစ်ရယ်။ သဲ မနက်ဖြန် ကိုရီးယားကလာမယ့် Tour အဖွဲ့ကို ကိုယ်တိုင်သွားကြိုရမယ်။ ကိုဇော်အောင်ကိုတော့ တောင်းပန်ထားပြီးပြီ။ ဖေဖေပဲ လာလိမ့်မယ်လို့"

"သဲရယ် ... Tour အဖွဲ့က မန်နေဂျာကို ကြိုခိုင်းလိုက်လည်း ရပါတယ်ကွာ။ သဲကို ကိုယ်က အတူပွဲတက်စေချင်လို့။ အသဲမပါတော့ ကိုယ့်ကို တစ်မျိုးထင်ကြဦးမယ်။ ဘယ်ပွဲမဆို အတူတက်နေကြကို ခုမှ မပါတော့ သို့လော သို့သော တွေးကြမှာ ကိုယ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုသစ်ရယ်၊ စီးပွားရေးသမားအချင်းချင်းပဲ နားလည်မှာပါ၊ ဟိုဘက်က သူငယ်ချင်းက Request လုပ်ထားလို့ မဖြစ်မနေ ကိုယ်တိုင်ကြိုပေးရမှာမို့ပါ ကိုသစ်ရဲ့"

"ကျွတ် ... သဲက ကိုယ့်ဆန္ဒကို ဆန့်ကျင်လိုက်တာပဲ"

"ကိုသစ်ကလည်း နားလည်ပေးဖို့ ကောင်းတာပေါ့။ ကိုသစ်ကိစ္စက လူမှုရေး၊ သဲကိစ္စက စီးပွားရေးလေ။ ဆန္ဒထက် ဖြစ်သင့်တာကို ဦးစားပေးရမှာပေါ့"

ထိုသို့ ကတောက်ကဆ ဖြစ်ကြတာလေးက အခါခါ။

တစ်ခါတစ်ရံကျရင် သစ်ခဇော်က အတ္တကြီးသည်။ မဟာဖိုဝါဒကို လက်ကိုင်ထားချင်သည်။ အရှေးကလည်း စေ့စပ်ထားရုံနဲ့တောင် ဒီလောက် စိုးပိုင်ချင်သော ယောကျာ်းကို စိတ်ကုန်လှ၏။

မြန်မြန်ဆန်ဆန် လက်မထပ်မိတာကိုပဲ ကျေနပ်နေမိသည်။





အရှေးသည် သစ်ခဇော်ကို ချစ်ပါသည်။ သစ်ခဇော်လည်း အရှေးကို ချစ်သည်။ သို့သော် ထိုအချစ်က ပေါင်းကူးတံတား မဖြစ်ခဲ့။ အရေးကြီးတာက နားလည်မှုပဲဖြစ်၏။

အရှေးက မိန်းမပီပီ ပိုပြီးနားလည်ပေးနိုင်ဖို့ ကြိုးစားပါသည်။ သို့သော် သစ်ခဇော်က ဒါကိုနားမလည်။ တစ်ခါလောက် အလျှော့ပေးလိုက်ရင် နောက်တစ်ခါလည်း အနိုင်လိုချင်သည်။ ဒီတော့ အရှေးကလည်း လျှော့ပေးလို့မရတဲ့ ယောကျာ်းကို အလျှော့မပေးတော့။

သစ်ခဇော်ကလည်း သူ့နားမှာ သူ့အလိုကျ ခေါင်းညိတ်မယ့်မဒီတွေ ဝိုင်းဝိုင်းလည်နေတာမို့ အရှေးက သူ့စကားကို နားမထောင်တိုင်း ဒေါသဖြစ်နေသူပါ။

ဒီလိုနဲ့ပဲ သူတို့နှစ်ယောက်ဟာ ပြေလည်တစ်လှည့် မပြေလည်တစ်ခါဖြင့်သာ။



www.burmeseclassic.com

www.burmeseclassic.com



အရှေးနဲ့ သစ်ခဖော်တို့ ပြဿနာအကြီးအကျယ် တစ်ခါတက်ပါသည်။

"သဲ ... ကိုသစ် နောက်လထဲမှာ ပြင်သစ်သွားစရာရှိတယ်၊ တစ်ပတ်ကြာမယ်၊ သဲ လိုက်ခဲ့နော်"

"ကိုသစ်က ဘာသွားလုပ်မှာလဲ"

"ဟိုမှာရှိတဲ့ ကိုယ့်ပါတနာတစ်ယောက်ရဲ့ လုပ်ငန်းကို သွားလေ့လာမှာ။ အဆင်ပြေရင် ကိုယ် ရှယ်ယာထည့်ဖြစ်မယ်"

"ဩော် ... သဲ မလိုက်တော့ပါဘူး ကိုသစ်ရယ်၊ ကိုသစ်ပဲ သွားလိုက်တော့"

"ဘာဖြစ်လို့လဲ"





"ဘာမှမဖြစ်ပါဘူး။ သဲနဲ့ ကိုသစ်က ခုမှစေ့စပ်ထားကြတုန်းလေ။ နိုင်ငံရပ်ခြားကို ညအိပ်ညနေခရီး အတူသွားတာမျိုး မလုပ်သင့်ဘူး ထင်လို့ပါ"

"ကျွတ် ... မဆိုင်တာကွာ၊ သူများတွေလည်း သွားနေကြတာပဲ"

"သွားရင်လည်း ရပါတယ် ကိုသစ်ရဲ့။ ဒါပေမဲ့ မသွားသင့်လို့ အရှေးက ပြောတာ"

"ဒါက သဲ မလိုက်ချင်လို့ အကြောင်းပြတာပါ"

"မဟုတ်ဘူး ကိုသစ်၊ ဒါ မြန်မာပြည်။ သဲက မြန်မာမိန်းကလေး။ စောင့်ထိန်းသင့်တာကို စောင့်ထိန်းတာ သဲမှားလား"

"အဲဒါကြောင့် မြန်မြန်လက်ထပ်ဖို့ ပြောတော့လည်း သဲပဲ ငြင်းခဲ့တယ်လေ။ နေပါဦး သဲရဲ့။ မင်း ကိုယ့်ကိုလက်ထပ်ဖို့ရော စိတ်ကူးရှိရဲ့လား"

"အဲဒီမေးခွန်းက မိန်းကလေးတစ်ယောက်ကို စော်ကားတဲ့ မေးခွန်းမျိုးပဲ ကိုသစ်။ မိန်းမကောင်းတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လက်မထပ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို အမည်းစက်တင်ခံပြီး မစေ့စပ်ဘူး"

သစ်ခဇော်က ဆောရီးတစ်ခွန်းတောင် မတောင်းပန်ပါ။ အရှေးကလည်း စိတ်တိုသည်။ အရှေးသည် ကြာလေ စိတ်ပျက်လေ ဖြစ်လာသည်။

သစ်ခဇော်သည် တော်ပါသည်။ ထက်မြက်ပါသည်။ သို့သော် အဲဒါတွေနဲ့ ဒွန်တွဲနေတဲ့ အတ္တကြီးမှုတွေလည်း ရှိနေသည်။

အရှေးက သူ ဘယ်လိုခေါ်ခေါ် မလိုက်သဖြင့် သူ သွားတဲ့နေ့တောင် အရှေးကို နှုတ်ဆက်မသွား။ အရှေးသည် နှုတ်တောင်ဆက်မသွားတဲ့အတွက် ဝမ်းနည်းမိသော်လည်း အရှေးဆုံးဖြတ်ချက်အတွက် နောင်တမရမိ။

❦ ○ ❦





သစ်ခဇော်သည် အရှေးကို တော်တော်လေးဒေါသဖြစ်နေသည်။

အရှေးသည် နောက်ဆုံးအချိန်ထိ သူခေါ်တာကို မလိုက်ခဲ့။

ဒါဟာ သူ့ရဲ့ကိုယ်ကျင့်တရားကို စော်ကားခံရသလို ခံစားမိသည်။

အရှေးရဲ့မိန်းမပီသမှုကို သဘောကျပါသည်။ ထိုမှတစ်ဆင့် ချစ်မြတ်နိုးမိပါသည်။ ထို့အတွက် သူ အရှေးကိုတန်ဖိုးထားသည်။

သို့သော် အရှေးက လိုတာထက်ပိုပြီး ကဲကဲဆတ်သလို ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် သူ့အတွက် သူ့စကားမှာ လက်ညှိုးထောင်ခေါင်းညိတ်မယ့် မိန်းမမျိုးမဟုတ်။

အရှေး ထက်မြက်တာကို သဘောကျသော်လည်း ရင်ဘောင်တန်းလာမှာကိုတော့ လက်မခံချင်ပါ။

သူသည် အရှေးကို ဒေါသဖြစ်ရသော်လည်း လေယာဉ်ပေါ်တက်ကတည်းက မေ့ပစ်လိုက်သည်။

ပြင်သစ်မှာ အလုပ်ရှိသည်။ ထိုအလုပ်က အရင်းအနှီးကြီးမည့် အလုပ်မျိုး။ အမှားအယွင်းမခံနိုင်။ အထူးသဖြင့် မိန်းမအတွက်နဲ့ သူ့အလုပ်တွေကို အထိခိုက်မခံနိုင်။ ထို့ကြောင့် အရှေးကို သူ မေ့ပစ်လိုက်သည်။

အရှေးဆိုတာ မြန်မာ့မြေမှာ ကျန်ခဲ့ပြီ။

ပြင်သစ်ရောက်တော့ သူ့ရဲ့သူငယ်ချင်း ဇော်ဆွေနဲ့ သူ့ညီမ သော်မော်ဆွေတို့ လာကြိုကြသည်။

ရောက်ရောက်ချင်း လုပ်ငန်းကိစ္စ ဆွေးနွေးကြသည်။ နိုင်ငံခြားမှာ အချိန်ဆိုတာ ရွှေ။ ပြန်အစားမရနိုင်တဲ့ အချိန်ကို တန်ဖိုးထားကြသည်။





အလုပ်တွေ ဆက်တိုက်လုပ်နေရသဖြင့် အရှေးကို သတိရချိန်တောင်မရ။ ဖုန်းဆက်ဖို့ဆိုတာဝေး။

တကယ်က ပြင်သစ်ကုန်ကြမ်း၊ ပြင်သစ်နည်းပညာနဲ့ ပြင်သစ်က ပညာရှင်တွေကို အသုံးပြုပြီး မြန်မာပြည်မှာ ရေမွှေးထုတ်လုပ်ဖို့ သူ လာခဲ့တာဖြစ်သည်။ သို့သော် ကုန်ကြမ်းက ဈေးကြီးနေသည်။ ထိုအတွက် မြန်မာပြည်မှာ ရနိုင်မယ့် ကုန်ကြမ်းကို သုတေသနပြုပြီး ရှာဖွေဖော်ထုတ်ရဦးမည်။

ထို့အတွက် သူနဲ့ ဇော်ဆွေတို့ မောင်နှမ ရှယ်ယာလုပ်ကြမည်ဖြစ်သည်။ အထူးသဖြင့် သော်မော်ဆွေက လုပ်ချင်တာဖြစ်ပြီး ဇော်ဆွေက မကူနိုင်သဖြင့် သူ့ကို ရှယ်ယာခေါ်လိုက်ခြင်းဖြစ်သည်။

အခိက သူနှင့် သော်မော်ဆွေ တွဲလုပ်ရတာများသည်။

သော်မော်ဆွေသည် တော်တော်တက်မြက်သည်။ သူ ထင်တာထက်ကို ပိုပြီး ထက်မြက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကိစ္စတွေမှာတောင် သူက သော်မော်နွေ ဦးဆောင်ရာသို့ လိုက်ရသေးသည်။

သူသည် ဦးဆောင်ချင်သူဖြစ်သည်။ သို့သော် သူ သော်မော့်ကို လိုက်မမီတော့လည်း နောက်လိုက်ဖြစ်ရသည်။

ထိုအတောအတွင်း သူနဲ့ သော်မော်တို့ တော်တော် ရင်းနှီးသွားကြသည်။

သူ မပြန်ခင်ညက သော်မော်နဲ့အတူ ဘုရားတောင် သွားထိုင်လိုက်သေးသည်။ ဘုရားနဲ့တွဲနေတဲ့ ကလက်ဘ်မှာလည်း ကလိုက်သေးသည်။

သူ ပြင်သစ်က ပြန်ကာနီးတော့ ...

"ကိုသစ်ခ ... သော် ရန်ကုန်ကိုလာရင်တော့ ကိုသစ်ခကို ပဲ အားကိုးမှာနော်"

"ပြောစရာ မလိုပါဘူး သော်ရယ်"





သစ်ခဖော်သည် ပြင်သစ်က ပြန်လာတော့ အရှေး အတွက် ဘာလက်ဆောင်မှမပါ။ ရေမွှေးပုလင်းလေးတစ်လုံးတောင် မပါ။

ဝယ်ချင်စိတ်ကို မရှိတာ။

အရှေးကတော့ ရေမွှေးပုလင်းလောက်တော့ မျှော် မိသည်။

သို့သော် သူ ပြန်လာပြီး နောက်တစ်ရက်နေတော့ အရှေးကို လာတွေ့သည်။ ဘာလက်ဆောင်မှမပါ။ မက်လို့တော့ မဟုတ်။ ဒါပေမဲ့ သူ့စိတ်ကို အရှေးက မနှစ်မြို့ ဖြစ်သွားသည်။

သစ်ခဖော် စိတ်ဆိုးသွားသဖြင့် အရှေး စိတ်မကောင်း ဖြစ်နေတာလေးတောင် ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ခဲဖော်သည်လည်း ပြင်သစ်သွားနေတုန်းကတော့ အရေးကို သတိရချိန်တောင်မရ။ ပြန်လာတော့မှပဲ အရေးကို မတွေ့ရတဲ့ရက်တွေအတွက် အတိုးချ လွမ်းမိသည်။

အရေးသည်လည်း သူသွားနေတဲ့ရက်တွေတုန်းက သူ့ကို သတိတွေရကာ လွမ်းဆွတ်နေတာပါ။ သို့သော် ဖုန်းလေး တစ်ချက်တောင်မဆက်သော သူ့ကို စိတ်နာချင်သည်။

ပြန်လာတော့လည်း ရေမွှေးတစ်ပုလင်းတောင်မပါ။ သူမဆိုရင် စိတ်ဆိုးပေမယ့် နေနိုင်မှာမဟုတ်။

ပြီးတော့ သူ မေ့လောက်အောင် စိတ်ဆိုးရအောင် လည်း အရေးမှာ အမှားတွေ၊ ချွတ်ယွင်းချက်တွေ ရှိနေတာ မဟုတ်။

အရေး သူနဲ့မလိုက်ခြင်းဟာ အရေးအတွက်တော့ မှန်နေတာပဲလေ။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်လာရင်တော့ အရေး ဘယ်တော့မှ သူ့ကို အလျှော့ပေးမှာမဟုတ်။

အရေးသည် တဖြည်းဖြည်းနှင့် သူ့အပေါ် ယုံကြည်မှုတွေ လျော့လာခဲ့သည်။





သို့သော် သူကတော့ ပုံမှန်အတိုင်းပင်။

"ကိုသစ် ... အရေး ဒီညနေ မအားဘူး"

"ကိုသစ် ... အရေး ဒီနေ့ခင်း Meeting ရှိလို့"

စသဖြင့် အရေး သူ့ကို ရှောင်လွှဲစပြုသည်ကိုလည်း သူ မရိပ်မိ။

သူ သိသည်က အရေးသည် ခင်ကြီးကျယ်ဖြစ်သည် ဟူ၍သာ။

အရေး၏ ကြီးကျယ်မှုဟာ မလွမ်းလောက်ပါဘူးဟု လည်း သူ သက်သေပြပြီးပြီမို့ ...

အရေးနဲ့ သူဟာ မသိမသာ ဝေးကွာလာခဲ့မှန်း သူကတော့ မရိပ်မိခဲ့ဘူးတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အရှေး ညစ်နေသည်။ သစ်ခဖော်နဲ့ ပတ်သက်ပြီး ရင်ထဲမှာ တင်းကျပ်နေသည်။ တကယ်တမ်းကျတော့ အချစ်ဆိုတာ ဘာမှအသုံးမဝင်ပါလားလို့ စဉ်းစားနေမိသည်။

သစ်ခဖော်နဲ့ ပတ်သက်ပြီး ဂျူဂျူးကိုလည်း ရင်မဖွင့်ချင်ပါ။ သစ်ခဖော်ကို အထင်သေးမှာစိုးသည်။ ပြီးတော့ အတွင်းမီးကို အပြင်မထုတ်ချင်။

ဒါပေမဲ့ ရင်ထဲမှာလည်း တင်းကျပ်နေပြီ။ ဟုတ်ပြီ။ ကြီးကြီးရှိတာပဲ။ ကြီးကြီးက လူငယ်တွေရဲ့ခံစားချက်ကို နားလည်ပေးနိုင်သူလေ။

ကြီးကြီးအခန်းကို သွားခေါက်ကာ ...

"ကြီးကြီး အိပ်ပြီလား"

"နီး ... သောဘီ၊ ဝင်ခဲ့လေ"





ကြီးကြီးက အိပ်ရာပေါ် ဝမ်းလျားမှောက်ကာ Laptop နဲ့ အလုပ်ရှုပ်နေသည်။

ထုံးစံအတိုင်း လူညှိပတ် Chat နေတာပေါ့။

"ကြီးကြီး"

BURMESE CLASSIC .com

"ပြော"

"ကြီးကြီးဟာတွေ ခဏထားလိုက်ဦး။ အရှေး ပြောစရာရှိလို့"

"အင်း ... ပြော၊ ခဏလေး Bye လိုက်ဦးမယ်"

ကြီးကြီးက သူ့လူတွေကို နှုတ်ဆက်ကာ Out လိုက်သည်။

"ပြော ... အရှေး၊ ဘာဖြစ်လို့လဲ သမီး၊ မောင်သစ်ခဖော်နဲ့ တစ်ခုခုများ ဖြစ်ထားသလား"

"ကြီးကြီးက ဘာလို့ သိနေတာလဲ"

"ညည်းလေးမှာ တခြားညစ်စရာမှ မရှိတာအေရဲ့။ နလုံးသားရေးရာပဲ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်တာနော်၊ ဗေဒင်ဆရာမ လုပ်စားလို့ရနေပြီ။ အရှေး ညစ်နေတယ် ကြီးကြီးရယ်။ သစ်ခဇော်က မမိုက်ဘူး"

"အင်း ... ပြောပါဦး"

"ကြီးကြီး စဉ်းစားကြည့်လေ။ အရှေးတို့က ခုမှစေ့စပ်ထား တုန်းပဲ ရှိသေးတယ်။ သူက သူ ပြင်သစ်သွားတာကို အရှေးမလိုက်လို့ စိတ်ဆိုးတယ်လေ"

"လိုက်စရာလား၊ ဆိုးပစေ"

"ဟုတ်တယ်၊ သူ အရှေးကို တန်ဖိုးမထားတာကို အရှေး စိတ်မကောင်းဘူး"

"ဒီမှာ ငါ့သမီး၊ ခုချိန်မှာတောင် ကိုယ့်ဘက်ကိုမကြည့်၊ ကိုယ့်ကို တန်ဖိုးမထားတာ၊ ယူပြီးရင် ပိုဆိုးမှာပေါ့အေ။ ညည်း ပြန်စဉ်းစားဦး"

"ညည်း ... စဉ်းစားကြည့်လေ။ မြန်မာမိန်းကလေးတစ် ယောက်ရဲ့တန်ဖိုးဟာ ဘာလဲ။ စေ့စပ်ပြီးတာနဲ့ တစ်ဝက် ပိုင်ပြီဆိုတဲ့ အချိုးမျိုးတော့ အချိုးမခံနဲ့။ စေ့စပ်ပြီးမှ မယူ ဖြစ်ကြတဲ့လူတွေ တစ်ပုံကြီး"





"ဟုတ်တယ် ကြီးကြီး။ အရှေးကလည်း အဲဒါကြောင့် အသည်းနာတာ"

"မောင်သစ်ခဇော်က တော်ပါတယ်၊ ထက်တယ်။ ဒါပေမဲ့ သူ့ရဲ့အောင်မြင်မှုတွေ အတွက်လည်း မာန်တက်နေတယ်။ ပြောရမယ်ဆိုရင် မပြည့်ဘူးပေါ့။ အဲလို မပြည့်တဲ့လူနဲ့ ရေရှည်လက်တွဲလို့ ဖြစ်ပါ့မလား အရှေး။ ကြီးကြီးတူမ လေးအတွက် မချမ်းသာရင် နေပါစေ၊ တူမလေး စိတ်ချမ်း သာအောင် ထားမယ့်သူနဲ့ပဲ ယူစေချင်ဟာယ်ကွယ်။ ကြီးကြီး တို့မှာ ငွေကရှိပြီးသားပါ၊ ရိုးသား ကြိုးစားပြီး သမီးကို မြတ်နိုးတန်ဖိုးထားဖို့ပဲ လိုတာ"

"အရှေး မမှားဘူးမို့လား"

"ငါ့သမီး လုံးဝမှန်တယ်။ ဒီလိုအခွင့်အရေးယူချင်တဲ့ ယောကျ်ားမျိုးကို လွှမ်းမနေနဲ့။ အခုလည်း သူကြင်မှ ကိုယ်ကြင်ပဲနော်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အရှေး ခံစားရတယ် ကြီးကြီးရယ်"

"တစ်သက်လုံးအတွက်ပဲ သမီးရယ်။ ခဏတော့ ခံစားရမှာ ပေါ့"

❦ ○ ❦

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



BURMESE CLASSIC .com



အရှေးတစ်ယောက် သစ်ခဇော်နဲ့ အဆင်မပြေ ဖြစ်တာကို ပိုပြီးပုံပိုးပေးမယ့်ကိစ္စ ပေါ်လာပါတယ်။ အဲဒါကတော့ သော်မော်ဆွေ မြန်မာပြည်ကို ရောက်လာတာပါပဲ။

သစ်ခဇော်သည် အရှေးကို ပညာပြချင်တာကြောင့် သော်မော်နဲ့ အရှေးကို မိတ်မဆက်ပေးခဲ့ပါ။

အရှေးသာ ပြင်သစ်ကိုလိုက်ခဲ့ရင် သော်မော်နဲ့ အရှေး ခုလောက်ဆို မိတ်ဆွေတွေဖြစ်နေမှာပါ။ ခုတော့ သော်မော်နဲ့ သူ တွဲနေတာကို အရှေး စိတ်ထဲမှာ မနာလိုဖြစ်စေရန် သူ မိတ်မဆက်ပေးခြင်းပါ။ သော်မော်ကလည်း သူ့မှာ အရှေးရှိမှန်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သော်မော့အစ်ကို ဇော်ဆွေ ကိုယ်တိုင်က သူ့ကို လူလွတ်တစ်ယောက်အဖြစ် သိထားတာဆိုတော့ သော်မော်လည်း ထို့အတိုင်း သိထားမှာပင်။

သော်မော်က ဟိုတယ်မှာတည်းသည်။ သော်မော်တို့မိဘတွေကလည်း ပြင်သစ်မှာဖြစ်ပြီး ဟိုနိုင်ငံသားခံယူထားသူတွေမို့ ဒီမှာ အမျိုးအိမ်တွေရှိသော်လည်း စိတ်ကျဉ်းကျပ်သည်ဆိုကာ ဟိုတယ်မှာပဲ တည်းသည်။

သော်မော်သည် ငယ်စဉ်ကတည်းက ပြင်သစ်မှာ အခြေချခဲ့သူမို့ အသားအရေက ပန်းရောင်ပြေးချင်ကာ ဝတ်တာစားတာကအစ နိုင်ငံခြားသူလို ဖြစ်နေသည်။

အရပ်မြင့်ပြီး ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်တာမို့ သော်မော် ဒီဖိုင်းက မြန်မာမလေးတွေကြားမှာ ရှင်းသန့်ထွက်နေပါသည်။

သစ်ခဇော်နဲ့ သော်မော်တွဲနေတာကို အရှေး ပြန်ကြားရတော့ တော်တော်ဒေါသထွက်၏။ သူနဲ့အရှေးသည် တရားဝင်





စေ့စပ်ထားတာဖြစ်သည်။ သူ ခုလို မိန်းကလေးတစ်ယောက်နဲ့တွဲတာဟာ အရှေးကို ထိခိုက်၏။

ပတ်ဝန်းကျင်ကလည်း သို့သော သို့သော ထင်ကုန်ပြောကုန်ကြပြီ။ အရှေး ဖေဖေလည်း ထိုသတင်းကြားသည်။ ကြီးကြီးလည်း သူတို့တွဲနေတာကို သိသွားသည်။

“သမီး ... မောင်သစ်ခဇော်နဲ့ ပြဿနာဖြစ်ထားလား”

“မဖြစ်ပါဘူး ဖေဖေ။ သမီးနဲ့သူ ပုံမှန်တွေ ဖြစ်ပါတယ်”

“ဒီကောင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေတာ သမီးသိလား”

“သိတယ် ... ဖေဖေ။ ဒါပေမဲ့ သမီး သူ့ကိုမမေးရသေးဘူး”

“အင်း ... မေးမြန်းကြည့်ဦး သမီး။ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က ရှိသေးတယ်။ ကိုယ်က တရားဝင်စေ့စပ်ထားတာဆိုတော့ လူသိရှင်ကြား ဖြစ်နေပြီလေ”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကတော့ အကြောင်းစုံသိသူပီပီ။

"ဒါ သင်း တမင်သက်သက် လုပ်တာပဲ အရှေး။ သမီး ပြတ်ပြတ်သားသား မေးလိုက်တော့"

"ဟုတ်ကဲ့ ကြီးကြီး"

အရှေးလည်း သည်းမခံနိုင်ပါ။ ဒါက ဂုဏ်သိက္ခာနဲ့ ဆိုင်နေတယ်လေ။

အရှေးသည် သစ်ခေဖော်ဆီ ဖုန်းခေါ်လိုက်သည်။

"ကိုသစ် ... သဲ မေးစရာရှိလို့"

"ဆောရီး သဲ၊ ကိုယ် အားမှပြန်ဆက်လိုက်မယ်နော်"

သစ်ခေဖော်က ဖုန်းပိတ်သွားခဲ့သည်။ အရှေး ဒေါသထွက်လွန်းသဖြင့် လက်တွေတုန်နေသည်။

သေချာနေပြီ။

သူနဲ့ အရှေးတို့ မကြာခင် လမ်းခွဲတစ်ခုစီ လျှောက်ဖြစ်ကြတော့မည်။ ရင်ထဲမှာ ဖျတ်ခနဲ ကြေကွဲသွားသေးရဲ့ကွယ်။

❦ ○ ❦





အရှေးသည် သူ့ဖုန်းကို စောင့်သော်လည်း သူ့ထံမှ ထိုနေ့ တစ်နေကုန် ဖုန်းမလာခဲ့။

ညကျတော့ အရှေး သည်းမခံနိုင်တော့ပဲ သူ့ဆီဖုန်းခေါ်လိုက်တော့ ဖုန်း ပိတ်ထားသည်။

အိမ်ဖုန်းကို ဆက်တော့လည်း ဆယ့်တစ်နာရီထိုးတဲ့အထိ သူ ပြန်မရောက်သေး။

နောက်နေ့မနက်ကျတော့ အရှေး မဆက်တော့။ အရှေး သူ့ကို နာကြည်းခြင်းတွေ အထွတ်အထိပ် ရောက်လာပြီ။

အရှေးဘက်က ဘယ်တော့မှ စမဆက်တော့ဟု ဆုံးဖြတ်လိုက်သည်။

အရှေး သူ့ကို ဥပေက္ခာပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အရှေး ရင်ထဲမှာရှိခဲ့ဘူးတဲ့ သံသယတွေ ပြန်ပြီးခေါင်းထောင်လာသည်။

သူသည် အရှေးကို တမင်ထိုးနှက်တာများလား။ လုပ်ငန်းပြိုင်ဘက်ဖြစ်တဲ့ အရှေးကို တမင်ချဉ်းကပ်ခဲ့လေသလား။

သံသယတို့က စွန်းထင်း စွဲထင်လာပြီ။

အရှေးသည် သူ အရှေးနားရောက်လာကတည်းက သံသယဝင်ခဲ့ဖူးသည်။

သူ့ကို မယုံလို့ သူ့အချစ်ကိုတောင် တော်တော်နှင့် လက်မခံခဲ့။

သူ့အချစ်ကို လက်ခံပြီးတော့လည်း တော်တော်နှင့် လက်မထပ်ရဲခဲ့။ စေ့စပ်ပြီး လေ့လာဖို့ပဲ ဆုံးဖြတ်ခဲ့သည်။

ခုတော့ သူမ ဆုံးဖြတ်ချက် မှန်သလိုပဲ။

အရှေးသည် တစ်ညလုံး အိပ်မပျော်ခဲ့တဲ့ ရီဝေဝေ ခံစားမှုကို ဘလက်ခ်ကော်ဖီခါးခါးတစ်ခွက်နဲ့ ဖြေပစ်လိုက်သည်။

တချို့ကိစ္စတွေဟာ ချိုနေလို့မရဘူးလေ။ ခါးပစ် လိုက်မှ သက်သာမယ်ဆိုရင် ဆေးခါးကြီးတောင် သောက်ရဲရတာ ပဲ မို့လား။





အရှေးသည် ခံစားချက်တွေကို ကော်ဖီပူခါးခါးတစ် ခွက်နဲ့မျှောချပြီး စိတ်ပေါ့သွားသည်။ ရေချိုးခန်းထဲဝင်ပြီး ရေကို စိမ်ပြေနပြေစိမ်ပြီး ချိုးလိုက်သည်။

ဆံပင်ရှည်ကြီးတွေကို ဖြန့်ချပြီး တယုတယ လျှော် လိုက်သေးသည်။

နောက်ဆုံးအနေနဲ့ အစွန်းထွက်နေတဲ့ ခြေသည်း လက်သည်းတွေကို တိပစ်လိုက်သည်။

ဒီနေ့တော့ အလှပြင်ဖို့ စိတ်နည်းနည်းပါသည်။

စိမ်ပြေနပြေ အလှပြင်နေသည်။ ပြီးတော့ ဒီနေ့က တနင်္ဂနွေနေ့လေ။ အေးဆေးပဲ။ ဘာအလုပ်မှ ချိန်းထားတာ မရှိသလို သစ်ခေဖော်နဲ့ကလည်း အဆက်အသွယ်မရဘူးလေ။ ဒီတော့ အိမ်မှာပဲ လှလှလေးပြင်ပြီး အေးဆေးစာဖတ်ရုံပေါ့။

အားလုံးပြင်ဆင်ပြီးတော့ တစ်ကိုယ်လုံး လန်းဆန်း သွားတော့တာပဲ။

သူကတော့ အရှေး စာအုပ်တစ်အုပ် ဖတ်ပြီးတဲ့ အထိတောင် ရောက်မလာခဲ့ပါဘူး။ ရှိစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တော့ ဘုရားခဏသွားဖို့ စဉ်းစားလိုက်သည်။ ဂျူဂျူးကလည်း ခရီးထွက်သွားသဖြင့် တစ်ယောက်တည်း သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ထမင်းစားပြီး တစ်ရေးအိပ်လိုက်သေးသည်။ ဘာအလုပ်မှ လုပ်ချင်စိတ်မရှိဘူးလေ။ စိတ်မပါပဲ အလုပ်လုပ်လို့ရပါ့မလား။

ဖုန်းကို ဖွင့်ထားပေမယ့် အလုပ်ဖုန်းတွေ မှန်သမျှ မကိုင်ဘူး။

မျှော်လင့်ထားတာက တစ်ယောက်ရဲ့ဖုန်းလေ။

ဥပေက္ခာတရားတွေကြားမှာ မြုပ်ချည်ပေါ်ချည်ဖြစ်နေတဲ့ အချစ်ဆိုတာက ရှိသေးတယ်မို့လား။





ညနေဘက်မှာ မြန်မာဝတ်စုံလေးနဲ့ ဘုရားရင်ပြင်ပေါ် တက်လာခဲ့တယ်။

ရာဟုထောင့်မှာ ဘုရားဝတ်ပြု၊ ရေသပ္ပာယ်၊ ပန်းရေချမ်းဆီမီးတွေကပ်။ အေးချမ်းလိုက်တာ။

ဒါပေမဲ့ သူမရဲ့အေးချမ်းမှုတွေကို မြင်ကွင်းတစ်ခုက နှောင့်ယှက်သွားသည်။

ဟုတ်တယ်။

သစ်ခဇော်နဲ့ မိန်းကလေးတစ်ယောက်ပေါ့။ မိန်းကလေးတစ်ယောက်။ အထူးသဖြင့် ဘုရားပေါ်ကို နိုင်ငံခြားသူတစ်ယောက်လို ဝတ်ဆင်ပြီး တက်လာတဲ့ မိန်းကလေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းရဲ့ နေရောင်ဖျော့ဖျော့တွေထဲမှာ ရွှေရောင်တောက်နေတဲ့ ဆံပင်ခွေအလိပ်တွေက ဝဲလွင့်နေသည်။

သစ်ခဇော် …။

သူမနဲ့ စေ့စပ်ထားသော သစ်ခဇော်ရဲ့မျက်နှာမှာ ရှေးရေစက် ဆိုတဲ့ မိန်းမတစ်ယောက်အတွက် နေရာတစ်းတစ်မှ မရှိဘူးလေ။

အရှေး သူတို့ကို မနှောင့်ယှက်ပါဘူး။ အရှေးဆီမလာတဲ့သူဆီ အရှေးကလည်း ဘယ်တော့မှ မသွားပါဘူး။

အရှေးသည် ကိုယ်ကိုယ့်ကာ သူတို့ သတိမထားမိအောင် ကြိုးစားနေသည်။

သူဆိုတဲ့ သစ်ခဇော်က အရှေး မွေးနံ့ထောင့်ဖြစ်တဲ့ ရာဟုထောင့်ကို အမှတ်တမဲ့ပင် လှည့်ကြည့်မသွား။ အရှေးစိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားသည်။

အရှေးကို သူတို့ ကျော်သွားပြီ။ အရှေးသည် ရင်ထဲမှာ ဒေါသတွေရော၊ ကြေကွဲမှုတွေပါ ရောယှက်နေသည်။





ထိုစဉ်မှာပဲ အရှေးနားကို ဘယ်သူရောက်လာတယ် ထင်ပါသလဲ။

“အရှေး”

“ဟင် … သုတရွှေအိုး”

သုတရွှေအိုးနဲ့ အရှေးတို့မဆုံဖြစ်ကြတာ ကြာပါပြီ။ သုတက ဘုရားကိုလာတာမို့ ဒီဇိုင်းပြောင်းကာ ရေစိုပုဆိုးမှိုင်းရင့်ရင့်ကလေးနဲ့ စတစ်ကော်လာအဖြူကို စမတ်ကျစွာ ဝတ်ထားသည်။

“ကိုယ် အစောကြီးတည်းက အရှေးကိုတွေ့တယ်”

ဟင် … သူ ဒီစကားကို ဘာလို့ပြောတာလဲ။ သစ်ခဇော်ကို တွေ့လိုက်လို့ ပြောတာလား။

“အရှေး”

“သုတ … ကျွန်မတို့ ကော်ဖီတစ်ခွက်လောက် သွားသောက်ရအောင်”

“ခဏစောင့်ရင်တော့ ရတယ် အရှေး၊ ကိုယ် မေမေ့အတွက် ယတြာလာချေပေးတာ။ လေးနာရီခွဲတိတိမှာ ရွှေသကင်္န်း ကပ်စရာရှိသေးလို့”



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ရှင်က ယတြာ ဘာညာလဲ ယုံတာပဲလား"

"ယုံတာ မယုံတာထက် မေမေနိုင်းလို့ လာလုပ်ပေးတာပါ"

"ဩော်"

သူ့မိခင်အတွက် ခွေသက်န်း ကပ်ပေးပြီးတော့ သူတို့ ကားကိုယ်စီနဲ့ Coffee Circle ကို ထွက်ခဲ့ကြသည်။

ကော်ဖီဆိုင်မှာ ထိုင်မိတာနဲ့ သူမက Amaricano တစ်ခွက်မှာပြီး ...

"သုတ ... ရှင့်ကို ဂျူဂျူးထားခဲ့တုန်းက ရှင် ဘယ်လိုခံစားရသလဲ"

ဘုရားရေ ... သူမ ဘာတွေမေးမိပါလိမ့်။

"ကိုယ်လား ... အသည်းကွဲတာပေါ့"

"ဒါပေမဲ့ ရှင့်ကို အခုကြည့်ရတာ အေးဆေးပဲနော်"

"ကုစားတဲ့နည်း ရှိတယ်လေ ... ဟဲ ဟဲ၊ သိချင်ရင်တော့ ခစားသောက်ထားတာဖိုး ရှင်းရမယ်"

"ရှင်ကလည်း ဈေးကိုင်နေပြန်ပြီ"





"နေပါဦး ... အရှေးတို့က လူသိရှင်ကြား စေ့စပ်ပြီးမှ ဘယ်လိုဖြစ်တာလဲ"

"အဲဒါကို ကျွန်မတောင် ခုချိန်ထိ မသိသေးဘူး။ ကျွန်မ သူ့ကို ဘာမှမမေးရသေးဘူး"

သုတရွှေအိုးတို့ကတော့ သူ့အထင်တွေ စွတ်မှန်နေသည်။

အရှေးလို မိန်းကလေးကို ဘယ်လိုကောင်မျိုးက ရေရှည်သဘောကျမှာလဲဟု သူ တွေးနေမိသည်။ အရမ်းလန်းတဲ့ နှစ်ဆယ့်တစ်ရာစုမှာ အရှေးက အနှစ်ငါးဆယ်စာလောက် နောက်ကျနေလို့လေ။ နာမည်နဲ့လည်း လိုက်ပါပေ့။

"ကဲ ... ပြောစမ်းပါ၊ ရှင့်ရဲ့ကုစားနည်း"

"လွယ်ပါတယ်၊ Chatting ထိုင်ပြီး Chat ထဲမှာ အိစီကလီတွေ အများကြီးထားပြီး ကျူပစ်လိုက်တာပေါ့"

"ဒါနဲ့ပဲ ရှင် အသည်းကွဲတာ သက်သာသွားရောလား။ ရှင့်အချစ်က လွယ်လိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"သက်သာရုံပါပဲ။ ပျောက်တော့ ဘယ်ပျောက်ပါ့မလဲ။ ကိုယ်က ဂျူဂျူးကို တကယ်ချစ်ခဲ့တာကိုး"

"ရှင့်နည်းကြီးက မဟုတ်သေးပါဘူး"

"ဒါပေမဲ့ စမ်းချင်စမ်းကြည့်။ တကယ်သက်သာတယ် အရှေးရဲ့"

"အဟင်း"

သုတက အရှေးကိုကြည့်ကာ သနားနေမိသည်။ ပါတိတ်ဝမ်းဆက်နဲ့ ဆံထုံးလေးနဲ့ ကတ္တီပါဖိနပ်လေးစီးထားတဲ့ ရိုးကုပ်ကုပ်ကောင်မလေးဟာ ခုန သစ်ခဇော် တွဲသွားတဲ့လေဒီနဲ့ တခြားစီလေ။

အရှေးရဲ့ဘိုးတော်ဟာ ခပ်မိုက်မိုက် လေဒီဘေးမှာ မော်ကြွားရင်း သူနဲ့စေ့စပ်ထားတဲ့ အရှေးကိုတောင် ဘေးတိုက် ဖြတ်ရှောင်သွားတာ ရင်နာစရာ။

အရှေးရဲ့ မချိသွားဖြဲ အပြုံးယိုင်ယိုင်ကလေးကို မြင်ရတော့လည်း သနားမိပါ၏။





ဘယ်လိုပဲဖြစ်ဖြစ် သူမနဲ့ကိုယ်က ဘဝတူတွေလေ။ စာနာစိတ်လေးကြောင့် ကော်ဖီဆိုင် အတူထိုင်ဖြစ်သွားသည်။

အရှေးကလည်း ဂျူဂျူးကိုတောင် ရင်ဖွင့်ရမှာ မဝံ့ ရဲဘဲ ဘာလို့ သုတကို ခုလိုပြောမိပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အံ့သြတကြီး။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သုတနဲ့ ကော်ဖီသောက်ပြီး ပြန်လာတော့ အရှေး စိတ်တွေ ပေါ့ပါးသွားသည်။

ပြန်ရောက်တော့ ဖေဖေနှင့် ညစာအတူစားသည်။ ကြီးကြီးက ထုံးစံအတိုင်း သူ့ဘော်ဒါ အန်တီကြီးတွေနှင့် ရှိုးပွဲ သွားသည်။

ဖေဖေကလည်း ဒင်နာစားပြီးတာနဲ့ ကွန်ပျူတာခန်း ထဲ ဝင်သွားသည်။

သူမ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိတာနဲ့ တီဗီဖွင့်ကြည့်နေလိုက်သည်။

စာလည်း ဖတ်ချင်စိတ် မရှိဘူးလေ။

တီဗီကြည့်တာက စိတ်ပါပါ မပါပါ ကြည့်နေလို့ ရတယ်။ စာကျတော့ စိတ်မပါဘဲ ဖတ်လို့မရဘူးလေ။





အရှေး တီဗီကြည့်နေတော့ ကောင်မလေးတွေက အလိုက်တသိပဲ ...

"မမလေး ဘာစားမလဲ"

"အသီးတစ်ခုခု ယူခဲ့ဟာ။ ဖေဖေ့ကိုလည်း ပို့ပေးလိုက်"

"ဟုတ်ကဲ့"

ကောင်မလေးတွေ အစေ့ထုတ်ပြီး ယူလာပေးတဲ့ ပိုးဒယားစပျစ်ခြမ်းလေးတွေကို မရှည်စွယ်ပဲစား၊ စိတ်မပါဘဲ တီဗီကြည့်၊ ရယ်တော့ ရယ်ရသားပင်။ အဲဒါ အရှေး စိတ်ညစ်လို့ လုပ်နေတဲ့ အလုပ်တွေတဲ့လေ။

ကိုးနာရီခွဲတော့ ကြီးကြီး ပြန်လာတယ်။

"ဟေး ... ဘေဘီ၊ ထူးထူးဆန်းဆန်း တီဗီရှေ့ထိုင်နေပါလား"

"ကြီးကြီး ... ရှိုးပွဲကောင်းလား"

"good ... ဖြူဖြူ့ solo show လေး။ လက်မှတ်ကလည်း ဈေးကြီးတော့ တတ်နိုင်တဲ့သူတွေပဲ လာတယ်။ လူသန့်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွယ်။ သိပ်ကြည့်လို့ ကောင်းတာပဲ၊ အား ... ပင်ပန်းပြီ။ ခြေလက်ဆေးပြီး ခေါင်းဆေးလိုက်ဦးမယ် ... Good night ”

ဘယ်လောက်ပဲ ပင်ပန်းပစေ။ ကြီးကြီးတို့က Chatting ထိုင်ဦးမှာလေ။

အရှေးလည်း တီဗီမကြည့်ချင်တော့တာနဲ့ ...

“ပူစူး ... နင်တို့ ကြည့်ဦးမလား၊ ငါ အိပ်တော့မလို့”

“မမလေး မကြည့်ရင် မကြည့်တော့ပါဘူး”

“အေး ... အဲဒါဆို ပိတ်လိုက်တော့”

“ဟုတ်ကဲ့”

ဖုန်းလေးကောက်ကိုင်ပြီး အရှေး အခန်းထဲဝင်လာခဲ့တယ်။ အဲဒီအချိန်မှာပဲ အရှေး မျှော်နေသော ဖုန်းမြည်သံလေး။ ဖုန်းကိုမကိုင်သေးပဲ screen ပေါ်က နာမည်ကို စိုက်ကြည့်နေမိတယ်။ ပြီးမှ ...

“ဟဲလို”





“သဲ ... အိပ်ပြီလား”

“အရှေး အိပ်ချိန်က ဆယ့်တစ်နာရီဆိုတာ ကိုသစ် မေ့နေပြီလား”

“ဆောရီး”

“ရပါတယ်”

“သဲ ... ကိုယ် ဒီနေ့ အလုပ်ရှိလို့ မဆက်ဖြစ်တာ။ သဲ ဒီနေ့ ဘာလုပ်မနေလဲ”

“နားတယ်လေ”

“ဪ ... ကောင်းတာပေါ့။ ဒါနဲ့သဲ ကိုယ့်ကိုမေးစရာရှိတယ်ဆို။ မနေ့က ကိုယ် မီတင်ထိုင်နေလို့ကွ။ ကဲ ... ဘာမေးမှာလဲမေး”

“မေးချင်ပါတယ်၊ ဒါပေမဲ့ မမေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ကိုသစ်ရော အရှေးကို ပြောစရာတစ်ခုခု မရှိဘူးလား”

“ကိုယ် ပြောစရာတော့ မရှိဘူး၊ အရှေး မေးမယ်ဆိုရင်တော့ ကိုယ်ဖြေစရာ ရှိချင်ရှိမှာပေါ့၊ ဘယ်လိုလဲ သဲ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆို ကိုသစ် ဖြေလို့ရအောင် မေးပေးရမှာပေါ့"

အရေးသည် သက်ပြင်ကို သူ မသိအောင် ရှိုက်လိုက်ရင်း ...

"ကိုသစ် ... အရေးကို ချစ်လား"

"ဩော် ... သဲ မေးမှာ ဒါလား။ အဟက် ... ဘာများလဲလို့ သဲရယ်။ ကိုယ် သဲကို ချစ်တယ်"

"အင်း ... ဒါပါပဲ၊ အရှေး သိချင်တာ ဒီလောက်ပါပဲ"

"နေပါဦး၊ ဒါက သဲ သိပြီးသားပဲလေ။ ဘာလို့ ခုမှထမေးနေတာလဲ"

"သိချင်လို့ပါ။ ကိုသစ် ဘာလို့ သဲနဲ့စေ့စပ်ခဲ့တာလဲ။ အချစ်ကြောင့်လား။ အဲဒါကို ပြန်ဆန်းစစ်ကြည့်ချင်လို့ပါ"

"ဒါဆိုရင်တော့ ဆန်းစစ်စရာ မလိုပါဘူး။ သေချာယုံထားလိုက်။ ကိုယ် သဲကိုချစ်တယ်။ အချစ်အတွက် လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သဲက အရင်စေ့စပ်ချင်တယ် ဆိုလို့ စေ့စပ်တယ်၊ ဒါပဲ"

"ကိုသစ် ပြောစရာ ဒါအကုန်ပဲလား"





"သဲ ထပ်မေးဦးမယ်ဆိုရင်တော့ ထပ်ပြီးဖြေစရာရှိဦးမယ် ထင်တယ်"

"မရှိတော့ပါဘူး ကိုသစ်။ ကိုသစ်ကို သဲ ပိုင်တာမှမဟုတ်တာ။ တချို့မေးခွန်းတွေက ဆိုင်ရုံလောက်နဲ့ မမေးသင့်ဘူးလေ"

"အိုခေလေ ... သဲ သဘောပဲ"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် သူ့ကို သူတွဲနေတဲ့ ကောင်မလေးနဲ့ ပတ်သက်ပြီး ဘာမှမမေးခဲ့ပါ။ သူကတော့ မေးစေချင်ပုံဖြင့် စကားလမ်းကြောင်းခဲ့သည်။

သူက မေးစေချင်တာကို ထောက်ကြည့်ခြင်းအားဖြင့် သူ တမင် ဒီကောင်မလေးနဲ့ တွဲနေတယ်ဆိုတာ အရှေးသိလိုက်သည်။

အထူးသဖြင့် ဒါဟာ သူမ ပြင်သစ်ကို မလိုက်ခြင်းကိစ္စနဲ့လည်း ပတ်သက်နိုင်သည်။ ဒါဆို အရှေးက ဒီကိစ္စကို ပိုပြီးတော့တောင် မမေးသင့်သေးတယ်။

သူဟာ သူချစ်ပါတယ်ဆိုသော မိန်းမတစ်ယောက်ကို သူ့ရဲ့မကျေနပ်ချက်အတွက် ရက်ရက်စက်စက် လက်စားချေတတ်သူ။ တော်တော် ကြောက်စရာကောင်းတာပဲ။





အရှေးသည် သူ့စိတ်ကို လုံးဝသဘောပေါက်သွားချိန်မှာ အရှေးရဲ့အသည်းနှလုံးတွေလည်း တစ်စစီပဲ့ကြွေကြေမွသွားခဲ့သည်။ ပြီးသွားပြီ။ အရှေးတို့ရဲ့အနာဂတ်က ဘယ်လိုမှ မဖြစ်နိုင်တော့တာ အရှေး သိလိုက်ပြီ။

အရှေးသည် တစ်ညလုံး ငိုမိပါသည်။ နောက်ဆုံးအနေနဲ့ ကြေကွဲစွာကို ငိုမိပါသည်။

အရှေးသည် မိန်းမပီသဖို့ ကြိုးစားခဲ့သည်။ ပြီးတော့ ဘာပကာသနမှ မပါဘဲ အချစ်ကို သန့်စင်စွာ ရွေးချယ်ခဲ့သည်။ အရှေးရဲ့မိန်းကလေးဘဝကိုရော အချစ်ကိုပါ တန်ဖိုးထားခဲ့သည်။

သို့သော် သူက အရှေးကို နားမလည်ခဲ့။ တန်ဖိုးမထားခဲ့။ အချစ်နဲ့ ဘဝကို ရောထွေးရက်သူ။

အရှေးသည် ရင်ကွဲအောင် ချစ်ပါစေ။ ဘဝကိုမရင်းပါ။ သူ အရှေးအပေါ်ထားတဲ့ စိတ်ဓာတ်ကိုလည်း ကြောက်ပါသည်။ အရှေးတို့ ရှေ့ဆက်လက်တွဲကြရင် အရှေးပဲ ဒုက္ခရောက်မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညကို နောက်ဆုံးအနေနဲ့ ငိုလိုက်မယ်။ ငိုပြီးရင်တော့ သူနဲ့ အရှေးတို့ရဲ့အနာဂတ်ဆိုတာ မရှိစေရတော့။

သူသည် ယခုလက်ရှိ တွဲနေသော ကောင်မလေးနဲ့ ရိုးသားသည်ဖြစ်စေ။ ဆန်းပြားသည်ဖြစ်စေ။ အရှေး မမှုတော့။ အရှေး သူ့ကို စွန့်လွှတ်လိုက်တော့မည်။

ထိုသို့ ဆုံးဖြတ်သည့်အတွက် သူနဲ့အရှေးတို့ စကားတွေ အများကြီး ပြောရနိုင်သည်။

သို့သော် မတတ်နိုင်တော့။

အရှေးသည် ဆုံးဖြတ်ပြီးရင် ပြန်ပြင်ရိုးထုံးစံမရှိ။

❦ ○ ❦





နောက်တစ်နေ့မှာ အရှေး အလုပ်ကိစ္စဖြင့် ပုဂံကို ထွက်လာရသည်။ ပုဂံကနေ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့် မန္တလေးကိုတက်မည့် နိုင်ငံခြားဧည့်သည်တွေအတွက် အရှေးကိုယ်တိုင် ဝန်ဆောင်မှု လိုက်ပေးခြင်းဖြစ်သည်။ တကယ်ဆို အရှေး မလိုက်လည်းရသည်။ သို့သော် အရှေးသည် ဝေဒနာကို ကုစားချင်သဖြင့် ဒီခရီးကို လိုက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြေ ... အထူးသဖြင့် သူရှိတဲ့မြေမှာ အရှေး မနေချင်ဘူးလေ။ ပြီးတော့ သူနဲ့လမ်းခွဲဖို့ ဆိုတာလည်း အချိန်တစ်ခုလောက်တော့ အရှိန်ယူရဦးမယ်လေ။ လမ်းခွဲစကားမပြောခင် သူနဲ့ ရင်မဆိုင်ဖို့ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လို့ကြောင့်ပဲ ဒီခရီးကို ထွက်လာခဲ့တာ။ အရှေး ပုဂံရောက်တာနဲ့ Tour အဖွဲ့ကို သွားတွေ့သည်။

သူတို့ သင်္ဘောဆိပ်ဆင်းဖို့ အစီစဉ်ဆွဲထားတာတွေကိုကြည့်ပြီး လိုအပ်တာတွေ ဆက်ညွှန်ကြားသည်။

ညနေဘက်ကျတော့ Tour အဖွဲ့နဲ့အတူ မန္တလေးကို သင်္ဘောဖြင့် တက်ခဲ့လိုက်သည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဝဲယာရှုခင်းတွေကို ခံစားရင်း နိုင်ငံခြားသားတွေကို ရှင်းပြရင်း အရှေး သစ်ခဇော်ကို မေ့မေ့ပျောက်ပျောက် ဖြစ်လာသည်။

သို့သော် ညဘက်ကျတော့ သင်းဆီက ဖုန်းလာသည်။

"ဟဲလို"

"သဲ ... ကိုယ် သဲဆီ လာမလို့ မတွေ့ရတာ ကြာလို့ မျက်နှာလေး လာကြည့်လိုက်ဦးမယ်"

"ဟင် ... အရှေးက အခု ပုဂံကနေ မန္တလေးကို ခုထွက်နေပြီ။ အရှေး ရန်ကုန်မှာ မရှိဘူး ကိုသစ်ရဲ့"





"ဟာ ... သဲက ခရီးသွားတာတောင် ကိုယ့်ကိုမပြောပါလား။ ဘာသွားလုပ်တာလဲ"

"အလုပ်ကိစ္စပါပဲ"

"နေပါဦး ... ညက ကိုယ် သဲဆီ ဖုန်းဆက်တာပဲ။ သဲ ခရီးသွားမယ်လည်း မပြောပါလား။ သဲ ဖောင်းလိတယ်ကွာ"

အရှေး သူ့ကို ဘာမှပြန်မပြောမိ။

"သဲ ... ကိုယ်ပြောနေတာ ကြားလား"

"ကြားပါတယ် ကိုသစ်ရဲ့"

"ဒါဆို တစ်ခုခု ပြန်ပြောလေ"

"အရှေး ရန်ကုန်ပြန်ရောက်တဲ့အခါ တွေ့ပြီးပြောကြတာပေါ့ ကိုသစ်။ ဒါပဲနော်။ အရှေး အခု ဧည့်သည်တွေနဲ့ စကားပြောနေလို့"

အရှေး ဖုန်းပိတ်လိုက်တာကို သူက ထပ်ခေါ်နေသဖြင့် Power off ပစ်လိုက်သည်။ အတုံ့အလှည့်ဆိုတာကို ခံစားကြည့်စေချင်လို့လေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် မန္တလေးမှာ ညှိသည်တွေကို ကိုယ်တိုင်လိုက်ပို့ရင်း အေးဆေး အချိန်ဖြုန်းနေမိသည်။

မန္တလေးကနေ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။

ခရီးထွက်လိုက်ရတော့ အရှေး စိတ်တွေ လန်းဆန်းသွားသည်။

တကယ်တော့ အချစ်ဆိုတာ ဘဝရဲ့မှုန်ဝါးဝါး အစိတ်အပိုင်းလေး တစ်ခုပဲလေ။

တသသ သတိရလို့ ကောင်းပေမယ့် မက်မောစရာတော့ မရှိပါဘူး။

စိတ်ကူးယဉ်လို့ ကောင်းရုံပဲရှိပြီး တကယ်လက်တွေ့ဘဝအတွက်တော့ အရေးမပါ အရာမရောက်ပါဘူးလေ။





Tour အဖွဲ့နဲ့အတူ မန္တလေးမှ ရန်ကုန်ကို လေယာဉ်ဖြင့် ပြန်လာပြီး ရန်ကုန်ရောက်မှ ဖုန်းကိုဖွင့်လိုက်သည်။

"သမီး ... မောင်သစ်ခဇော်နဲ့ ဘယ်လိုဖြစ်တာလဲ။ သမီး ဖုန်းပိတ်ထားလို့တဲ့ ဖေဖေ့ကိုရော၊ ကြီးကြီးကိုပါ လာမေးနေတယ်"

အရှေးသည် ဖေဖေနဲ့ ကြီးကြီးကို အရှေးဆန္ဒကို ပြောပြလိုက်သည်။

"သမီး ... သူနဲ့ လက်မထပ်နိုင်တော့ဘူး ဖေဖေ"

"ဟေ"

အရှေးက အကျိုးအကြောင်း ရှင်းပြလိုက်တော့ ကြီးကြီးက ထောက်ခံသည်။

"အရှေးလေး စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေ။ ယူပြီးမှ အဆင်မပြေကြရင် ပိုဆိုးမယ်"

"မဟုတ်သေးဘူး မမရဲ့။ သမီး သူ့ကို မယူနိုင်ရင် အစကတည်းက မစေ့စပ်သင့်ဘူး။ အခု စေ့စပ်ပွဲ အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com



လူသိရှင်ကြားလုပ်ပြီးမှပျက်ရင် မိန်းကလေးဘက်က ပိုနစ်နာတယ်လေ။ နှစ်ဖက်အသိုင်းအဝိုင်းကြားမှာ ဘယ်လိုမျက်နှာပြကြမလဲ။ ဒီကိစ္စက စိတ်လိုက်မာန်ပါ ဆုံးဖြတ်လို့ရတာမဟုတ်ဘူး"

"ဒါပေမဲ့ သမီး သူ့ကို လုံးဝမယူနိုင်တော့ဘူး ဖေဖေ။ အစကတည်းက ဒီတိုင်းတွဲတာထက် စေ့စပ်ပြီး တွဲတာက ပိုပြီးသိက္ခာရှိမယ်ထင်လို့ သမီး သူနဲ့စေ့စပ်ခဲ့တာ။ သူ့ကို အနီးကပ်လေ့လာချင်လို့ စေ့စပ်ခဲ့တာလည်းပါတယ် ဖေဖေ"

"ခက်တယ် သမီးရယ်၊ ဒီကိစ္စက ကလေးကစားတာမဟုတ်ဘူး။ သမီး လုပ်ချင်သလို လုပ်လို့မရဘူး။ အေးလေ ... ငါ့သမီး သူ့ကို လုံးဝမယူနိုင်ရင်တော့ လူငယ်ချင်းပြောကြပေါ့။ ဒါပေမဲ့ စေ့စပ်ပွဲ ဖျက်ပြီးရင်တော့ ပတ်ဝန်းကျင်ရဲ့အတင်းအဖျင်းတွေနဲ့ သမီး ရင်ဆိုင်ရမယ်နော်"

ကြီးကြီးနဲ့ ဖေဖေ့ကို အသိပေးပြီးတော့ သစ်ခဇော်ဆီ ဖုန်းဆက်လိုက်သည်။





"ဟဲလို ... ပြော"

"ကိုသစ် အရေးတို့ ခဏလောက် တွေ့ကြရအောင်။ အရေး ပြောစရာရှိလို့"

"ကောင်းပြီလေ။ ဆီဒိုးနားမှာ စောင့်မယ်"

"ဟင့်အင်း ... အရေး ကန်တော်ကြီးထဲကပဲ စောင့်မယ်"

"မင်းက ဘယ်လိုမိန်းမလဲ၊ ငါ့စကားကို အမြဲဆန့်ကျင်နေတော့မှာလား"

"ထင်ချင်သလိုသာ ထင်တော့ ကိုသစ်ရယ်။ ကန်တော်ကြီးထဲ လာမှာလား"

"ကောင်းပြီလေ။ နာရီဝက်အတွင်း ရောက်မယ်"

သူမ ကန်တော်ကြီးရဲ့ လူရှင်းတဲ့ တစ်နေရာမှာ ကားကို ရပ်ထားလိုက်သည်။

မကြာခင်ပဲ သစ်ခဇော်ရဲ့ကားက ကန်တော်ကြီးထဲကို တရကြမ်းမောင်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ခ်ကို ဖိနင်းကာ ကားကိုဆောင့်ပြီးရပ်ကာ သစ်ခဖော် ကားပေါ်က ဆင်းလာ၏။

အရေးလည်း ကားထဲက ထွက်လိုက်၏။ တွေ့ကြပြီပေါ့။

❦ ○ ❦





"ကဲ ... အရေး၊ မင်း ဘာလို့ ဖုန်းပိတ်ထားသလဲဆိုတာ အရင်ပြော"

"ဩော် ... ကိုသစ်ရယ်၊ ရှင်လည်း အလုပ်ရှိတဲ့အခါ ဖုန်းပိတ်ထားတာပဲလေ။ အဲဒီတုန်းက အရေး ရှင့်ကို ဘာမှ မပြောခဲ့ဘူးနော်"

"တောက် ... ထားပါ၊ မင်း ဘာလို့ ခရီးသွားတာ ကိုယ့်ကို မပြောတာလဲ။ ကိုယ်ဆို ရန်ကုန်က တစ်လက်မ ရွေ့တာနဲ့ မင်းကိုပြောတယ်"

"အင်း ... အရေး စိတ်ရှုပ်နေလို့ ကိုသစ်နဲ့လည်း စကား မပြောချင်သေးတာနဲ့ ကောက်ကာငင်ကာ တမင်ထွက်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စကားမပြောချင်ဘူး။ နေစမ်းပါဦး။ မင်းက ဘာလို့ကိုယ့်ကို ဘာလို့စကားမပြောချင်ရတာလဲ"

"ကိုသစ် ... အရှေး ရှင်းရှင်းပဲ ပြောတော့မယ်။ ဒီရက်ပိုင်းမှာ အရှေး စဉ်းစားတယ်။ သေချာကို စဉ်းစားတယ်။ ကိုသစ်နဲ့ အရှေး ရှေ့ဆက်ဖို့ မဖြစ်နိုင်ဘူးထင်တယ်၊ ထင်တာ မဟုတ်ဘူး။ သေချာတယ်။ ကိုသစ်နဲ့ အရှေးတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြပါစို့"

"ဟား ... ဖောင်းတာမှ တော်တော့်ကို ဖောင်းတာပဲကွာ။ ပြောပါဦး ... ဖျက်ချင်ရတဲ့အကြောင်းရင်း"

"ရှင်းပါတယ် ကိုသစ်ရယ်။ စိတ်သဘောချင်း မတိုက်ဆိုင်တာက ခိုင်လုံတဲ့အကြောင်းပဲပေါ့"

"စိတ်သဘောချင်း မတိုက်ဆိုင်တာ။ အဟား ... ဒီနေ့ အသစ်အဆန်းတွေချည်းပဲ ကြားနေရပါလား။ ဟား ဟား ပြောပါဦး၊ ဘယ်ကိစ္စတွေမှာ မတိုက်ဆိုင်တာလဲ"

သစ်ခဇော်က ပခုံးတွန့်ကာ ထိမထင်မေးသည်။





"ကိုသစ် ... တိုက်ဆိုင်လား မတိုက်ဆိုင်လား ဆိုတာ ကိုသစ်အသိဆုံးပါ။ ဒီမှာ ကိုသစ်။ အရှေးက အချစ်ကိုတန်ဖိုးထားသလို မိန်းမသားဘဝကိုလည်း တန်ဖိုးထားတယ်။ ဒါပေမဲ့ ကိုသစ်ကတော့ အရှေးကိုလည်း တန်ဖိုးမထားချင်ဘူး။ အရှေး အချစ်ကိုလည်း မလေးစားဘူး။ ဒီမှာ ကိုသစ်။ ကိုသစ်ကို အရှေး တကယ်ချစ်ပါတယ်။ ဒါပေမဲ့ အရှေး ရင်းရတာ ဝါသနာမပါဘူး။ ကိုသစ် ... ကိုသစ်က အရှေး ပြင်သစ်မလိုက်တာနဲ့ မကျေမနပ် ဇာလှဲ့စားတွေ ချေနေတာ။ ဒီလိုလူမျိုးနဲ့ အရှေး လက်မထပ်ရဲဘူး"

"နေပါဦး ... ကိုယ် ဘာတွေ လက်စားချေနေလို့လဲ"

"ဒါကတော့ ပြောနေစရာ မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ် သိမှာပေါ့"

"မဟုတ်ဘူးလေ။ စွပ်စွဲချင်ရင် အတိအကျပြောမှပေါ့။ ထင်ကြေးနဲ့ ရမ်းစပ်လို့တော့ ဘယ်ရမလဲ"

"ရှင်က ယောကျ်ားဖြစ်ပြီး ဝန်မခံရဲတော့လည်း အရှေးက ဆွဲထုတ်မပြချင်ပါဘူး။ ယောကျ်ားတန်မဲ့ ဖုံးကွယ်ထားတာကို အရှေးက ပြောလို့ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



သော်မော်ဆွေကိစ္စကို ဘယ်သူကမှ အစဆွဲမထုတ်ဘဲ လှည့်ပတ်ပြောနေကြသည်။ အရှေးသည်လည်း သူ့ကို မိန်းမကိစ္စနဲ့ မစွပ်စွဲချင်ပါ။ သူ့မှာ တွဲနေသော မိန်းကလေးရှိတာဟာ စေ့စပ်ထားသော အရှေးရဲ့ဂုဏ်သိက္ခာကိုထိခိုက်ပါသည်။ ထို့ကြောင့် သူ တကယ်တွဲနေခဲ့ရင်တောင် အရှေးက ထိုကိစ္စကို မဖော်ထုတ်ချင်တာပင်။ ကိုယ် မကျေနပ်ရင် စေ့စပ်ပွဲ ဖျက်လိုက်ရုံပဲဟုသာ တွေးမိသည်။

"သဲ ... စေ့စပ်ပွဲကို သိပ်ဖျက်ချင်နေသလား"

"ဖျက်ချင်တယ်"

"စဉ်းစားနော် ... သဲက မိန်းကလေး"

"အရှေး အတွက် တွေးပေးလို့ ကျေးဇူးတင်ပါတယ် ကိုသစ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး"

"စဉ်းစားပါဦး"

"သေချာစဉ်းစားပြီးပါပြီ"

"သဲ ကိုယ့်ကို ချစ်တယ်ဆို"





"ချစ်တိုင်းလည်း လက်ထပ်ဖို့ မဖြစ်နိုင်ပါဘူး။ အတ္တတွေ ထုံမွှမ်းထားတဲ့ တစ်ဖက်ကန်းအချစ်မျိုးက အသုံးမှမဝင်တာ။ အဲဒီအချစ်ကို ယုံစားပြီး တည်ဆောက်တဲ့ အိမ်ထောင်ရေးကလည်း အဆင်မပြေနိုင်ဘူးလေ။ ကိုသစ်ကို အရှေး ချစ်ပေမယ့် ကိုသစ်ရဲ့စိတ်ဓာတ်ကို အရှေး တော်တော်ကြီးကို မနှစ်သက်ဖြစ်နေတာလေ။ ဘယ်လိုမှ လက်ထပ်ချင်စိတ် မရှိတော့တာ"

သစ်ခဇော် မျက်နှာတစ်ချက် ပျက်သွားပြီး ...

"ကောင်းပြီလေ။ အရှေးဘက်က ဒီလောက်ခါးသီးနေမှတော့ ကိုယ်လည်း မမက်မောချင်တော့ပါဘူး။ နှစ်ဦးသဘောတူပဲ ဖျက်လိုက်ကြတာပေါ့"

"ကျေးဇူးပဲ ကိုသစ်ခဇော်"

"ဩော် ... အရှေးကို ပြောပြရဦးမယ်။ ကိုယ် ပြင်သစ်သွားတဲ့ကိစ္စလေ။ ကိုယ့်သူငယ်ချင်း ဇော်ဆွေတို့မောင်နှမနဲ့ အလုပ်ကိစ္စ သွားတွေ့တာ။ အဓိက,ကတော့ ဇော်ဆွေ့ညီမ သော်မော်ဆွေနဲ့ပေါ့။ သော်မော်နဲ့ ကိုယ်က ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေမွေးထုတ်ဖို့ စီစဉ်နေကြတာလေ။ ဒေါ်သော်မော်တို့က ငယ်ငယ်တည်းက ပြစ်သစ်ရောက်နေတော့ ဒီမှာ အသိမရှိဘူး။ ပြီးတော့ သူလာတဲ့ကိစ္စက ကိုယ်နဲ့ရှယ်တဲ့ အလုပ်ကိစ္စဆိုတော့ ဒီကို သော်မော်လာတော့ ကိုယ်ပဲ အစစအရာရာ ကူညီရတာပေါ့။ ဒါတွေက အရှေးသာ ပြင်သစ်လိုက်ခဲ့ရင် ကိုယ် ရှင်းပြစရာတောင် မလိုဘူး"

သစ်ခဇော်က စကားကို အဆုံးသတ်ပြီး ပခုံးတစ်ချက်တွန့်လိုက်ကာ မထီတရီပြုံး၏။

"ဝမ်းမနည်းဘူး ကိုသစ်ခဇော်။ ဘာလို့လဲဆိုတော့ လက်မထပ်ရသေးတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဘယ်ကိုမှ ညအိပ်ညနေ ခရီးမထွက်နိုင်တဲ့အတွက် ဈေးစပ်ပွဲကို ဖျက်သိမ်းလိုက်ရတာ အရှေး ကျေနပ်ပါတယ်"

"အရှေး အဲလို ခဏခဏပြောနေတာဟာ ကိုယ့်သိက္ခာကို စော်ကားနေတာပဲကွ။ ဒီမှာ ... မင်း မှတ်ထား။ မင်း အဲဒီလို ကိုယ့်သိက္ခာ စော်ကားတဲ့အတွက် မင်းကို လက်စားချေတာပဲ။ ယောကျ်ားတစ်ယောက်အတွက် ဈေးစပ်ပွဲပျက်





တာဟာ လေ့ကားသုံးထစ် ဆင်းရတာလောက်တောင် ပြဿနာမရှိပါဘူး။ ဗွဒ်ဘိုင် အရှေး"

သစ်ခဇော်က အနိုင်ပိုင်းကာ ကားပေါ်တက်ပြီး မောင်းထွက်သွားသည်။ အရှေးသည် သစ်ခဇော်ရဲ့ စိတ်ဓာတ်ကို လုံးဝနားလည်သွား၏။ ချစ်သော သစ်ခဇော်နဲ့ ဈေးစပ်ပွဲဖျက်ဖို့ သဘောတူပြီးချိန်မှာ အရှေး စိတ်တွေ လွတ်လပ်ပေါ့ပါးနေခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အရှေးနှင့် သစ်ခဇော်တို့ရဲ့ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း အကြောင်းက သတင်းစာထဲမှာ ခုနစ်ရက်တိတိ ပါခဲ့သည်။

သစ်ခဇော် ထည့်တာလေ။ တစ်ရက် နှစ်ရက် ထည့်ရင်တောင်ရရက်နဲ့ ခုနစ်ရက်ထည့်သည်။

အမိက,က အရှေးကို အရှက်ခွဲတာလေ။

အရှေးလည်း တော်တော် နောင်တရသွား၏။ ယောကျ်ားလေးတစ်ယောက်နှင့် လက်ထပ်ဖို့ မသေချာဘဲ စေ့စပ်ခဲ့မိတာကိုပေါ့။

သူသည် ကိုယ်မဟုတ်ပါ။ ပြီးတော့ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် မယုံရပါ။





ယောကျ်ားဆိုတဲ့ သတ္တဝါတွေဟာ လွယ်လင့်တကူ မယုံစားသင့်တဲ့ ဟာတွေပါ။

အရှေးသည် အသည်းကွဲခြင်းကို အသည်းနာရတာတွေနဲ့ ဖြေပါသည်။

ကြီးကြီးကတော့ အားပေးပါသည်။

“ဘာမှ စိတ်မကောင်း မဖြစ်နဲ့ သမီး။ ကိုယ့်ဘက်ကမှားလို့ စေ့စပ်ပွဲ ပျက်တာမှ မဟုတ်တာ။ အေးဆေးပေါ့”

အရှေးလည်း ဖြေပါသည်။ သို့သော် ပတ်ဝန်းကျင်မှာတော့ အရှေးသည် စေ့စပ်ပွဲပျက်ထားသော မိန်းကလေး ဖြစ်ခဲ့ပြီ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် အသည်းကွဲနေသော၊ ညစ်နေသော စိတ်တွေကို အလုပ်ထဲမှာပဲ နှစ်ထားလိုက်သည်။

Tour အဖွဲ့တွေနဲ့ နိုင်ငံအနှံ့လိုက်သလို၊ ဗုဒ္ဓဂါယာလို နိုင်ငံခြားခရီးတွေကိုလည်း ကိုယ်တိုင်ကြီးကြပ်သည်။

ဘာပဲဖြစ်ဖြစ် အရှေးစိတ်ကို ဖြေတတ်သလိုဖြေနေရသည်။

သစ်ခဇော်သည် သူနဲ့ အရှေးအကြောင်းတွေကို သော်မော်ကို ပြောပြလိုက်သည်။

သူ စေ့စပ်ထားတာကို မသိသော သော်မော်ဟာ သူ့ရဲ့စေ့စပ်ကြောင်းလမ်းခြင်း ခုနစ်ရက်တိတိ သတင်းစာထဲ ပါ





လာတာကိုတော့ သိသွားခဲ့၏။ ထို့ကြောင့် သူတို့အကြောင်းပြောပြလိုက်တော့ သူပယောဂမကင်းဟုဆိုကာ စိတ်မကောင်းဖြစ်နေသေးသည်။

သို့သော် မကြာခင်ပဲ သစ်ခဇော်က သူ့ကို အသည်းအသန်ကြွေနေသော အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပွဲကို အကြီးအကျယ် ကျင်းပသွား၏။

ထိုအခါမှ အရှေး အသည်းတွေ ပိုကွဲရသည်။ အရှေးကို သူတို့မင်္ဂလာဆောင်မှာ ပန်းကြဲပေးဖို့ သစ်ခဇော်က လာတောင်းဆိုသည်လေ။

အရှေးသည် သစ်ခဇော်ကို တော်တော်မုန်းသွား၏။ သို့သော် အရှေးသည် သူ့ရဲ့စိန်ခေါ်မှုကို ငြင်းပယ်လို့မဖြစ်ပါ။

ထို့ကြောင့် အရှေး ထိုပွဲကိုတက်ကာ ပန်းကြဲပေးဖို့ ဆုံးဖြတ်လိုက်သည်။

အရှေးသည် သူတို့ဝတ်မဲ့အရောင်ကိုမေးကာ အရှေးရဲ့ဝတ်စုံကို အရှေး ဘာသာချုပ်ဖို့ ပြင်ဆင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မပြင်ဆင်တဲ့ အရှေး။ စေ့စပ်ပွဲတုန်းက တစ်ခါပြင်ဖူးပေမယ့် အဲဒီတုန်းကလည်း ဆံထုံးပဲထုံးတာမို့ သိပ်မသိသာ။

အခု သူတို့မင်္ဂလာပွဲက အနောက်တိုင်းလို ဝတ်မှာမို့ အရှေး တစ်ခါမှ မဝတ်မစားဘူးသောပုံစံ။

အရှေးသည် ကိုယ်နဲ့အတိအကပ် ဖြစ်နေစေမယ့်၊ ပြီးတော့ လမ်းလျှောက်ရင်လည်း မစတ်ကျနေမယ့် ဂါဝန်ကို နာမည်ကြီး ဒီဇိုင်းနာတစ်ဦးဆီမှာအပ်သည်။

ပြီးတော့ အရှေးရဲ့ဆံပင်ရှည်တွေကို လှလှပပဖွင့်ဟပြဖို့ နာမည်ကြီး Hair Designer တစ်ယောက်နဲ့ တိုင်ပင်သည်။

ဖိနပ်ကို အမေရိကားက မှာသည်။ ပင်ဆယ်လ်ဟီး အဖြူဆွတ်ကလေးက ဒေါက်အဖျားလေး ချွန်မြနေသလို တကယ့်စိန်အမှုန်လေးတွေ၊ စိန်အချောင်းကလေးတွေ ခပ်ကျဲကျဲလေးစီထားတာမို့ ခြေလှမ်းတိုင်း ဖြိုးခနဲ ဖျတ်ခနဲ လက်နေသည်။

အရှေးဝတ်ဖို့ စိန်တစ်ဆင်ဆာကို ကြီးကြီး ကိုယ်တိုင် ဒီဇိုင်းခတ်ပေးသည်။





အရှေးကိုတော့ သတို့သမီးနဲ့ မှားတော့မှာပဲ ... ဟား ဟား။

ထိုနေ့က ...။ မှတ်မှတ်ရရ သူ့မင်္ဂလာပွဲနေ့က ကြီးကြီးကိုယ်တိုင် အရှေးကို ကားမောင်းပို့သည်။ အရှေးသည် အိမ်မှာ စိတ်ကြိုက်ပြင်သွားပြီးမှ သူ့ပွဲကို ပွဲချိန်အမီ သွားခဲ့တာဖြစ်သည်။

ခြေလှမ်းလိုက်တိုင်း ခြေဖျားအတိ ညီညာဝဲဖြာနေသော အရှေးရဲ့ဆံပင်ရှည်တွေမှာ အရှေးရဲ့ခန္ဓာကိုယ်နောက်ပိုင်းတစ်ခုလုံး ဖုံးကွယ်ထားကာ နောက်ဖက်ကကြည့်ရင် အနက်ရောင်ကတ္တီပါစကြီး ဖုံးထားသလား ထင်ရသည်။

စိန်ဘီးကုပ်ကလေး တစ်ခုပဲ ထိုးစိုက်ထားပြီး ဒီတိုင်းဖြန့်ချထားသော အရှေး ဆံပင်တွေဟာ ပျော့အိရုံမက တော်တော်ကြီးကို ထူထဲများပြားလှကာ အရမ်းကို လှပနေခဲ့သည်။

ပေါင်လယ်ခန့်သာရှည်တဲ့ ဂါဝန်လေးကြောင့် အရှေးခြေထောက်အလှက ထင်းနေသလို အရှေးစီးထားတဲ့ ဖိနပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖျိုးဖျိုးဖျပ်ဖျပ် လက်နေပုံမှာ မျက်လုံးကျိန်းစရာ။ ဖိနပ်အရောင်က ခြေသလုံးကို ဟပ်ကာ ဝင်းဖြာနေသည်။

ပခုံးပြတ် ဂါဝန်ကလေးကြောင့် အရှေး လက်မောင်းလှလှလေးတွေက ပခုံးပြည့်ပြည့်လုံးလုံးလေးနဲ့ ပနံရလှသည်။

အနားကွပ်ထားတာက စိန်တစ်ဆင်ဆာ။

အရှေးသည် အပြုံးတွေကို ဖောဖောသီသီသုံးကာ အလှပဆုံး ပန်းကြဲပေးလိုက်သည်။

သေချာတာက မင်္ဂလာမှတ်တမ်း ဒီဗီဒီထဲမှာ အရှေး သိပ်လှနေလိမ့်မည်။

သစ်ခဇော်ကိုယ်တိုင် အရှေးကိုတွေ့တွေ့ချင်း ရှော့ခ်ရသွားသည်။

သူ စွန့်ပစ်ခဲ့သော မိန်းမတစ်ယောက်ဟာ သူ့မင်္ဂလာပွဲမှာ နတ်သမီးတစ်ပါးလို လှနေခဲ့သတဲ့လေ။

အရှေးကို ပုံတုံးအဖြစ် မြင်ထားကြသူတွေလည်း အရှေးကိုကြည့်ကာ အံ့သြနေသည်။





အထူးသဖြင့် သူတို့သည် အရှေး ဆံပင်တွေကို ချီးမွမ်းမဆုံးကြ။

Hair product တွေ ထုတ်သော ကုမ္ပဏီတစ်ခုက ဆို အရှေးကို သူတို့ကုမ္ပဏီအတွက် ကြော်ငြာရိုက်ပေးဖို့ ချက်ချင်း လာကမ်းလှမ်းသတဲ့။ သစ်ခဇော်ရဲ့မင်္ဂလာပွဲမှာ အရှေးက စတားဖြစ်သွားသည်။

အရှေးက သစ်ခဇော်နဲ့ စေ့စပ်ပွဲပျက်ထားသူမှန်း သူတို့အသိုင်းဝိုင်းတစ်ခုလုံးက သိကြတာမို့ ပန်းကြဲပေးနေသော အရှေးကို သတို့သမီးထက်ပိုပြီး စိတ်ဝင်စားနေသည်။

သတို့သမီးပင် မျက်နှာပျက်သည်။ သစ်ခဇော်မျက်လုံးတွေက အရှေးဆီ မကြာခဏဝဲသွားလို့လေ။

အရှေးသည် အပူရပ်ကို ဟန်လုပ်နေရသော်လည်း ချစ်သူရဲ့မင်္ဂလာပွဲကို ပန်းကြဲပေးနေရတဲ့အတွက် ရင်ထဲမှာတော့ သည်းတွေ တစ်စစီ ပဲ့ကြွေကျနေပါသည်။

သစ်ခဇော်လည်း ထို့နည်းလည်းကောင်းပင်။ ဘယ်လိုပင် လမ်းခွဲခဲ့ကြပေမယ့် သစ်ခဇော်သည် အရှေးတစ်ယောက်ကိုသာ တကယ်ချစ်ခဲ့ဖူးသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲကြပေမယ့် ကိုယ့်မင်္ဂလာပွဲမှာ ချစ်သူက ပန်းလာကြဲပေးနေတာကို သစ်ခဇော် ကိုယ်တိုင်လည်း ခံစားနေရပါသည်။

ပြီးတော့ ဓေ့စပ်ခဲ့တဲ့အထိ ပတ်သက်ခဲ့ဖူးတာတောင် အရှေး ဆံပင်တွေ ဒီလောက်ရှည်လျားလှပမှန်း မသိခဲ့တဲ့ သူ့ကိုယ်သူ အံ့ဩကာ အရှေးရဲ့ထိန်းသိမ်းနိုင်မှုကိုလည်း ချီးကျူးမိတော့၏။





မင်္ဂလာပွဲပြီးတော့ သစ်ခဇော်တို့ မင်္ဂလာမောင်နှံက ...

"ကျေးဇူးတင်ပါတယ် အရှေး"

အရှေးက အလှပဆုံး ပြုံးပြလိုက်သည်။

"မလိုပါဘူး။ ဒါက အရှေးရဲ့လက်ဖွဲ့ပါ"

အရှေး ပြန်လာတော့ သစ်ခဇော်က ဖုန်းလှမ်းဆက်သည်။

"ဒီပွဲမှာ ကိုယ် ရှုံးပါတယ် အရှေး"

အရှေး မျက်ရည်ကျပါသည်။ ကျွန်မလည်း မနိုင်ပါဘူး ကိုသစ်ရယ်။ ကျွန်မအသည်းနှလုံးကို လမ်းခင်းပန်းအဖြစ် ကြဲချပေးလိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက အရှေးကိုကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် မေ့လိုက်တော့ သမီး"

"မေ့ပစ်ရမှာပေါ့ ကြီးကြီးရယ်၊ အရှေး ထပ်ပြီးအရှုံးမခံနိုင်ပါဘူး"

"အရှေး စိတ်ပြေလက်ပျောက် Chatting ထိုင်ကြည့်ပါလား။ ကြီးကြီးနဲ့ပြောနေတဲ့ သူတွေထဲမှာ ကိုသု ဆိုတဲ့ တစ်ယောက်က မဆိုးဘူး"

အရှေးလည်း သုတရွှေအိုး စကားကို ကြားယောင်ကာ ...။





အရှေးသည် ကျုန်ရစ်သူဖြစ်သည်။ အသည်းကွဲတာချင်း တူရင်တောင် အရှေးကတော့ အထီးကျန်စွာ အသည်းကွဲခြင်း ဖြစ်ပြီး သစ်ခဇော်က သူ့အိုး သူ့အိမ်ထောင်နဲ့ အထီးကျန်အားမှာ မဟုတ်။

အစားထိုး ဖြေသိမ့်စရာက သူ့ဘေးမှာ အဆင်သင့်။

ဒီတော့လည်း အရှေးသည် ဝေဒနာကို ကျိတ်ကုစားဖို့ ဆုံးဖြတ်လိုက်သည်။

ကြီးကြီးဆီက ကိုသု ဆိုသော nick တစ်ခုကို လက်လွှဲယူကာ ...

သို့သော် အရှေးသည် ကြီးကြီး၏ nick ဖြစ်သော ကလေးလေး အဖြစ်တော့ ဟန်မဆောင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသုကို invite လုပ်ပြီးတော့ သူမကိုယ်သူမ true lady ဟု မိတ်ဆက်ခဲ့သည်။

"ဟဲလို"

ကိုသုဘက်က ပြန်ဖြေလာတော့ ...

"true lady ပါ"

"ဟုတ်။ ကိုယ့် nick ကို ဘယ်ကရတာလဲ မသိဘူး"

"ကလေးလေးဆီကပါ"

"ဟုတ်လား၊ ကလေးလေး သူငယ်ချင်းလား"

"သူ့အသိပါ"

"ဩော် ... ဟုတ်ကဲ့ ASL PLZ "

"Lady ဆိုမှတော့ 's'ကို မေးစရာ မလိုတော့ဘူး ထင်တယ်"

"အကျင့်ပါနေလို့ပါ ... ဟား ဟား ... Ok လေ၊ A & L please "

"အသက်က နှစ်ဆယ့်ငါး။ နေတာက သန်လျင်"

"ဩော်"





"ရှင်ကရော"

"ကလေးလေးဆီက သိပြီးရောပေါ့"

"ဟင့်အင်း ... ရှင့် nick တစ်ခုကလွဲရင် ဘာမှမသိဘူး"

"ဩော် ... ဂလိုလား။ ကိုယ်ကလား ... ဟင်းဟင်း ... နေတာက စင်ကာပူ၊ အသက်က နှစ်ဆယ်လေ"

"အင်း ... ရှင်က အမြဲ အသက်နှစ်ဆယ်က မတက်ဘူး ထင်တယ်နော်"

"ဟား ဟား"

"စင်ကာပူက ဆိုတာကလည်း ပုံပြင်တစ်ပုဒ်ပဲမို့လား။ ကျွန်မကတော့ မညာဘူး၊ အမှန်အတိုင်းပဲ ပြောတာ"

"may be"

"ကျွန်မ Chatting မဝင်ချင်တာ အဲဒါတွေပါတယ် သိလား။ Chatting ပြောကြတဲ့သူတွေ အကုန် မုသာဝါဒရဲ့သားကောင်တွေချည်းပဲ။ အကျိုးရှိတာထက် မရှိတာက ပိုတယ်"

"ဟာ ... ဟ၊ ဒါဆို ဘာလို့အခုပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နည်းနည်း အသည်းကွဲနေလို့လေ။ တချို့တွေက ပြောကြတယ်။ အသည်းကွဲနေရင် Chatting ထိုင်ကြည့်ပါလား ဆိုလို့"

"ဪ ... ဒီလိုလား"

"ဒါပဲ ... Good night"

"Ok ... ဪ ... ခဏလေး၊ အသည်းကွဲတာကို Chatting ထိုင်ပြီး ကုစားကြည့်တာ တကယ်သက်သာတယ်ဗျ"

"ကိုယ်တွေ့ထင်တယ်"

"may be"

"Bye"

"Ok ... Bye"

အဲဒီလိုနဲ့ သုတနဲ့ အရွေးတို့ကို Cupid က မျက်စိလည်ပေးလိုက်သတဲ့လေ။

Cupid ခုမှ ချိတ်မိသွားကြသော သုတနဲ့ အရွေးအတွက် အစီအစဉ်တွေ ဆွဲနေမိသည်။





ဒီတစ်ခါတော့ ဒီနှစ်ယောက်ကို အမိအရ ဆွဲစိပေးမှ ရတော့မည်။

အရွေးသည် စိတ်မပါသော်လည်း ကိုသု ဆိုသော nick တစ်ခုနှင့် မကြာခဏ စကားပြောနေမိသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သုတသည် tue lady ဆိုသော nick တစ်ခုလာပြီး မိတ်ဆက်ကတည်းက သူ စွဲလမ်းနေသော ကလေးလေးဆိုသည့် ကောင်မလေးက သူ့ကို Block လုပ်သွားသဖြင့် အိမ်မြှောင်အမြီး ပြတ်၊ ငါးရံ့မြာလူး ဖြစ်နေသည်။

ကျော်ကြီးကို ပြောပြတော့ ...

"မင်းရဲ့ကလေးလေးဆိုတာ အဲဒီ True lady နဲ့ တစ်ယောက်တည်းဖြစ်မှာပေါ့ကွ။ ပထမတော့ သူ့ကိုယ်သူ ကလေးလေး ဆိုပြီး ရှိုးရင်းနဲ့ နောက်တော့ မင်းကိုမညာချင်တော့လို့ nick ပြောင်းပြီး အတည်တွေ ပြောပြတာလားမှ မသိတာ"

"အေး ... ဖြစ်နိုင်တယ်ကွ၊ ငါနဲ့ ကလေးလေး ဘာပြဿနာမှ မရှိဘဲ ဘလိုင်းကြီး Block လုပ်သွားတာကွ။ ငါနဲ့ကလေး လေး ပြောခဲ့ကြတာ ကြာပြီ။ ဒီလိုလုပ်စရာ အကြောင်းမရှိ





ဘူး။ သေချာတယ်။ ကလေးလေးက true lady နဲ့ တစ်ယောက်တည်းပဲ ဖြစ်ရမယ်"

"အင်း ... ဒါဆိုရင်တော့ မင်းဘက်က အမှန်ပြောဖို့ သင့်နေပြီ။ သူက အမှန်ဆက်ဆံနေပြီးမှ မင်းက ဆက်ညာနေရင် သူ မင်းကို စိတ်ပျက်သွားနိုင်တယ်"

"ဒါဆို ငါက ဘာလုပ်ရမှာလဲ"

"လွယ်ပါတယ်။ သူ့လိုပဲ နောက်ထပ် nick တစ်ခုနဲ့ ဝန်ခံလိုက်ပေါ့"

"အေး ... ဟုတ်သားပဲ။ မင်းဦးနှောက်ကို ရွှေချပေးရမယ်"

"မင်းက ပိန်းလို့ပါကွာ။ ဒီလောက်ကတော့ လူတိုင်းစဉ်းစားတတ်ပါတယ်"

"လင်းတ ... ပြောကာမှ ငါ့ကို ပြန်နှိပ်နေတယ်၊ အဝေရာနဲ့တော့ ဝေးတော့မယ်"

"ဘာလဲ အဝေရာ"

"ဟဲ ဟဲ ... မင်း လိုက်မမီတော့ဘူးမို့လား။ အဲဒါ နှစ်ဆယ်ရာစုက ဒိုင်အဟောင်းကြီးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



“ပဲများနေပြန်ပြီ”

“အဝေရာ ဆိုတာ အဝါရည်ကိုပြောတာကွ”

“ဩော် ... ဂလိုလား။ ရှက်ကို နုံးနုံးညှံ့ညှံ့လေး ဘာသာ ပြန်ထားတာ လန်းသားပဲကွ”

“ဩော် ... တစ်ခေတ် တစ်ခါက အသုံးအနှုန်းတွေပဲကွာ။ ဒီလောက်တော့ ရှိမှာပေါ့”

“အေးပါကွာ၊ မင်း ငါ့ဦးနှောက်ကို ရွှေမချရင်နေပါ။ ငါ့ လျှာကိုပဲ အဝေရာနဲ့ မိတ်ဆက်ပေးပါ”

“မင်းကို တိုက်ချင်လွန်းလို့တော့ မဟုတ်ဘူး။ ငါတစ် ယောက်တည်း သောက်ရမှာပျင်းလို့”

“ရတယ် ... ဘယ်လိုပြောပြော သောက်ရဖို့အရေးကြီးတယ်”

အလုပ်တွေ လက်စသတ်ပြီးတော့ ဘီယာဥယျာဉ်သို့ ချီတက်ကြတယ်။

ညနေဆည်းဆာက လှပနေတယ်။ ညနေခြောက် နာရီကျော်ဆိုတော့ လုံးဝကြီးလည်း မမှောင်သေးဘူး။ အလင်း ရောင်ကိုလည်း အပြည့်အဝ မရတော့ဘူး။





အနောက်ဘက်ကောင်းကင်မှာတော့ တိမ်တွေက နေမင်းကြီးကို အရောင်စုံစွာ အလုအယက် နှုတ်ဆက်နေကြတယ်။ ဖြူနီပြာဝါခရမ်း။ ဆည်းဆာချိန်မှာ ရောင်စုံတောက်နေတဲ့ တိမ် တွေကို မြင်ရတာ သိပ်ပြီး စိတ်ချမ်းသာဖို့ကောင်းတယ်။

မှောင်ဖျဖျ အလင်းရိပ်ရိပ်လေးအောက်မှာ ရန်ကုန် မြို့ကြီးက အားမရစွာ လျှပ်စစ်မီးတွေ အပြိုင်ထွန်းလိုက်ကြတယ်။

မှောင်အတိမကျသေးတဲ့ မှုန်ဝါးဝါးလောကကြီးမှာ လျှပ်စစ်မီးတွေ ထိန်ထိန်သာနေတာ ကြည့်လို့ပင်ကောင်းသေး။

ဒါကလည်း မီးမပြတ်လို့ပါ။ အဲဒီအချိန်ကလည်း ဆယ့်ငါးမိနစ်လောက်ပဲ ရှိမယ်ထင်ပါတယ်။ နေမဝင်တဝင် ဆည်းဆာအလှကို ခံစားရင်း ဘီယာအေးအေးလေး စုပ်ရတာလည်း အရသာတစ်မျိုး မဟုတ်လား။ ဘီယာစုပ်ရင်း တဖြည်းဖြည်း ပတ်ဝန်းကျင်က မှောင်လာတယ်။ လမသာတဲ့ညမို့ ကြယ်တွေက အလုအယက် အသုံးတော်ခံလာကြတယ်လေ။

ကျော်ကြီးက စကားစလာတယ်။

“True lady က နှစ်ဆယ့်ငါးနှစ်ဆိုတော့ မင်းနဲ့အတူတူပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"နေတာက သန်လျင်။ မင်းက ထောက်ကြံ့။ တောင်တစ်လှမ်း မြောက်တစ်လှမ်းပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာခေတ်ကတောင်မိချောင်းစီးပြီး သွားသေးတယ်။ ခုခေတ်က အင်ဂျင်ခေတ်ပါကွ။ အရင်လိုလည်း ချောင်းမခြားတော့ဘူး။ တံတားရှိတယ်"

"လူကို တွေ့ဖူးအောင်လည်း အရင်ကြိုးစားပါဦး။ တော်ကြာမှ ကျောက်ပေါက်မာ ဗရုဇ္ဇစ်နဲ့ ဖြစ်နေမယ်"

"ငါ့ကကို ငါ ယုံတယ်ကွ။ သန်လျင်သူဆိုတော့ ရှင်မွေးလွန်းရဲ့ အဆက်အနွယ်တွေပဲ။ ချောမှာပါ"

ဘီယာဆိုတာ ကောင်မလေးအကြောင်း ပြောရင်းသောက်မှ ပိုချိုသတဲ့။ လူပျိုတွေအတွက် ပြောတာပါ။

❦ ○ ❦





အရှေးသည် true heart ဆိုသော nick တစ်ခုလာပြီး invite လုပ်တော့ ရယ်ချင်သွား၏။

အရှေးက ကိုသု ဆိုသော ကောင်လေးတစ်ယောက်တည်းနဲ့ ပြောနေတာလေ။ သူကလွဲရင် ဘယ်သူကများ အရှေးကိုထပ်ပြီး မိတ်ဆွေလာဖွဲ့မှာလဲ။

အရှေးက ဘယ်သူ့ nick မှ မသိသလို ကိုသုကလွဲရင် ဘယ်သူကမှလဲ အရှေးကို မသိသေးဘူးလေ။

ကြီးကြီးတောင် အရှေး nick ကို မသိသေး။

ရယ်တော့ ရယ်ရသားပင်။ သူ ဘာပြောမလဲ သိချင်သဖြင့် အရှေးက သူ့ကို လက်ခံလိုက်သည်။

"ဟဲလို မင်္ဂလာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော"

"asl PlZ "

"25 F Thanlyin"

"ကိုယ်က 25 M Htaukkyant"

"ဩော်"

အရှေး ပြုံးမိသွားသည်။ ဒီတစ်ခါ အသက်နှစ်ဆယ် မဟုတ်တော့ပါလား။ နေတာကလည်း စင်ကာပူ မဟုတ်တော့။ ဘာပဲဖြစ်ဖြစ် အပျင်းတော့ ပြေသားပင်။

အရှေးသည် စိတ်ရင်းက ဒီလို အရည်မရ အဖတ်မရ ကိစ္စတွေကို စိတ်မဝင်စားသော်လည်း ခုချိန်မှာတော့ စိတ်ပြေလက်ပျောက် ဖြစ်ရတာ အမှန်ပါ။

အဲဒီလိုနဲ့ ကိုသုဆိုတဲ့ nick ပျောက်သွားပြီး true heart နဲ့ true lady ဆိုတဲ့ nick တစ်ခုတို့ မကြာခဏ စကားပြောဖြစ်ကြတယ်။

"မင်း ဘာလို့ chatting ထိုင်တာလဲ"

အရှေးက မဆိုင်းမတွပင် ...





"အသည်းကွဲတာကို ကုစားဖို့"

"me II "

"ဟင် ... တကယ်လား"

"တကယ်ပြောတာ။ ဒီကိစ္စက ညာစရာမှ မဟုတ်တာ"

"အဲဒီတော့ ရှင် အသည်းကွဲတာ ပျောက်သွားရောလား"

"အင်း ... ဘယ်လိုပြောရမလဲ။ ကိုယ်ချစ်တဲ့သူဆိုတော့ လုံးဝတော့ မေ့လို့မရဘူးပေါ့။ ဒါပေမဲ့ အရမ်းတော့ မခံစားရတော့ဘူး။ သူ့ကို သတိရလာရင် Chat Room ထဲ ဝင်ပြီး တစ်ယောက်ယောက်နဲ့ စကားပြောလိုက်တာပေါ့"

"အစားထိုးတဲ့ သဘောလား"

"အဲလိုပြောရင်လည်း ရတယ်"

"အေးလေ ... စမ်းကြည့်ရမှာပေါ့"

" true lady က ဘာလို့ အသည်းကွဲတာလဲ"

"အသည်းကွဲတယ်ဆိုမှတော့ ချစ်သူနဲ့ လက်ထပ်ခွင့်မရလို့ ပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … သူက လက်ထပ်သွားပြီလား"

"အင်း"

"ကိုယ်လည်း ဒီလိုပါပဲ။ သူက စေ့စပ်သွားတယ်"

"စေ့စပ်တယ်ဆိုတာ လက်ထပ်တာမှ မဟုတ်တာ။ ရှင် မျှော်လင့်လို့ ရပါသေးတယ်"

"ဟင့်အင်း … သူက ကိုယ့်ကို ဘယ်တုန်းကမှ လက်ခံခဲ့တဲ့သူ မဟုတ်ဘူးလေ"

"ဒါဆို ရှင်က တစ်ဖက်သတ် ကြွတာပေါ့"

"ဆိုပါတော့ဗျာ"

"ဒါဆိုရင်တော့ ရှင်က ကျွန်မလောက် ခံစားရမှာမဟုတ်ပါဘူး။ ကျွန်မတို့က တူနှစ်ကိုယ်ချစ်ခဲ့ကြတာလေ"

"မဟုတ်ဘူးဗျ။ ခင်ဗျားက ပိုဖြေသာတာ၊ ကိုယ်ချစ်တဲ့သူကို ချစ်ခွင့်ရလိုက်သေးတာ။ ကိုယ်ချစ်တဲ့သူကလည်း ကိုယ့်ကို ပြန်ချစ်သေးတာဆိုတော့ ခင်ဗျားက ပိုပြီးဖြေသာတာဗျ"





"ဒါက ယောကျ်ားလေးဘက်က တွေးရင်တော့ မှန်မှာပေါ့။ မိန်းကလေးတစ်ယောက် အနေနဲ့ကျတော့ လက်မထပ်လိုက်ရဘဲ ချစ်သူတစ်ယောက် အဖတ်တင်သွားတယ်လေ။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ တစ်ပွင့်ပန်းပဲ ပန်ချင်ကြတာလေ"

"ဩော် … ဒီလိုလား။ အေးဗျ … မိန်းကလေးဘက်ကိုတော့ ကျွန်တော်က ဘယ်တွေးမိမလဲ။ ဒါနဲ့များ တူနှစ်ကိုယ်ချစ်ရက် ဘာလို့ ဝေးခဲ့ကြသလဲဗျာ"

"ဟုတ်တယ်။ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့လေ။ ဘယ်လောက်ချစ်ချစ် အသွင်တူမှ အိမ်သူဖြစ်သင့်တယ်လေ။ အဲဒါမှလည်း စိတ်ချမ်းသာမှာပေါ့"

"ဒါဆို လက်ထပ်ခြင်းမှာ အချစ်က အဓိကမကျဘူးလား"

"ရှင် ထမင်းစားတာမှာ အချစ်ကအဓိကကျသလား စဉ်းစားကြည့်ပေါ့၊ ချစ်တာက နှလုံးသား။ ထမင်းဆာတာက အစာအိမ်။ မတူဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်တွေကမြင့်တော့ လိုက်မမီဘူးဗျာ"

ဒီလိုနဲ့ပဲ သူတို့တွေဟာ အမှတ်မထင် ရင်ဖွင့်ဖြစ်ကြသတဲ့။

❦ ○ ❦





"By the way, true lady ခင်ဗျားက ကလေးလေးလား"

"မဟုတ်ဘူး"

"ဒါဆို ကလေးလေးနဲ့ ခင်ဗျား ဘယ်လိုပတ်သက်သလဲ"

"အသိတွေပါ"

"ဪ ... ကျွန်တော်က ကလေးလေးကို တော်တော်ခင်သွားတာဗျ။ ဒါပေမဲ့ဗျာ သူက အခု ကျွန်တော့်ကို Block လုပ်သွားတယ်ဗျာ"

"ဟုတ်လား"

"အဲဒါ မကောင်းဘူးဗျာ။ ဘာကျိုင်မှ မလောင်ဘဲနဲ့"

အရှေးက ကိုသု ဆိုသော nick ကို စကားပြန်ပြောရင်း ရယ်ချင်နေသည်။ သူကျတော့ ကိုသု လုပ်လိုက် true heart လုပ်လိုက် လုပ်နေပြီး အရှေးနဲ့ ကြီးတြီးကို တစ်ယောက်တည်း ထင်ကာ လာအစ်နေသည်။ ရယ်ပင် ရယ်ရသေးတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးလေးက စကားပြောတာ ချစ်ဖို့ကောင်းတယ်ဗျ"

"ဟုတ်လား"

"သူက အပြင်မှာ ချောလား"

"ချောတာပေါ့"

"ကျွန်တော် မြင်ဖူးချင်လိုက်တာဗျာ"

"အဟင်း ... ရှင်က true heart ပဲ မို့လား"

"ဗျာ ... မဟုတ်ပါဘူး"

"ရှင် မညာနဲ့၊ ကျွန်မက ကလေးလေးဆီက ရှင့် nick ကို ရတယ်။ ဒါပေမဲ့ ကျွန်မ nick ဖြစ်တဲ့ true lady ကို ရှင် ကလွဲလို့ ကလေးလေးတောင် မသိဘူးရှင့်။ ကျွန်မအသည်း ကွဲပြီး Chatting ထိုင်ဖြစ်တော့ ရှင့်တစ်ယောက်ကိုပဲ invite လုပ်လိုက်တာ။ မကြာခင်ပဲ true heart ဆိုတဲ့ nick ကျွန်မဆီလာပြီး invite လုပ်တယ်လေ။ အဲဒီတော့ ရှင်နဲ့ rtue heart အတူတူပဲပေါ့"

"ကျွန်တော် မဟုတ်ဘဲ ကျွန်တော့်အသိလည်း ဖြစ်နိုင်တာ ပဲ"





"မဖြစ်နိုင်ပါဘူး။ ရှင်က ခုန true heart ကို မသိဘူးလို့ ပြောတယ်လေ။ အဲဒါ• ရှင် ဖြောင်ညာလိုက်တာပဲ။ အဲဒီ မှသာဝါဒကိုကြည့်ပြီး ရှင်ဟာ true heart ပဲလို့ သေချာ သွားတာပေါ့"

"ခင်ဗျား တော်တော်လည်တာပဲ၊ ဒါဆို ခင်ဗျားနဲ့ကလေး လေးကလည်း တစ်ယောက်တည်း ဖြစ်နိုင်တာပဲ"

"ဟင့်အင်း ... မဟုတ်ဘူး။ ကျွန်မနဲ့ ကလေးလေးက သပ် သပ်စီပါ၊ အဲဒါ တကယ်ပြောတာ။ ကျွန်မ မညာတတ်ဘူး"

"ဘာလို့မှန်း မသိဘူး၊ ခင်ဗျားပြောတာကို ယုံမိတယ်"

"အဲဒါ ကျွန်မက မညာလို့ ရှင်ကလည်း ယုံချင်စိတ်ပေါက် တာပေါ့"

"ထားပါတော့၊ ဒါနဲ့ မညာတတ်ရင် တစ်ခုမေးချင်တယ် ဗျာ၊ အမှန်အတိုင်း ဖြေမလား"

"ဖြေနိုင်ရင်တော့ အမှန်အတိုင်း ဖြေမှာပါ။ ဒါပေမဲ့ မဖြေ ချင်ရင်လည်း မဖြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေးတော့ မေးကြည့်လိုက်ဦးမယ်၊ ဖြေတော့လည်း သိရတာပေါ့။ true lady ရဲ့ နာမည်အရင်းကို သိရဲ့ဘူးလား"

"ဟင့်အင်း ... အဲဒီမေးခွန်းကို ကျွန်မ မဖြေနိုင်ဘူး"

"ထားပါ၊ true lady ကျောင်းပြီးပြီထင်တယ်။ ဘာလုပ်လဲ"

"ကုမ္ပဏီတစ်ခုမှာ လုပ်တယ်"

"ဩော်"

"ရှင်ကရော"

"ကျွန်တော်ကတော့ ပွဲရုံနဲ့ စက်ရုံလုပ်ငန်းလေးတွေ တစ်နိုင်တစ်ပိုင် လုပ်တယ်"

"ဩော် ... ရှင်က သူဌေးပေါ့"

"မဟုတ်ပါဘူးဗျာ၊ လူလတ်တန်းစားပါ"

"စီးပွားရေးရော ကောင်းရဲ့လား"

"ဒီလိုပါပဲ ပုံမှန်ပဲ"

"ဩော်"

"true lady ကဘယ်ကုမ္ပဏီမှာ လုပ်တာလဲ"

"ခရီးသွား ကုမ္ပဏီတစ်ခုပါ"





"ဩော်"

သူတို့တွေဟာ တစ်ယောက်အကြောင်း တစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောဖြစ်ကြတယ်။ ကိုသု ဆိုတဲ့လူဟာ နည်းနည်းတော့ထူသည်။ အရိပ်ပြလို့ အကောင်မမြင်တတ်။ သို့သော် သူဟာ ရိုးသားသူတစ်ယောက်ဟုတော့ ခန့်မှန်းလို့ရသည်။

အရှေးသည် ပျင်းပျင်းရှိလျှင် စာဖတ်တတ်သော်လည်း ကိုသစ်ကို သတိရလာရင်တော့ စာဖတ်လို့မရတော့ဘဲ chatting ထိုင်ကာ ကိုသုနဲ့ စကားပြောဖြစ်သည်။

အချစ်ဆိုတာ အစားထိုးလို့ မရပေမယ့် လွမ်းစရာကို နာစရာနှင့်တော့ ဖြေလို့ရပါ၏။ အစားထိုးလို့ မရပေမယ့် ဖြေလို့တော့ရသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယာန်ဘာသာဝင်တွေဆို တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသို့ ပုံမှန်သွားကြ၏။

ကောင်းသောအကျင့်ပေတည်း။

ထိုအခြင်းအရာကို ဆင်ခြင်မိသော အရှေးသည် အရှေးမွေးနေ့တိုင်း ဘုရားတက်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် အရှေးမွေးနေ့က ဗုဒ္ဓဟူးနေ့။ ဗုဒ္ဓဟူးဆိုတော့ ကြားရက်ဖြစ်နေပြီး တစ်ခါတစ်ရံ အလုပ်ရှုပ်ပြီး မသွားနိုင်ရင် ပျက်ကွက်မှာစိုးရသည်။

သို့သော် ဆန်းဒေးလို နားရက်ကျတော့လည်း မနက်စောစောကို အရှေးက ဂေါ့ဖ်သွားရိုက်သေးသည်။

အရှေးသည် အားကစားထဲမှာ ဂေါ့ဖ်ကစားရတာကို ဘယ်လိုစွဲမက်မှန်းမသိ။





မနက်ခင်းရဲ့ကြည်လင်သန့်ရှင်း အေးမြနေတဲ့ လေနုအေးလေးကို ရှူရှိုက်ပြီး ဂေါ့ဖ်ကွင်းရဲ့ မြက်ခင်းစိမ်းတွေပေါ် ခြေချရတာကို တော်တော်စွဲမက်ပါ၏။

ဒီတော့ ဆန်းဒေး မနက်တွေကလည်း ဘုရားတက်ဖို့ နောက်ကျနိုင်သည်။

ထို့ကြောင့် ရက်သတ်သတ်မှတ်မှတ် မထားဘဲ တစ်ပတ်ကို တစ်ရက်တော့ ဘုရားကိုတက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မနက်စောစော ဘုရားတက်ဖြစ်တော့ သုတရွှေအိုးနဲ့ ဆုံပြန်သည်။

သုတရွှေအိုးက ယတြာချေရတာ ဝါသနာပါသော သူ့မိခင်ကို လိုက်ပို့ရတာဖြစ်သည်။

တစ်ရက်တော့ သူ့မိခင် မပါသဖြင့် အရှေးကို သုတက လောကွတ်ချော်သည်။

"အရှေး ... ပြီးရင် ကော်ဖီသွားသောက်ရအောင်"

"ရှင်က ယတြာတွေ ဘာတွေ ယုံကြည်တယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မေမေပါ။ ကျွန်တော်က မေမေ့ကိုလိုက်ပို့ရတာပါ။ မေမေက အသက်ကြီးလာတော့ ကားမမောင်းချင်တော့ဘူးလေ၊ ဖေဖေကကျတော့ ဗေဒင်တွေ ယတြာတွေ လုံးဝအယုံအကြည်မရှိဘူး။ အဲဒါကြောင့် ကျွန်တော်ကပဲ လိုက်ပေးရတာ"

"ဘာပဲဖြစ်ဖြစ် ရှင်က သားလိမ္မာပဲ"

"အဲလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော် တစ်ယောက်ပဲ ပို့မယ့်သူရှိတာဆိုတော့ ..."

"ကဲပါ ... တစ်ဦးတည်းသောသားဖြစ်ကြောင်း ကြွားမနေပါနဲ့။ ကဲ ... ကျွန်မ အလုပ်ရှိသေးလို့ သွားတော့မယ်"

"ကျွန်တော် လိုက်ပို့မယ်လေ အရှေး"

"ကျွန်မ ကားပါတယ်"

"ကော်ဖီရော"

"တော်ပြီ ... ကျေးဇူးပဲ"

"အရှေး"

"ရော့ ... ရှင် ဘာဖြစ်နေတာလဲ"





"ဟိုလေ ... အရှေးတို့ စေ့စပ်ပွဲ ပျက်သွားပေမယ့် သစ်ခဏ်က စေ့စပ်တော့တစ်ယောက်၊ တွဲတော့တစ်ယောက်၊ ယူတော့တစ်ယောက် ဖြစ်နေလို့"

"အဲဒါတော့ ဘာဖြစ်လဲ"

"အဲဒါ ဘယ်လိုဖြစ်တာလဲ"

"သိချင် သူ့သွားမေးပေါ့"

"အရှေး ခံစားနေရလား"

"အဟင်း ... ကျွန်မ သူ့မင်္ဂလာပွဲမှာ ပန်းသွားကြဲပေးသေးတယ်လေ"

"ဟင်"

သုတ တစ်ယောက် ပါးစပ်အဟောင်းသားနဲ့ အံ့ဩနေတုန်း အရှေး လှည့်ထွက်ခဲ့တယ်။ သတင်းစာထဲမှာ စုံစမ်းမေးမြန်းခြင်း သည်းခံပါလို့ ထည့်ထားတာ၊ သင်း မသိဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အရှေးကို Hair Product ကုမ္ပဏီတစ်ခုက ကြော်ငြာရိုက်ဖို့ လာကမ်းလှမ်းသည်။

အရှေးရဲ့ဖုန်းနံပါတ်ကို ဘယ်လိုစုံစမ်းပြီး လာသည်မသိ။

ဒါပေမဲ့ ခက်တော့ မခက်ပါ။ အရှေးတို့ကုမ္ပဏီကို လှမ်းမေးရင် အရှေးဖုန်းကို သိနိုင်တာပင်။

"ဟယ်လို"

"မရှေးရေစက်လား"

"ဟုတ်ပါတယ်"

"မရှေးရေစက် ကျွန်တော်တို့က Star.com Hair Product ကပါ"

"သြော် ... ဟုတ်ကဲ့"





"ကျွန်တော်တို့ ပြောထားတဲ့ ကြော်ငြာကိစ္စလေး အခြေအနေ သိချင်လို့ပါ"

"သြော် ... ဟုတ်ကဲ့၊ အဲဒါကလေ အရှေး အဆံပင်ပြေမယ် မထင်ဘူးရှင့်"

"ဘာဖြစ်လို့လဲ ခင်ဗျာ။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး လိုက်လျောလို့ရပါတယ်။ ကျွန်တော်တို့ Product အတွက် ဒီလိုဆံပင်ပိုင်ရှင်မျိုးကို Role model အဖြစ် ကြော်ငြာခွင့်ရရင် အရမ်းကို ပေါက်သွားမှာပါ။ ကြော်ငြာကို ဗန်ကောက်မှာ ရိုက်ဖို့တောင် စဉ်းစားထားကြတာ ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မက သရုပ်မဆောင်တတ်ဘူးရှင့်။ ပြီးတော့ ကျွန်မရဲ့ဆံပင်တွေကို အများသိအောင် ချပြတာမျိုး မလုပ်ချင်ဘူး"

"စဉ်းစားပေးပါဦးခင်ဗျာ"

"မဖြစ်နိုင်လို့ပါရှင်။ အားတော့နာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... မရှေးရေစက် သရုပ်ဆောင်တတ်စရာတော့ မလိုပါဘူး။ အဓိက ကျွန်တော်တို့က ဆံပင်တွေကို အသားပေး ရိုက်မှာပါ"

"ကျွန်မရဲ့ဆံပင်တွေကို ချမပြချင်တာက အဓိကရှင့်"

"မရှေးရေစက်မှန်း မသိအောင် ရိုက်မယ်ဆိုရင်ရောဗျာ"

"ရှင်"

"ဒီလိုပါ ... မရှေးရေစက်လို့ လုံးဝမသိစေရဘဲ မျက်နှာကိုမပေါ်အောင်ရိုက်ပြီး နိုင်ငံခြားကြော်ငြာလိုလို Creat လုပ်လိုက်မယ် ဆိုရင်ရောဗျာ"

"ကျွန်မ မရိုက်ချင်ပါဘူးရှင်၊ လုံးဝကို မရိုက်ချင်ဘူး"

"ပြန်စဉ်းစားပေးပါဦးဗျာ၊ ဖြစ်နိုင်ရင် ကူညီပါဗျာ"

❦ ○ ❦





အရှေးကို အကြိမ်ကြိမ် အခါခါ ဂျီပူတိုက်တတ်သော Hari Product ကုမ္ပဏီကို အားနာလာကာ အရှေး ထိုကြော်ငြာကို လက်ခံပေးလိုက်သည်။

သို့သော် ကြော်ငြာရိုက်ရာတွင် အရှေးမျက်နှာကို လုံးဝမပေါ်အောင် ရိုက်ရမည်ဟု တောင်းဆိုကာ ထိုကြော်ငြာကို ဇန်ကောက်မှာ သွားရိုက်ခဲ့သည်။

အရှေး မျက်နှာကို မရိုက်ဘဲ ကျောဘက်နဲ့ ဘေးစောင်းအနေအထား ဆံပင်တွေရဲ့ လှပမှုတွေကိုပဲ အနုပညာဆန်ဆန် ပြကွက်လှလှနဲ့ ရိုက်ပြသွားသည်။

ထိုကြော်ငြာက အရမ်းပေါက်သွားသည်။ တော်တော်လေးကို ရောင်းအားတွေ တက်လာသဖြင့် ကုမ္ပဏီက အရှေးကို ကျေးဇူးတင်နေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြော်ငြာဟာ MRTV.MWD.MARV-4 စသဖြင့် ရုပ်မြင်သံကြားလိုင်းတွေမှာ ပလူပျံနေသည်။

ကြော်ငြာဝေါ်ရှိ(တ်)တွေ၊ မဂ္ဂဇင်းကြော်ငြာတွေမှာလည်း အရှေးရဲ့ဆံပင်တွေက လှပနေသည်။

သို့သော် အရှေးမှန်းတော့ မသိကြ။ သိပါ့မလား။ အရှေးက နောက်တွဲဆံထုံးကို ဖြတ်တာမှ မဟုတ်တာ။

သုတရွှေအိုးက ထိုကြော်ငြာကို တော်တော်သဘောကျသည်။

ထိုကြော်ငြာကိုကြည့်ကာ ထိုမျှအထိရှည်သော ဆံပင်တော့ မရှိနိုင်။ ဒါ ကွန်ပျူတာနဲ့ ပြုပြင်ထားတာပဲ ဖြစ်ရမည်ဟု ထင်နေသည်။

အပြင်မှာ အဲဒီလောက်ထိ ဆံပင်ရှည်ထားတဲ့ မိန်းမ ရှိရင် သိပ်ကောင်းမှာပဲဟု တွေးနေမိသည်။

ထိုဆံပင်တွေက သူ့ကို တော်တော်ဖြားယောင်းဆွဲဆောင်နိုင်သည်။





ထို့ကြောင့် သူ true lady ကိုတောင် မေးမိသေးသည်။

"true lady ဆံပင်အရှည်ထားရတာ ကြိုက်လား"

"ဘာလို့လဲ"

"ကျွန်တော်က ဆံပင်ရှည်တဲ့ မိန်းကလေးတွေကို သဘောကျလို့ဗျ။ Star. com ခေါင်းလျှော်ရည်ကြော်ငြာဆို ကျွန်တော် အရမ်းကြိုက်တာပဲ။ ဒါပေမဲ့ ဒီခေတ်မှာ အဲဒီလောက် ဆံပင်ရှည်တဲ့မိန်းမ မရှိနိုင်တော့ဘူး ထင်ပါတယ်ဗျာ ... နော်။ ကွန်ပျူတာနဲ့ ပြုပြင်ထားတာပဲ ဖြစ်ရမယ်။ ဒါပေမဲ့ ကြည့်ရတာ တော်တော်မိုက်တယ်ဗျ"

"ဟုတ်လား"

"ဟုတ်တယ် ... ခင်ဗျားရော အဲဒီကြော်ငြာကို ကြိုက်လား"

"ဟင့်အင်း ... ကျွန်မက ကြော်ငြာတွေ သတိထားပြီးမကြည့်ဖြစ်ဘူး"

"ဪ"

အရှေးက ကိုယ့်ကြော်ငြာကို ကြိုက်တယ်ပြောသဖြင့် သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားမစပ် ခင်ဗျား ဆံပင်ရှည်လား"

"မိန်းကလေးပဲရှင်၊ ခေါင်းတုံးဆံတောက်နဲ့တော့ နေပါ့မလား"

"ဟရို့ မိန်းကလေးတွေဆို ယောကျ်ားလေးတွေလောက်တောင် ဆံပင်မရှည်ကြဘူးဗျ"

"ဆံပင်အတိုအရှည်က လူတစ်ယောက်ကို ဘာမှမပြောင်းလဲပေးနိုင်ပါဘူးရှင်။ ဆံပင်ရှည်ပြီး စိတ်မရှည်တတ်ရင် ဘာမှအသုံးမဝင်ပါဘူး"

"ဒါတော့ ဒါပေါ့ဗျ။ ဒါပေမဲ့ မိန်းမတို့ဘုန်း ဆံထုံးဆိုတာကလည်း ရှိသေးတယ်လေဗျာ။ ခင်ဗျား တော်တော်စကားကပ်ပြောတာပဲ"

"အဟင်း ... ရှင်က ရယ်ရတယ်"

ဘာပဲဖြစ်ဖြစ် အရှေး သူနဲ့စကားပြောရတာ ပျော်ပါသည်။

❦ ○ ❦





မိုးကလည်း ကောင်းလိုက်တာ။ သဲသဲမဲမဲကို စွဲနေတော့တာပဲ။

ဒီနေ့က ဆန်းဒေး ဆိုပေမယ့် Tour အဖွဲ့တစ်ဖွဲ့ရောက်လာ၍ လေဆိပ်ကြို၊ ဟိုတယ်ပို့နဲ့ အရှေး အလုပ်ရှုပ်နေမိသည်။

စီးပွားရေးသမားတွေကို ဟိုတယ်ပို့၊ ဒီညေ့သည်အဖွဲ့ကို တာဝန်ယူမည့် ညေ့လမ်းညွှန်ကိုမှာစရာရှိတာ သေချာမှာပြီး မိုးတွေအရမ်းရွာလာသဖြင့် အရှေး ပြန်လာခဲ့၏။

ညနေလေးနာရီခွဲနေပြီ။ မိုးကလည်း အရမ်းကိုကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့က သန်လျင်ထိ ပြန်ရမှာလေ။ မြို့ထဲက တိုက်ခန်းမှာပဲ အိပ်လိုက်လို့ ရပေမယ့် မနက်ဖြန် လုပ်စရာရှိတဲ့ စာရွက်စာတမ်းတွေက သန်လျင်အိမ်မှာ ကျန်ခဲ့တာမို့ မဖြစ်မနေ ပြန်ရတာပင်။

မိုးသည်းနေသဖြင့် ကားက မြန်မြန်မောင်းလို့မရ။

မှန်မှန်မောင်းလာရင်း သန်လျင်တံတားပေါ် ရောက်လာသည်။ မိုးက ပိုသည်းလာသလိုပဲ။ ရုတ်တရက် လျှပ်စီးလက်သွား၏။ အို ... အရှေ့ကြောက်လိုက်တာ။ မိုးခြိမ်းသံက ကျယ်လောင်စွာ။ ဘုရား ... ဘုရား။

အို ...။ အရှေ့ကား ထိုးရပ်သွား၏။ တံတားပေါ်မှာ ကားကိုရပ်လို့ မရဘူးဆိုတဲ့ အသိဝင်လာတော့ ကားကိုစက်အမြန်နှိုးလိုက်၏။

ကားက ဖွတ်ချက် ဖွတ်ချက်နှင့် ထိုးရပ်သွား၏။ ဘုရား ... ဘုရား။

ကား ဘာဖြစ်တာပါလိမ့်။





အရှေ့ကားက Model အမြင့် နောက်ဆုံးနံပါတ်ကြီးပါ။ အသစ်စက်စက်ကားက ဘာဖြစ်တာပါလိမ့်။

နောက်က ကားတွေကလည်း ဟွန်းတီးကုန်ပြီ။ ဒုက္ခ။ ကားအသစ်ကြီး ပျက်နေပြီ။

သြော် ... ဒါဟာ စက်ပစ္စည်းသင်္ခါရများလား၊ အရှေ့ကလည်း ကားသာမောင်းတတ်တာ ကားတော့ မပြင်တတ်။ ထို့ကြောင့် ကားကို အမြင့်ကားပဲ စီးကာမှ ပျက်သတဲ့။

"ဒေါက် ... ဒေါက်"

အို ... လူတစ်ယောက် အရှေ့ကားမှန်ကို လာခေါက်နေသည်။

နောက်ကားကလူပဲ ဖြစ်ရမည်။ မိုးစက်တွေနှင့်မို့ ရုပ်ကို သဲကွဲစွာ မမြင်ရ။

နောက်ကိုကြည့်လိုက်တော့ တခြားကားမရှိတော့။ ဒီလူရဲ့ကားတစ်စီးပဲရှိသည်။ မိုးတွေက ပိုသည်းလာ၏။ လျှပ်စစီးတွေက ဝင်းခနဲ၊ လက်ခနဲ ပြိုးပျက်ကာ မိုးခြိမ်းသံကလည်း ကြောက်စရာ။



www.burmeseclassic.com

ဟင့်အင်း။ အရှေး ကားတံခါး မဖွင့်ပေးရဲပါဘူး။

"ဒေါက် ... ဒေါက် ... ဒေါက်"

ဒုက္ခပဲ ထိုလူက ကားတံခါးကို အဆက်မပြတ်ကို ခေါက်နေတာ။

အရှေး အရမ်းကိုကြောက်နေသည်။ ဖေဖေ့ဖုန်းကို ခေါ်လိုက်သည်။

ခေါ်မရပါလား။

ကြီးကြီးဆီကိုလည်း ခေါ်မရ။ သန်လျင်အိမ်ဖုန်းကို ခေါ်တော့လည်းမရ။ ဒုက္ခပဲ။

"ခွမ်း"

အို ... ဘုရားရေ။ ထိုလူ အရှေးရဲ့ကားမှန်ကို ခွဲလိုက်ပြီ။

ကားမှန်အကွဲမှတစ်ဆင့် အထဲကို အကဲခတ်ကာ အရှေး တစ်ယောက်တည်းမှန်း သိသွား၏။ ထိုလူဆီက အရက်နံ့လည်းရသည်။





အရှေး ကားထဲမှာ ဘာလက်နက်မှ မပါ။ ထိုလူက အရှေးရဲ့ကားတံခါးကို အတင်းဆွဲဖွင့်နေသည်။ အရှေးရဲ့ကားက Auto locked ဆိုတော့ သူ ဖွင့်လို့မရ။

ဖွင့်လို့မရတော့ မှန်ကွဲတံခါးက တစ်ဆင့် အရှေးကို လှမ်းဆွဲသည်။ အရှေး ဘယ်လိုလုပ်ရမလဲ။

ဒီဘက်ကနေ ဆင်းပြေးရင်ရော လွတ်ပါ့မလား။

တံတားပေါ်ဆိုတော့ တစ်လမ်းမောင်း ဖြစ်နေသည်။

မိုးအရမ်းရွာနေလို့ ကားအသွားအလာက ကျဲနေသည်။

အရှေးသည် တစ်ဖက်ကို အရမ်းကပ်နေတော့ သူ ဆွဲလို့မရဘဲ အရှေးရှိနေတဲ့ဘက်ခြမ်းကို လာနေသည်။ ဘုရား။ ကားမှန်ကို ထပ်ရိုက်ခွဲဦးမှာလား။ အရှေး မျက်ရည်တွေကျလာသည်။

ကားတံခါးကိုဖွင့်ပြီး ဆင်းပြေးမိသည်။ မိုးက ကောင်းလွန်းလှသည်။ အရှေး ကားထဲက ထွက်တာနှင့် ရွှဲရွှဲစိုသွားသည်။

www.burmeseclassic.com



အရှေးရဲ့ကတ္တူပါဖိနပ်လေး ကျွတ်ခဲ့၏။

နောက်ကို လှည့်ကြည့်လိုက်တော့ လူရမ်းကားက တော်တော်နီးကပ်လာပြီ။ အားကုန်သုံးပြီး ပြေးရင်း ဘုရားကို အာရုံပြုထားလိုက်သည်။

ထို့နောက် အရှေးကို ထိုလူမိုက်လာကာ အရှေးလက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်သည်။

❦ ○ ❦





"မေမေရယ် ... မိုးတွေ ဒီလောက်ရွာနေတာ မေမေ့ယတြာက နောက်နေ့မှချေလို့ မရဘူးလား"

"ဟယ် ... မရဘူး သားရဲ့။ ယတြာချေတယ်ဆိုတာက သူ့နေ့ သူ့အချိန် ကိုက်အောင်လုပ်ရတာ၊ အဲဒါမှ နက္ခတ်မိတာ သားရဲ့"

"ကျွတ်"

မိုးဒီလောက်ရွာ။ ကားမောင်းရတာ မကောင်းနဲ့ သုတ မေမေ့ကို စိတ်တိုနေသည်။ သန်လျင်ကျိုက်ခေါက်ဘုရားမှာ ယတြာသွားချေရမတဲ့။

မိုးရွာလို့ အပြင်မထွက်ဘဲ ဇိမ်နဲ့နှပ်နေတဲ့ သုတကို အတင်းချောဆွဲလာတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကကားတွေ ဘာဖြစ်တာလဲ မသိဘူး"

မေမေပြောမှ ရှေ့မှာ ကားနှစ်စီး ဆင့်ရယ်ထားတာတွေ့ရသည်။

ဒီတံတားပေါ်မှာ ကားရပ်ခွင့်မရှိဘူး။ စက်ကားပျက်နေတာပဲ ဖြစ်ရမည်။

"ဟော ... သားရေ၊ ဟိုမှာ မိန်းကလေးတစ်ယောက် ဆင်းပြေးတယ်၊ ဟယ် ... သား၊ ဟိုနောက်က လူရမ်းကား ထင်တယ်"

သူတို့တွေ အနားရောက်တော့ ကောင်မလေးကို လူရမ်းကားက ဆွဲလားရမ်းလား လုပ်နေပြီ။ သူ ကားရပ်ပြီးဆင်းဖို့ပြင်တော့ ...

"သား မသွားနဲ့လေ၊ ဘာမှန်း ညာမှန်းမသိ"

သူ မေမေ့ကို ပြန်မပြောအားတော့။ ရှေ့မှာရပ်ထားတာ အရှေးရဲ့ကား။

သူ ဆင်းကာ အရှေးကို ဆွဲယမ်းနေသော သကောင့်သားကို ပြေးထိုးလိုက်သည်။





သကောင့်သားက မှူးနေတာ။ အရက်နံ့က စူးရှပြီး ထောင်းထောင်းထနေသည်။

အမူးသမားကို ဆွဲသိပ်နေတုန်း တံတားမှာစောင့်တဲ့ တာဝန်ကျရဲတွေ ရောက်လာကာ ထိုလူရမ်းကားကို ဖမ်းခေါ်သွားသည်။

"သုတ"

"အရှေး ... တော်သေးတာပေါ့၊ ဘာမှမဖြစ်လို့"

"ကျေးဇူးတင်လိုက်တာ သုတရယ်"

"အရှေး ... ကိုယ့်ကားထဲ သွားထိုင်နေ။ အရှေးကားကို တစ်ချက်ကြည့်ပေးမယ်"

အရှေးကားကို သူ စစ်ဆေးကြည့်သော်လည်း တစ်စုံတစ်ရာ ပြဿနာရှာမတွေ့။ သူ့အသိကားဘော်ဒီရုံကို ဖုန်းလှမ်းဆက်ကာ ကားလာဆွဲပေးဖို့ပြောပြီး သူတို့ဘော်ဒီရုံက ကားအလာကို ခဏစောင့်ရသည်။

လူရမ်းကားရဲ့ကားကိုတော့ ရဲတွေက မောင်းသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်ရောက်တော့ အရှေး တစ်ကိုယ်လုံး မိုးရေတွေစိုရွှဲကာ ခိုက်ခိုက်တုန်နေသည်။

မေမေက ခြုံထဘက်လေးပေးပြီး ...

"သမီး ဆံပင်တွေ အရင်သုတ်လိုက်။ မဟုတ်ရင် ဒုက္ခရောက်မယ်"

အရှေးရဲ့ဆံပင်တွေက ကပိုကရို ပြေကျနေသည်။ အရှေးရဲ့ပါတိတ်ဝမ်းဆက်လေးက စိုနစ်နေပြီး တစ်ကိုယ်လုံးကပ်နေသည်။

သုတက မျက်နှာလွှဲကာ ...

"အရှေး ... ကိုယ် ကားဘော်ဒီရုံကို ခေါ်ထားတယ်၊ သူတို့ ကားလာယူတဲ့အထိ ခဏစောင့်ရမယ်"

"သုတရယ် ... ကျေးဇူးပါပဲ"

"ရော ... ကိုယ့်မိုးကာ၊ ခဏ ဝတ်ထားလိုက်"

အရှေးက ကြောက်တာရော ချမ်းတာပါ ပေါင်းပြီး တုန်ခိုက်နေသဖြင့် မငြင်းနိုင်ဘဲ ဝတ်ရှာ၏။





"သမီး ... ဆံပင်ကို ဖြေချလိုက်လေ။ ဆံပင်မခြောက်ရင် ရေတစက်စက်ကျပြီး ပိုအေးလိမ့်မယ်၊ ပြောင်အောင်သုတ်ပစ်"

မတတ်နိုင်တော့ ။ တော်တော်ကို ချမ်းတုန်နေပြီမို့ အရှေး ဆံပင်တွေကို ဖြေချလိုက်ရတော့သည်။

"ဟယ် ... သမီး ဆံပင်တွေ ကောင်းလိုက်တာ။ ထူလည်းထူ။ တော်တော်လည်းရှည်တာပဲ။ ပြောင်အောင်သုတ်သမီး။ သမီး ဆံပင်တွေ တော်တော်နဲ့ခြောက်မှာမဟုတ်ဘူး"

မေမေ့အသံကြောင့် သုတ နောက်လှည့်ကြည့်မိသွားသည်။

ဆံပင်ရှည် တအိုတခဲကြီးကို ရင်ခွင်ထဲ ပွေ့ပိုက်ရင်း ရေသုတ်နေသော အရှေးကို တွေ့လိုက်ရတော့ ငေးခနဲဖြစ်သွား၏။ လှလိုက်တာ ... ဆံပင်ရှည်တွေကလည်းလှ၊ ဆံပင်တွေနဲ့ အရှေးကလည်း တော်တော်လှတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရှေး ဆံပင်တွေ ဒီလောက်အထိရှည်မှန်း သူ မသိခဲ့။ သူ ကြည့်နေတော့ အရှေးက မျက်နှာလေး နီနေသည်။

"အရှေးဆံပင်တွေ ဒီလောက်ရှည်မှန်း မသိဘူး"

"အင်း"

အရှေးက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ သူ တမေ့တမောကြီး ကြည့်နေတာကိုလည်း ရှက်သည်။

သူ့အမေကတော့ ဆံပင်တွေကို တော်တော်သဘော ကျနေပုံပဲ။

ကားဘော်ဒီရုံက ကားလာဆွဲသွားပြီမို့ အရှေးတို့ သန်လျင်သို့ ဆက်ထွက်ခဲ့ကြသည်။ သူ့အမေယတြာချေမယ့် အစီအစဉ်လည်း ပျက်သွားခဲ့၏။

❦ ○ ❦





အရှေးတို့အိမ်ကြီးက သန်လျင်မြို့ရဲ့ လူကုံထံတွေ နေတဲ့ ဆိတ်ငြိမ်ရပ်ကွက်မှာဖြစ်ပြီး ခြံက နှစ်ကွက်တွဲကြီးမို့ တော်တော်ကျယ်သည်။ အိမ်ကို ခြံရဲ့အလယ်တည့်တည့်မှာ ဆောက်ထားပြီး ရေဂူးကန်၊ တင်းနစ်ကွင်း၊ မြက်ခင်း၊ ပန်းပင် စတာတွေက သူ့နေရာနဲ့သူ စနစ်တကျ အကွက်ဖော်ထားသဖြင့် သာယာလှသည်။

ခြံထဲ ကားကွေ့ဝင်လာတော့ မိုးက တော်တော်စဲ သွားပြီ။

အရှေးက အမြန်ဆင်းကာ ...

"အိမ်ထဲဝင်ပါဦး အန်တီ။ သုတ ဝင်ပါဦး။"

အန်တီက ဆင်းလာသဖြင့် သုတပါ မနေသာတော့။



www.burmeseclassic.com

www.burmeseclassic.com



"မတူးရေ ကော်ဖီပူပူလေး လုပ်ပါဦး"

အရေးက အိမ်ထဲ အော်လိုက်ပြီး ...

"ခဏနော် အန်တီ၊ အဲရေး အင်္ကျီသွားလဲချင်လို့"

"လုပ်ပါ သမီး၊ မြန်မြန်လဲလိုက်

"သုတ အင်္ကျီလဲလိုက်ပါလား။ ဖေဖေ့အင်္ကျီ ယူပေးမယ်"

"ရတယ် အရေး၊ ကိုယ်က တော်တော်ခြောက်သွားပြီ"

အရေးက အဝတ်သွားလဲပြီး ဆံပင်တွေကို မွှေးပွ တဘက်ဖြင့်ပတ်ကာ ပြန်ဆင်းလာ၏။

"အန်တီ တဘက်ကိုတော့ နောက်မှ အစားပြန်ပေးတော့မယ်နော်"

"ရတယ် သမီးရဲ့၊ မပေးပါနဲ့တော့"

"ကော်ဖီပူလေး သောက်ပါဦး အန်တီ။ အိမ်မှာ ညစာစားသွားပါဦး"

"တော်ပြီ သမီး၊ မမောင်ခင်ပြန်မှ မိုးတွင်းဆိုတော့ ကားမောင်းရတာ သိတဲ့အတိုင်းပဲ"





"ဟုတ်တယ်၊ သမီးကားလည်း လုံးဝအသစ်ကြီး။ ဒါပေမဲ့ စက်ပစ္စည်းဆိုတော့ အစိုးမရပါဘူး အန်တီရယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ တရားသဘောနဲ့ ကြည့်ရင်တော့ ဘာမှမမြဲဘူး"

"မေမေ သိရက်နဲ့ ဘာလို့ယတြာတွေ ချေနေတာလဲ"

"တယ် ... ဒီကောင်လေး"

သုတနဲ့ သူ့အမေကိုကြည့်ကာ အရေး ပြုံးနေ၏။

"ဒါနဲ့ သမီးတို့အိမ်သားတွေရော"

"ဖေဖေနဲ့ ဖေဖေ့အစ်မ ကြီးကြီးပဲရှိတာ အန်တီ။ ကြီးကြီးက မြို့ထဲက ပြန်မလာသေးဘူး။ Hi-Class အိတ်ဆိုင်က ကြီးကြီးဖွင့်ထားတာလေ"

"ဩော် ... Hi-Class လား၊ အန်တီတို့ အားပေးနေကျဆိုင်ပဲ။ ဆိုင်ရှင်အစ်မက ဖော့ရွှေလေ။ တကယ်သဘောကောင်းတယ်"

"ဟုတ်တယ်၊ အဲဒါ အရေးကြီးကြီး။ ဖေဖေကတော့ သူ့မိတ်ဆွေတွေဆီ သွားနေလား မသိဘူး အန်တီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မိသားစုသုံးယောက်တည်းပေါ့။ အန်တီတို့လည်း သုံးယောက်ပဲ၊ သားနဲ့ အန်တီတို့လင်မယားပဲလေ။ သားက တစ်ဦးတည်းသော သားဆိုတော့ အဖော်မင်တယ်။ ဟင်း ဟင်း"

သုတမေမေက ရယ်ရှင်မင်းသမီး ခေတ်အမေပီပီ ထည့်နေသည်။

အရေးတို့ ကြွယ်ဝပုံနဲ့ အရေး နေပုံထိုင်ပုံကို လွတ်သဘောကျနေပြီလေ။

"ကဲ ... ပြန်မယ် သမီးရေ၊ မိုးချုပ်ရင် မကောင်းဘူး"

"ဟုတ် ... ကျေးဇူးအများကြီးတင်ပါတယ် အန်တီ။ အန်တီတို့နဲ့မတွေ့ရင် သမီး ဒုက္ခရောက်နေလောက်ပြီ။ သုတ ... တကယ်ကို ကျေးဇူးတင်တယ် သိလား"

"ရပါတယ် သမီးရယ်။ ပြောစရာမလိုပါဘူး။ သားနဲ့ သူငယ်ချင်းတွေပဲကို"

"အန်တီ ယကြာချေဖို့ ပျက်သွားတဲ့အတွက်လည်း တောင်းပန်ပါတယ်"





"ရတယ် သမီး၊ နောက်တစ်ပတ်လုပ်လို့ ရတယ်"

"မေမေတို့ ရချင်တော့လည်း ချက်ချင်းပဲ"

"ကောင်လေးနော် ... မအေကို"

သုတတို့သားအမိ ထွက်သွားမှ ...

"မတူးရေ ... လာပါဦး"

မတူးကိုခေါ်ပြီး ဆံပင်တွေ လေမှုတ်ရေသုတ်နဲ့ လူက ဆတ်ဆတ်တုန်နေပြီ။

ကြီးကြီးနဲ့ ဖေဖေတို့ ပြန်လာလို့ အကျိုးအကြောင်း ပြောပြတော့ ကြီးကြီးရော ဖေဖေပါ စိတ်တွေပူကာ ...

"တော်သေးတာပေါ့ သမီးရယ်၊ အသိနဲ့တွေ့လို့"

"အရေးလည်း တစ်ယောက်တည်း သွားရမှာတောင် လန့်လာပြီ ဖေဖေရယ်"

"ကဲ ... ငါ့မောင်၊ ငါတို့ မြို့ထဲပြောင်းနေသင့်ပြီ ထင်တယ်နော်။ ဒီမှာနေရတာ ကောင်းတယ်ဆိုပေမယ့် သွားရေးလာရေးက ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရွှေ့ဖို့ စဉ်းစားရတော့မယ်၊ ဒီအိမ်နဲ့ ခြံက လည်း ဘိုးဘွားပိုင်ဆိုတော့ နှမြောလို့သာ"

"မတတ်နိုင်ဘူးဟယ်၊ ဒီမှာ တစ်ချိန်လုံးနေဖို့မှ မဖြစ်နိုင်တာ"

"ရှေးကတော့ မြို့ထဲ မြန်မြန်ပြောင်းချင်ပြီ"

အဲဒီလိုနဲ့ပဲ ...။

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(၈)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





အရှေး ဒီရက်ပိုင်း Chatting မထိုင်ဖြစ်ပါ။ အရှေးကားက ပျက်နေသဖြင့် ကုမ္ပဏီကကားကိုပဲ အသုံးပြုနေရသည်။

သန်လျင်လည်း မပြန်တော့ဘဲ မြို့ထဲက တိုက်ခန်းမှာပဲ ကြီးကြီးနဲ့အတူ နေဖြစ်သည်။

သုတရဲ့အကူအညီကြောင့် ကားပြင်ပြီးတော့ သုတကို ကော်ဖီတိုက်ဖြစ်သည်။

"ဖြစ်နိုင်ရင် နေ့လယ်စာ ကျွေးချင်တာ"

"ကျေးဇူးပါဗျာ။ ကော်ဖီနဲ့ပဲ ကျေနပ်ပါ"

သုတက နောက်တွဲဆံထုံးလေးနဲ့ အရှေးကိုကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အရှေးဆံပင်တွေ ဒီလောက်လှတာ။ ဘာလို့ အမြဲထုံးထားတာလဲ"

"မိန်မတို့ဘုန်း ဆံထုံးတဲ့"

"ဩော် ... အဲဒါကြောင့်ထုံးထားတာလား"

"ကျွန်မက ဆံပင်ချထားရတာကို ဝါသနာမပါဘူးရှင့်"

"အရှေး ဆံပင်တွေ တော်တော်ရှည်တာပဲ။ တကယ်လှတယ်။ တကယ်လေးစားတယ် သိလား။ ဒီခေတ်ကြီးမှာ ဒီလိုဆံပင်ရှည်ထားတဲ့ မိန်းကလေးမျိုး ရှားသွားပြီဗျ"

"အဟင်း"

သုတက အရှေး မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ မြင်ယောင်လာတာက အရှေးရဲ့ဆံပင်ထွေးအိအိလေးတွေ။

အရှေးကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်သိမ့် မြတ်နိုးနေမိသည်။

တကယ်တော့ အရှေးသည် ဣန္ဒြေရှင် မိန်းမသားတစ်ဦးပါ။





ဝတ်တာစားတာ နေတာထိုင်တာ အားလုံးဘာမှပြောစရာမရှိ။

ရိုးရှင်း တည်ကြည်ပေမယ့် ထက်မြက်၏။

အလန်းလေးတွေမှ ကြိုက်တတ်သော သုတရဲ့စိတ်တွေ ယိုင်နဲ့လာသည်။ ပုံတုံးသည်ဟု ထင်ခဲ့သော အရှေးကို တမြတ်နိုးနိုး ဖြစ်နေမိတာ ထူးဆန်းသည်။ အရှေးဆံပင်တွေက ဆွဲဆောင်သွားတာလား။

စူးစူးရှရှကြီး ကြည့်နေသော သုတအကြည့်တွေကြောင့် အရှေး ရှက်သွားသည်။

သုတ ငါ့ကို ဘယ်လိုကြီးကြည့်နေပါလိမ့်။ ဒါပေမဲ့ မသိစိတ်ကတော့ ဘာလို့ကြည့်သလဲ ဆိုတာကို သိနေသည်။

ဒါပေမဲ့ အရှေးအတွက် အချစ်သစ်တစ်ဖန် မွေးဖွားဖို့ မဖြစ်နိုင်တော့။ လတ်တလောမှာ အရှေး အသည်းကွဲနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



Cupid သည် နှစ်ဆယ့်တစ်ရာစုတွင် အင်တာနက်ကို လက်နက်အဖြစ် အသုံးပြုခဲ့သည်။

ထို့ကြောင့် Cupid သည် အင်တာနက်တွင် Chat room တွေ အများကြီး ဖန်တီးခဲ့သည်။

Chat room တွေမှာဆုံပြီး လက်ထပ်ဖြစ်သွားကြတဲ့ စုံတွဲတွေ တော်တော်များလာသဖြင့် it cupid လည်း တော်တော်လေး သက်သာလာသည်။ ခေတ်စနစ်တွေက ပြောင်းတာကိုး။

မဟုတ်ရင် ကမ္ဘာအရှေ့ခြမ်းကလူနဲ့ အနောက်ခြမ်းကလူတို့ကို ဖူးစာဆုံပေးဖို့ဆိုတာ Cupid အတွက် တော်တော်အုံးစားရတဲ့ကိစ္စလေ။ ခုတော့ ခေတ်ကြောင့် လွယ်သွားပြီ။

ဒီတော့ Cupid ရဲ့လက်နက်က နှစ်ဆယ့်တစ်ရာစုမှာ Internet ဖြစ်နေတာ မဆန်းပါဘူးနော်။





ခုလည်း Cupid က Internet ဆိုတဲ့ လေးပေါ်မှာ Chat room ဆိုတဲ့ မြားတပ်ပြီး သူတနဲ့ အရှေးတို့ကို အကြိုက်နဲ့ စရိုက် ဆန့်ကျင်ဘက်ခြင်း ဖြစ်နေတဲ့ သူနှစ်ယောက်ကို ပစ်ချလိုက်ပြီး ...

ဒီနှစ်ယောက်က ဖူးစာပါနေတော့ ဘယ်လိုဖြစ်ဖြစ် ဖူးစာဖက်ကို ဖက်ပေးရမှာကိုး။ ဒီကြားထဲမှာ သုတသိပ်ကြိုက်တဲ့ ဆံပင်တွေကို အရှေး အရှည်ထားဖြစ်တာက ကံကြမ္မာက Cupid ကို ပြန်ပေးတဲ့လက်ဆောင်ပေါ့။

ထို့ကြောင့် အရှေး လျှို့ဝှက်ထားသော ဆံပင်တွေကို သုတတွေ့အောင် တံတားပေါ်က အကြမ်းဖက်မှုလေးကို ဖန်တီးလိုက်ရတာပေါ့။

သစ်ခဖော်နဲ့ ပြတ်စဲထားတာ ပူပူနွေးနွေးပဲ ရှိသေးတဲ့ အရှေးကို Heart ထိအောင် မလုပ်နိုင်သေးပေမယ် ဂျူဂျူးနဲ့ ဝေးတာကြာခဲ့ပြီဖြစ်တဲ့ သုတကတော့ အရှေးကို ရင်ခုန်စပြုလာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ တိုးတက်လာမှတော့ အရှေးနဲ့သူတကို နီးစပ်အောင် ဖန်ပေးဖို့က Cupid အဖို့ ထမင်းစားရေသောက် ဖြစ်သွားပြီလေ။

ကဲ ... ဇာတ်လမ်းကို ဆက်ကြည့်ကြရအောင်နော်။ Cupid က သူတို့နှစ်ယောက်ကို ဘယ်လို အကွက်ချေ့လိုက်မလဲ?။

❦ ○ ❦





"true lady ရေ မတွေ့တာ ကြာပြီနော်"

"ဟုတ်တယ် ... ကျွန်မ အခု အလုပ်နည်းနည်းရှုပ်နေလို့လေ"

"သြော်"

"ဒါနဲ့ ရှင်ရော ဘာတွေလုပ်နေလဲ"

"ကိုယ်လား၊ အခု ကောင်မလေးတစ်ယောက်ကို Heart ထိနေတယ်လေ"

"ဟား ဟား ... ရှင့်ချစ်ချစ်ကြီးကို မေ့သွားပြီပေါ့"

"ဒီလိုပါပဲ true lady ရယ်။ သူက တစ်ပါးသူရင်ခွင်ကို ထာဝရ ခိုဝင်သွားပြီလေ။ ကိုယ်က ခုထိ တမ်းတနေရင် ဒုသနသော ဖြစ်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရှင် အခုစိတ်ဝင်စားနေတဲ့ ကောင်မလေးက ရော"

"သူက ကိုယ့်အချစ်ဦးရဲ့သူငယ်ချင်းလေ။ သူနဲ့ကိုယ်က အရင်က သိပ်မတည့်ကြဘူး။ ဒါပေမဲ့ ခင်တော့ ခင်တယ် ပေါ့။ အခုမှ ကိုယ် သူ့ကို ရင်ခုန်သွားတာ"

"ဒါဆို ရှင့် ရင်ခုန်သံက နီးစပ်ရာကို လမ်းလွဲလိုက်တဲ့ သဘောပေါ့"

"အဲလိုလည်း မဟုတ်ဘူး true lady ရဲ့။ သူက အရင်တုန်းက ကိုယ်နဲ့ သူ့သူငယ်ချင်းကိုတောင် အောင်သွယ်ပေးသေး တာ။ ပြီးတော့ ကိုယ်ကလည်း အရင်က သူ့ကိုကြည့်မရ ဘူး။ ပုံတုံးတယ်ပေါ့ကွာ။ ဒါပေမဲ့ သူက တကယ့်ကြွေ ရှင်၊ အဖိုးတန်လေးမှန်း ခုမှသိတာ"

"ဖြစ်ရလေရှင်၊ ရှင် အချိန်ရော မီရဲ့လား။ တော်ကြာ သူ့ မှာ သက်ဆိုင်သူ၊ ပိုင်ဆိုင်သူတွေ ရှိနေဦးမယ်"

"မရှိဘူးဗျ၊ သူက လောလောဆယ် စေ့စပ်ပွဲ ပျက်ထား တာလေ"





"ဟင်"

အရေး ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ သူငယ် ချင်းနဲ့ အောင်သွယ်ပေးတယ်။ ပုံတုံးတယ်။ လောလောဆယ် စေ့စပ်ပွဲပျက်ထားတယ်။ ဘုရား ... ဘုရား ... သူတများလား။

"ဟဲလို ... ဟဲလို ... true lady"

"အင်း ... ပြောလေ"

"ဩော် ... ကျွန်တော်က မရှိတော့ဘူးလားလို့"

"ရှိတယ် ... ပြော၊ ဒါနဲ့ စကားမစပ် ရှင်က ဘာလို့သူ့ ကို ရင်ခုန်သွားရတာလဲ"

"ကျွန်တော်က ဆံပင်အရှည်ကြိုက်တယ်လို့ true lady ကို ပြောတယ်မို့လား။ သူက အမြဲဆံထုံး‚ထုံးထားတော့ ဆံပင် ဘယ်လောက်ရှည်လဲ မသိရဘူးလေ။ ဒါပေမဲ့ ကံကြမ္မာက ကျွန်တော့်ကို မျက်နှာသာပေးလိုက်တယ်ဗျ။ တစ်ရက်တော့ သူ့ရဲ့ဆံပင်တွေကို ကျွန်တော် မြင်ခွင့် ရလိုက်တယ်။ တကယ်ပါဗျာ။ ခြေဖျားထိတောင် ရှည်မလားပဲ။ ကျွန်တော် လေ သူ့ကို တစိမ့်စိမ့်မြင်ယောင်ပြီးတော့ကို မြတ်နိုးသွား



www.burmeseclassic.com

www.burmeseclassic.com



မိတာ။ ခုဆို စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ် ဖြစ်နေပြီဗျ”

အို ... အရှေးသည် ရယ်ချင်သလိုလို၊ ငိုချင်သလိုလိုနှင့် ကတုန်ကယင် ဖြစ်နေသည်။

ဒေါသထွက်နေတာလား။ ရယ်ချင်တာလား ဘာမှန်းမသိ။

သူ့ အရှေးမှန်းသိလို့များ ပြောနေတာလား။ အို ... အရှေးကို သိမှာမဟုတ်ပါဘူးဟုလည်းထင်။

“ဟဲလို ... ဟဲလို ... ဟေး ... true lady ”

“ကျွန်မ အလုပ်ရှိသေးလို့နော် ... Bye”

အရှေးသည် မြန်မြန် sign out လုပ်လိုက်ရသည်။ ကံကြမ္မာရယ် ... ဘယ်လိုများ လှည့်စားလိုက်တာလဲ။ သုတရွှေအိုးပုံစံကို မြင်ယောင်ကာ ခေါင်းယမ်းလိုက်မိသည်။

❦ ○ ❦





နောက်ပိုင်းတွင် အရှေးဘုရားသွားတိုင်း သူ့ကိုတွေ့ရသည်။ သူနှဲ့ဆုံမှာစိုးသဖြင့် ဘုရားမတက်တော့ဖို့တောင် စဉ်းစားဖူးသော်လည်း ကိုယ့်ရဲ့ကုသိုလ်ရေးကို သူ့အတွက်နဲ့တော့ အပျက်မခံနိုင်ပါ။

သူကတော့ အရှေး မနက်စောစော ဘုရားလာတတ်မှန်းသိသဖြင့် တမင်နေ့တိုင်းလာစောင့်နေပုံပင်။

အရှေးနဲ့တွေ့ရင် ပြုံးပြနှုတ်ဆက်၊ မနက်စာစားဖို့ အတင်းခေါ်နဲ့။

အရှေးကလည်း အကြောင်းသိ ဖြစ်နေတော့ ရှောင်ငြင်းကာ ရှောင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေးသည် ဂျူဂျူးမျက်နှာကို မြင်ယောင်မိတိုင်း ခေါင်းခါမိစမြဲပင်။

ကိုယ့်ရှေ့မှာတင် ဂျူဂျူးကို အရှုံးအမူး ဖြစ်ခဲ့သူလေ။

သို့သော် သုတရွှေအိုးက ကိုယ့်ကို ကယ်တင်ဖူးသော ကျေးဇူးရှင်လည်း ဖြစ်သဖြင့် ပစ်ပစ်ခါခါ ဆက်ဆံလို့မရ။

ကိုယ့်ကို သဘောကျနေမှန်း သိထားရတာလည်း တစ်ဒုက္ခပါလားကွယ်။

သုတရွှေအိုကလည်း ကြာလာတော့ အရှေး သူ့ကို ရှောင်နေမှန်း ရိပ်မိလာသည်။

❦ ○ ❦





ဒီတော့ သုတက chat room ထဲမှာ ရင်တွေဖွင့်သည်။

"true lady ရယ်၊ သူ ရိပ်မိသွားလို့လား မသိဘူး။ ကျွန်တော့်ကို ရှောင်နေတယ်ဗျာ၊ သူ ကျွန်တော့်ကို မကြိုက်လို့လား မသိဘူးနော်"

"ရှင်က ဘယ်လိုထင်လို့လဲ"

"ကျွန်တော်က သူ မနက်စောစော ဘုရားတက်တတ်မှန်း သိတော့ နေ့တိုင်းသွားစောင့်နေမိတာ။ တွေ့ရင် မနက်စာလေး အတူစားပြီး ပိုနီးစပ်ခွင့်ရအောင် ပျိုးမလားလို့ဟာ၊ သူက တစ်ခါမှ ခေါ်လို့မရဘူးဗျာ"

"ရှင် တမင်လာစောင့်နေတာသိလို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူ ရိပ်မိချင် ရိပ်မိမှာဗျ။ ဟိုတလောက သူနဲ့ တွေ့တော့ ကျွန်တော်က သူ့ကို မက်မက်မောမောကြီး ကြည့်မိသွားတာကို။ ကျွန်တော် သူ့ကို တစိမ့်စိမ့်မြတ်နိုး ပြီးတော့ကို ချစ်မိနေပြီဗျာ"

"ရှင့်ရည်းစားဦးကိုလည်း ရှင် ချစ်ခဲ့တာပဲမို့လား"

"မတူဘူး။ တကယ်မတူဘူး။ ပထမတစ်ယောက်ကိုက ချစ်တာထက် ကြိုက်ခဲ့တာလို့ပြောရင် ပိုမှန်လိမ့်မယ်။ ချစ်စရာကောင်းတယ်၊ ချောတယ်၊ သွက်တယ်၊ လန်းတယ် ပေါ့ဗျာ၊ ကျွန်တော်ကလည်း အဲလိုလူမျိုးဆိုတော့ အကြိုက်တူ စရိုက်တူ ရင်ခုန်မိတာထင်တယ်၊ ဒီတစ်ယောက်က ကျွန်တော်နဲ့ အကုန်ဆန့်ကျင်တယ်ဗျ၊ ပုံတုံးကြီးပေါ့ ... အဟီး ... ဒါပေမဲ့ ဘယ်လိုမြတ်နိုးမိမှန်းကို မသိဘူး"

"ရှင့်ကိုယ်ရှင် သေချာလို့လား။ တော်ကြာ ရှင် လူကိုမ ကြိုက်ဘဲ ဆံပင်တွေကိုကြိုက်တာ ဖြစ်နေဦးမယ်"

"မဟုတ်ဘူး၊ ကျွန်တော် သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် ချစ်နိုင်နေပြီ၊ ကျွန်တော် ဖုန်းနဲ့ သူ့ကို ဓာတ်ပုံခိုးရိုက်ထား





သေးတယ်ဗျ၊ အဲဒီဓာတ်ပုံကို ကွန်ပျူတာထဲ ဘမ်းပြီး သူ့ ပုံကို ဆံပင်တွေဖြတ်ပြီး ခေါင်းတုံးပုံလုပ်ကြည့်သေးတယ်။ သူက ခေါင်းတုံးလေးနဲ့တောင် ချစ်စရာကောင်းနေတယ် ဗျာ"

အရေး ပြုံးစိစိ ဖြစ်သွားသည်။

"သေချာတယ် ကျွန်တော် သူ့ကို သိပ်ချစ်သွားပြီ"

"အင်း"

"ကျွန်တော် သူ့ကို မရ,ရအောင် ယူမှာဗျ၊ နောက်ဆုံးမရ ရင် ကားတင်ပြေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သုတရွှေအိုးကတော့ true lady ကို ဘယ်သူမှန်း မသိဘဲ စိတ်ကြိုက်ကို ရင်ဖွင့်နေတာ။ အရှေးက ဒီဘက်ကနေ ရင်တုန်နေရသည်။

ဘာတဲ့ ...

ရအောင်ယူမတဲ့ ...

မရရင် ကားတင်ပြေးမတဲ့။

ရယ်ပဲ ရယ်ရသေး။

ကိုယ့်ရဲ့လျှို့ဝှက်ချက်ကြီးကို အားပါးတရပြောပြ နေလိုက်တာ။ ဘယ်သူမှန်းလဲ မသိဘဲနဲ့။

မတော်တဆ ဒီဘက်က အရှေးများ ဖြစ်နေခဲ့ရင်လို့ သူ ယောင်လို့တောင် တွေးမိမှာ မဟုတ်ဘူး။ ဒီလောက် လူတွေ





အများကြီးထဲမှာ တိုက်တိုက်ဆိုင်ဆိုင် အရှေးဖြစ်နေခဲ့တာလည်း ကံကြမ္မာရဲ့ စေ့ဆော်မှုလား။ Cupid ရဲ့လှည့်စားမှုလား။

အရှေးကတော့ သူ့ရဲ့ခြေလှမ်းတွေကို အကုန်သိ နေရပြီး ကြိတ်ရောင်ရှားခွင့်ရနေသည်။

သို့သော် တစ်ချက် တစ်ချက် သူ ရင်ဖွင့်တာကို လည်း နားထောင်ရသေးကာ နဲ့ပါများသော ကျောက်ဆစ်ရုပ်ဖြစ် နေသည်။

"ရှင် ဘာလို့ သူ့ကို လက်ထပ်ချင်တာလဲ"

"ချစ်မြတ်နိုးလွန်းလို့ပေါ့ဗျာ၊ ကျွန်တော့်စိတ်ကူးထဲမှာ ခေါင်း စခြေဆုံးကို တယုတယနဲ့ မြတ်နိုးနေမိတာ။ သူ့ခြေသည်း လေးတွေများ ညီညာတိရှိပြီး လှချက်ဗျာ။ ရှင်းသန့်နေတာ ပဲ"

"ဟင်း ... ရှင်ကလည်း"

"တကယ်ဗျ၊ ချစ်တဲ့မျက်စိနဲ့ ကြည့်တော့လည်း ရှုတိုင်း ယဉ်ဖြစ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ်ပေါ့"

"သက်ဆုံးတိုင် ရိုးမြေကျပေါ့ဗျာ။ ကျွန်တော်လေ သူနဲ့သားတစ်ရာ မြေးတစ်ပြာ အဲ ... မဟုတ်သေးဘူး၊ သားတစ်ရာဆို ကျွန်တော့်ချစ်ဇနီးလေး ဒုက္ခရောက်သွားမယ်၊ သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေး လိုချင်လိုက်တာဗျာ"

"ဟင်း ... ရှင်ကလည်း၊ ဒါနဲ့ ရှင် အခုတော့ ကလေးလေးဆိုတဲ့ nick နဲ့ မိန်းကလေးကိုရော သတိမရတော့ဘူးပေါ့"

"သတိရပါတယ်၊ ဖြစ်နိုင်ရင် ကလေးလေးကိုရော true lady ကိုပါ သတိရနေတာ"

"အဟင်း ... ရှင်က ကျွန်မတို့ကိုတွေ့ပြီး ကြိုက်သွားရင်ရော ဘယ်လိုလုပ်မလဲ"

"ဒါတော့ ခင်ဗျား ကျွန်တော့်ကို စော်ကားတာပဲ။ ကျွန်တော် အဲဒီလောက် ရွံစရာမကောင်းဘူး"





"ရှင်က ဆံပင်ရှည်တဲ့ မိန်းကလေးဆို ကြိုက်တယ်ဆို။ ကျွန်မကလည်း ဆံပင်ရှည်တယ်လေ"

"ခင်ဗျား ဘယ်လောက်ဆံပင်ရှည်ရှည် ကျွန်တော့်ကောင်မလေးလိုတော့ မြတ်နိုးစရာကောင်းမယ် မထင်ပါဘူး"

"သေချာလား"

"သေချာတာပေါ့"

အရှေးက သုတဆီက ရှောင်ထွက်ဖို့ တစ်ကွက်တွေ့သွားသည်။ သုတဆီက အရှေး လုလုပဇကလေး ရှောင်ထွက်လို့ရမှာပါ။

သုတ ဆိုတာက ခပ်ထူထူကောင်လေးပဲဟာ။

ဒီတော့ အရှေးက သုတရှေ့မှာ လူလုံးပြဖို့ ဆုံးဖြတ်လိုက်သည်။

"ရှင် ကျွန်မကိုတွေ့ရင် လုံးဝမကြိုက်ရဘူး"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လား၊ ခင်ဗျားဘယ်လိုမိန်းမလဲ"

"ရှင် ကျွန်မကို လက်ထပ်ချင်စိတ် မပေါက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဒါတော့ ခင်ဗျားတော်တော်လွန်နေပြီဗျ၊ စိတ်ချ။ လက်ထပ်ဖို့မပြောနဲ့ လက်ဖျားနဲ့တောင် မတို့ဘူး။ By the way ခင်ဗျား နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"တကယ်ပြောနေတာ၊ ရှင်က မိန်းကလေးမြင်တိုင်း ကြိုက်တတ်တဲ့ရောဂါ ရှိနေတယ်လေ၊ အဲဒီရောဂါမျိုးက ဆေးမတိုးဘူးရှင့်၊ အဲဒါကြောင့် ကျွန်မက ကတိတောင်းနေတာ၊ ယောကျ်ားကတိ တည်ပါစေနော်"

"ခင်ဗျား တော်တော်ရူးတာပဲ၊ ဘာလဲ ကျွန်တော်က ခင်ဗျားနဲ့အမြဲ chat နေလို့ ခင်ဗျားကို ကျွန်တော် စိတ်ဝင်စားနေတယ် ထင်တာလား။ ဒီမှာ ကျွန်တော် chatting ဘာလို့ ထိုင်သလဲ ခင်ဗျား သိပါတယ်နော်။ အသည်းကွဲတာကို ဖြေဖို့ဗျ။ ဟွန်း ... chatting ဆိုတာ အသုံးချရုံလောက် သုံးတာဗျ။ ခင်ဗျားကို ကျွန်တော် တစ်ချက်မှ မအီဖူးပါဘူးနော်"





"ဟုတ်ပြီလေ၊ ရှင် ကျွန်မကိုတွေ့ရင် လက်မထပ်ပါဘူးလို့ ကတိပေး"

"စိတ်ချ ... ကျွန်တော် ရှေးရေစက်ဆိုတဲ့ မိန်းကလေးကလွဲလို့ ဘယ်သူ့မှ မယူဘူး"

"ရှင် ဘယ်သူ့ယူယူ ကျွန်မ ဂရုမစိုက်ဘူး။ ဒါပေမဲ့ ကျွန်မကို လက်မထပ်ဘူးလို့ ကတိပေးရမယ်"

"ပေးတယ်ဗျာ၊ ဆယ်ခါပြန်တောင် ပေးရဲသေးတယ်"

"ကတိဆိုတာ ဆယ်ခါပေးဖို့ မလိုဘူး။ တစ်ခါပဲပေးပြီး တစ်သက်လုံး တည်ဖို့ပဲလိုတာ"

"ခင်ဗျား စကားတတ်တိုင်း လျှောက်ပြောနေတာ"

"ထားပါတော့၊ ရှင် ကတိတည်မယ်ဆိုရင် ကျွန်မတို့ မနက်ဖြန် တွေ့ကြမယ်"

"ကောင်းပြီ၊ ဘယ်မှာတွေ့မလဲ"

"Cafe 47 မှာ စောင့်မယ်"

"ဘယ်နနာရီလဲ"

"Tea time လေးနာရီဆို မဆိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော ... လေးနာရီအတိလာမယ်၊ တစ်ခု ကြိုပြောထားမယ်နော်၊ ငါက မင်းကို လုံးဝမကြိုက်ဘူး၊ မင်းက ငါ့ကို သဘောကျရင်လည်း ဆောရီးကို ကန်တော့ဆွမ်းကပ်လိုက်မယ်"

"ဟုတ်ပါပြီ။ See you tomorrow ! "

"Ok Bye"

သူ့ကိုယ်သူ ကိုယ်၊ ကျွန်တော်၊ ငါ နာမ်စားအမျိုးမျိုးပြောင်းသုံးတတ်တဲ့ သုတစွေအိုး မနက်ဖြန်တော့ ရှင်နဲ့ကျွန်မ တွေ့ပြီ။

❦ ○ ❦





"cafe 47"

အချိန်က ညနေလေးနာရီ။

ကားတစ်စီးက အဆင်သင့် ရောက်နေပြီးသား။ နောက်ထပ်ကားတစ်စီးက လေးနာရီအတိမှာ ရောက်လာခဲ့သည်။

သုတက ကားစက်သတ်လိုက်ပြီး အရှေးကားကို တွေ့သွားသည်။

အရှေး ဒီဆိုင်ရောက်နေတာလား။ ဒါဆိုရင်တော့ ဒုက္ခ။ နဂိုကမှ အကပ်မခံသော အရှေးဟာ သူနဲ့ true lady ကို တော့ အထင်လွဲတော့မှာပဲ။ အရှေးကို အရင်သွားနှုတ်ဆက်ထားမှပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက်ကလည်း မလာသေးဘူးလေ။ မလာသေးဘူးလို့ ထင်တာပါ။ သူလည်း သေချာသိတာမဟုတ်။ မြင်ဖူးတာမှ မဟုတ်တာ။

သူဝင်သွားတော့ အရှေးကို ထောင့်ကျကျစားပွဲတစ်လုံးမှာ တွေ့ရသည်။ အရှေးက သူ ဝင်လာကတည်းက ပြုံးပြနေသဖြင့် အရှေး စားပွဲကို သွားထိုင်လိုက်သည်။

"အရှေး ... ကော်ဖီလာသောက်တာလား"

"လေးနာရီဆိုတော့ Tea Time လေ"

"ဩော် ... ကိုယ်လည်း ဒီမှာ အသိတစ်ယောက်နဲ့ လာတွေ့တာ။ အရှေးနဲ့ လာဆုံတာ ကံကောင်းတာပဲ"

"ဟုတ်လား ... ဘယ်သူနဲ့ လာတွေ့တာလဲ"

"မိတ်ဆွေတစ်ယောက်ပါ"

"နာမည်က"

နာမည်က true lady လို့တော့ ပြောလို့ဘယ်ဖြစ်မှာလဲ။





"ကိုယ်ပြောရင် အရှေး သိမှာမှ မဟုတ်တာ"

"ပြောကြည့်ပါလား။ သိချင် သိမှာပေါ့"

အရှေးက သူ ဖြေရခက်သော မေးခွန်းတွေ မေးနေသည်။ အရှေးသည် သူ့ကိုစားရတာ ပျော်လာသည်။ တဖြည်းဖြည်းနဲ့ လေးနာရီခွဲနေပြီ။ ကဖေး 47 ထဲမှာ သူနဲ့အရှေးရယ်၊ မိသားစုတစ်စုရယ်၊ ဆယ်ကျော်သက် အတွဲတစ်တွဲရယ်၊ တရုပ်ပေါက်ဖော်ကြီး နှစ်ယောက်ရယ်ပဲ တွေ့ရသည်။

ဒုက္ခ။ သူကလည်း သူမကို မမြင်ဘူး။ ဘာရောင်ဝတ်ခဲ့ ဘာညာလဲ မချိန်းမိ။

သူမကလည်း သူ့ကိုမသိ။ တစ်ဆိုင်လုံး မသိမသာ ဝေ့ဝဲကြည့်တော့လည်း true lady လို့ ထင်ချင်စရာတစ်ယောက်မှ မရှိ။ မလာဘဲ မလာတာလား။ သင်းစကားကြီး စကားကျယ်တွေ ပြောပြီးမှ မလာရဲတော့လားမသိ။

အရှေးကတော့ သူ့ကိုကြည့်ပြီး ရယ်ချင်နေမိသည်။

"ဘာတွေရှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ချိန်းထားတဲ့သူ လာပြီလားလို့"

"သြော် ... ရှင့်ကိုတွေ့ရင် လာမှာပေါ့"

"ဟို ... သူက မသိ၊ အဲ ... ကိုယ့်ကို မတွေ့မှာစိုးလို့ပါ"

ငါးနာရီထိုးပြီ။

"ကဲ ... ကျွန်မ ပြန်တော့မယ်"

"ဟို ... နေပါဦး အရှေးရဲ့"

"ဘာလို့ နေရမှာလဲ"

"သြော် ... ချိန်းထားတဲ့သူ မလာတော့လည်း အရှေးနဲ့ စကားအေးဆေးပြောလို့ ရတာပေါ့။ ခဏလောက် အချိန်ပေးပါလား"

"ကျွန်မ ရုံးကိုသွားစရာရှိသေးတယ်ရှင့်၊ အချိန်မရတော့ဘူး"

"ခဏလေးပါ"

"တကယ် အချိန်မရလို့ပါ။ ဆောရီး"





ပြောပြောဆိုဆို အရှေးက ထွက်သွားသဖြင့် သူ မချင့်မရဲ ကျန်ခဲ့တော့သည်။

အချိန်တစ်နာရီကို ဟို true lady ကိစ္စ ရှုပ်နေတာနဲ့ အရှေးကို စကားတောင် မပြောလိုက်ရတာ နာတယ်။

❦ ဝ ❦



www.burmeseclassic.com

www.burmeseclassic.com



"true lady ခင်ဗျား စကားကြီး စကားကျယ်ပြောပြီး မလာဘူး။ ကျွန်တော်က သိပ်အားနေတဲ့ကောင် မဟုတ်ဘူးဗျ"

"ကျွန်မ လာပါတယ်"

"ဘယ်အချိန်လဲ၊ မနက်ငှလေးနာရီလား"

"အဟင်း ... ညနေလေးနာရီပေါ့ရှင့်၊ Tea time လေ Tea time"

"ဟင်"

သုတ ရင်တွေဒိတ်ခနဲ ခုန်သွား၏။ အရှေးလည်း Tea time လို့ ပြောသွားသည်။ ကေန္တ အရှေးများလား။ မဖြစ်နိုင်ပါဘူးဟု အကြိမ်ကြိမ် ထင်မိသော်လည်း သူ့ရင်တွေ ဘာလို့ ခုန်နေပါလိမ့်။





"သုတရွှေအိုး"

"ဟင် ... အရှေး ... အရှေးလား"

"true lady က ရှင်နဲ့အတူတူတောင် ကော်ဖီသောက်ခဲ့ပါသေးတယ်"

"ဟာ"

"ရှင် true lady ကိုတွေ့ရင် မကြိုက်ပါဘူးလို့ ကတိပေးထားတယ်နော်။ လုံးဝလက်မထပ်ပါဘူးလို့ ကတိအထပ်ထပ် ပေးထားတယ်နော်"

"ဟာ"

သွားပြီ။ သူ ထောင်ချောက် မိသွားပြီ။ သူမက သူ့ကို ကျော့ကွင်းလှလှလေး ပစ်ဖမ်းခဲ့ပြီ။

ရှေ့တိုးနောက်ဆုတ် လှုပ်လို့မရအောင် ချုပ်ပစ်လိုက်ပြီ။

ဘယ်လို လုပ်ရမလဲ။

"ဘယ်လိုလဲ ယောကျ်ားကတိကို တည်မယ်မို့လား"

"အရှေး"



www.burmeseclassic.com

www.burmeseclassic.com



"အရှေး ... ရှင်ပေးတဲ့ကတိကို ယုံကြည်ထားမယ်နော်"

"အရှေး ... ကိုယ် အရှေးကို သိပ်ချစ်တယ်"

"ဒါပေမဲ့ ရှင် true lady ကို ပေးထားတဲ့ကတိကို ဖျက်လို့မရဘူးလေ"

"ဟာ"

"ကဲ ... Bye ကျွန်မ လာတယ်ဆိုတာ အတည်ပြုပေးတာပါ"

"အရှေး"

အရှေး sign out လုပ်သွားပြီ။ သွားပြီ။ သူ ရှုံးပြီ။

သူ ဘာလုပ်ရမှန်းမသိတော့။ ကျော်ကြီးဆီက ဖုန်းလာတယ်။

"ဟိတ်ကောင် ... မင်း true lady နဲ့သွားတွေ့တာ ဘယ်လိုလဲ"

သုတက ဖြစ်ကြောင်းကုန်စင်ကို ကျော်ကြီးကို ရှင်းပြလိုက်သည်။





"အဲဒါကွာ ငါ ဒုက္ခရောက်နေတာ။ ငါ့ကို တစ်ဖက်လှည့်နဲ့ ချုပ်သွားတာကွာ"

"ဟ ... မင်း သူ့ကို ဖွင့်ပြောပြီးသား ဖြစ်သွားတာပေါ့ကွာ"

"ဒါပေမဲ့ အခု ဖွင့်ပြောထားလည်း အလကားဖြစ်သွားပြီကွ၊ သူက ငါမှန်း အရင်ကြိုသိပြီး လှလှပပကလေး ရှောင်ထွက်သွားပြီ"

"ဟ ... မင်းက true lady ကို မယူဘူးပဲ ကတိပေးထားတာလေကွာ။ ရှေးရေစက်ကို မယူဘူးလို့ ပြောထားတာမှ မဟုတ်တာ"

"ဒါပေမဲ့ သူက လက်ခံမယ့်ပုံ မပေါ်ဘူးကွ။ ပြီးတော့ ငါက ကားတင်ပြေးမယ် ဘာညာပြောထားသေးတာ"

"လက်ခံတာ လက်မခံတာက သူ့ကိစ္စလေကွာ။ ပြီးတော့ မိန်းကလေးဆိုတာက ကားတင်ပြေးတာ ခိုးပြေးတာ ကြိုက်မလားကွ။ သူ့မိဘဆီ မိသားဖသားပီပီ သွားတောင်းမှ သဘောကျမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဒီလိုလား"

"အေ့ ... အေ။ မင်းအမေကို သူ့ကြီးကြီးဆီ ဝင်နိုင်းလိုက်ပေါ့ဟ"

"အေး"

သုတရဲ့ "အေး"သံကြီးက ဖရဏာပီတိ ဝှမ်းဆီထိလို့။ သုတ ကျောက်ကြီးနဲ့ ဖုန်းပြောပြီးတော့ ညဆယ့်နှစ်နာရီ။ ဖေဖေနဲ့ မေမေတို့ အခန်းတံခါးကို သွားခေါက်တော့သည်။

❦ ○ ❦





သုတအမေက အရှေးကြီးကြီးဆိုင်မှာ အားပေးနေကြ ရုပ်ရှင်မင်းသမီးကြီး။ သူတို့ချင်း မျက်မှန်းတမ်းမိကြသည်မို့ အဝင်အထွက် အဆင်ပြေပါသည်။

ဟော့ရှေ့ကြီးကြီးကလည်း စေ့စပ်ပွဲပျက်ပြီး လေနေသော တူမဖြစ်သူကို မကြည့်ရက်စွာနှင့် ...

"သမီးကို မြတ်နိုးလွန်းလို့ဆိုပြီး ကြီးကြီးဆီ လာနားဖောက်တဲ့ ကောင်လေးတစ်ယောက်ရှိတယ် သမီး"

"ဟာ ... ကြီးကြီးကလည်း၊ သမီး ကိုသစ်ကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး၊ ဒီတစ်သက် သမီးအိမ်ထောင်မပြုတော့ပါဘူး ကြီးကြီးရယ်"

"သမီးရယ် ... ညည်းကို အပျိုကြီး မဖြစ်စေချင်ဘူး။ ငါ အိမ်ထောင်မပြုခဲ့မိတာကိုတောင် နောင်ရတယ်။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ တူမတစ်ယောက် ရှိသေးတယ်။ ညည်းက ငါတို့ရဲ့ နောက်ဆုံးမျိုးဆက်လေ။ ဘယ်လိုလုပ်မလဲ။ ညည်း အသက်ကြီးတဲ့အထိ ကျုပ်နဲ့ ညည်းအဖေက ရှိနေမယ် ထင်နေလား။ လောကအလယ် ညည်းကို ဘယ်လိုလုပ်ပြီး တစ်ယောက်တည်း ထားရက်မလဲ။ ပြီးတော့ သစ်ခဖော်မှ ချစ်ပါတယ်၊ သစ်ခဖော်မှ မရရင် မယူချင်ဘူးဆိုတာ ညည်း ရူးတာပဲ။ အချစ်က အချစ်။ ဘဝကို အချစ်ဆိုတဲ့ အုတ်တစ်ချပ်တည်းနဲ့ တည်ဆောက်လို့မရဘူး။ ညည်း သစ်ခဖော်ကို တ,နေတဲ့အချိန် ဟိုက သူ့သားမယားနဲ့ ပျော်နေမှာ"

"ဟုတ်တော့ ဟုတ်ပါတယ် ကြီးကြီးရယ်၊ ဒါပေမဲ့ အုတ်တစ်ချပ်လပ်နေတဲ့ ဘဝကလည်း မပြည့်စုံဘူး ထင်တယ်"

"ဟင်း ဟင်း ... အဲဒီ အုတ်တစ်ချပ် လပ်တဲ့နေရာကို သံယောဇဉ်လေဝင်လေထွက်ပေါက်လို့ သဘောထားလိုက်စမ်းပါ အရှေးရယ်"

"ကြီးကြီး ဒိုင်က လန်းလှချည်လား"





"ကဲ ... ဘယ်လိုလဲ၊ ညည်းတို့ လူငယ်ချင်း တွေ့ကြည့်မလား"

"ကြီးကြီး သဘောပဲ"

"အဲဒီလို လိမ္မာစမ်းပါ သမီးရယ်၊ ကောင်လေးက သစ်ခဖော်လောက် မချမ်းသာပေမယ့် သမီးကို အတော်မြတ်နိုးတာကကို ကျေနပ်စရာ ဖြစ်နေပြီလေ"

"ဟုတ်ပါပြီ။ နှံမည်လေး အရင်မ,စပါဦး"

"သုတချွေအိုး ... တဲ့"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"သုတစွေအိုး ... ရှင် လူလိမ်လူညာ။ ကတိမတည်တဲ့သူ"

"နေဦး အရှေး၊ ကိုယ် အရှေးကို ကတိမဖျက်ပါဘူး။ ကိုယ် အရှေးကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတာ အရှေး သိသားပဲ"

"ရှင် true lady ကို လက်မထပ်ဘူးလို့ ပြောခဲ့တယ်လေ။ ကတိပေးခဲ့တယ်လေ"

"ဟုတ်တယ်လေ၊ ကိုယ် true lady ကို လက်မထပ်ပါဘူး။ ကတိလည်း မဖျက်ဘူး။ အခု ကိုယ် အရှေးကို လက်ထပ်ခွင့်ရဖို့ လူကြီးတွေကတစ်ဆင့် ကမ်းလှမ်းထားတာ၊ true lady နဲ့ မဆိုင်ဘူး။ ကိုယ် ဒီနေ့အထိ true lady ကို လက်ထပ်ခွင့်မတောင်းဘူး။ ကိုယ် ခုထိ true lady ကို မြင်တောင်မမြင်ဖူးပါဘူး အရှေးလေးရဲ့"





"ရှင် လူလည်မကျနဲ့"

"ကိုယ့်ကို အရှေး လူလည်ကျခဲ့လို့လား၊ ကိုယ့်ကို true lady ကပဲ လူလည်ကျတာလေ။ ကိုယ်ကလည်း အရှေး အပေါ် လူလယ်မကျပါဘူးကွာ၊ true lady ကိုပဲ လူလည် ပြန်ကျရမှာ"

"နေပါဦး၊ ရှင် စကားတွေတတ်နေတယ်၊ ရှင့်ကို ဘယ်သူ သင်ပေးတာလဲ"

"ကျော် ... အဲ ... ဘယ်သူ သင့်ပေးမှာလဲ၊ ဒီအရွယ်ရောက် နေပြီ"

"ကျော်ကြီး သင်ပေးတာမို့လား"

"အရှေး ဘယ်လိုသိလဲ"

BURMESE CLASSIC .com

ကဲ ... ကျွန်မ နှစ်ခါမအစ်ရဘူး ပေါ်လာတာ့ပဲ။ ဒီလောက် ရိုးအ,ပြီး ထူတဲ့ကောင်ကလေးက ထူလွန်းတော့ ချစ်စရာတောင် ကောင်းလာတယ်၊ ပိုပြီးနှစ်သက်စရာ ကောင်းတာက သင်းကလေးက ကျွန်မကိုလည်း တော်တော်မြတ်နိုးနေသေး သတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို မချစ်ပါဘူး။

ကျွန်မကိုသာ ကားတင်ပြေးခဲ့မယ်ဆိုရင် ကျွန်မ သူ့ကို မုန်းတောင် မုန်းသွားဦးမှာ။

ခုတော့ ...

"အရှေး ... ကိုယ့်မိဘတွေခေါ်လာပြီး မိသားဖသားပီပီ လာတောင်းပါရစေနော်"

"ရှင် ပြောတော့ ကားတင်ပြေးမလို့ဆို"

"ကိုယ် မစဉ်းစားပဲ ပြောမိတာပါ။ တကယ်တော့ မိန်းကလေးတွေက ကားတင်ပြေးတာထက် မိသားဖသားပီပီ တောင်းယူတာ ပိုကြိုက်တယ်တဲ့"

"ကျော်ကြီး ပြောတာပဲလား"

"အင်း"

ကဲ ... ပရိသတ်ရေ၊ အရှေး ဒီလူရိုးကလေးကို အရှေးရဲ့လက်တွဲဖော်အဖြစ် လက်ခံလိုက်ရင် အရှေး တစ်သက်လုံး ပျော်ရွှင်စိတ်ချမ်းသာစေရမယ်လို့ မထင်ကြဘူးလား ? ။



BURMESE CLASSIC .com



ခပ်ထက်ထက် ကောင်လေးတစ်ယောက်မှာ မာန်မာနတွေ ပါလာတတ်ပြီး ...

ရိုးအေးတဲ့ ကောင်လေးတွေက ချစ်စရာကောင်းတတ်ကြောင်း နားလည်သွားတဲ့ ရှေးရေစက် ဆိုတဲ့ ခပ်ထက်ထက် ကောင်မလေးက လက်ညှိုးထောင် ခေါင်းညိတ်တတ်တဲ့ သုတစွေအိုး ဆိုတဲ့ ငထူလေးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သတဲ့လေ။

ပရိသတ်ရေ ...။

cupid အကွက်ရွှေ့မှု အောင်မြင်သွားပြီနော်။ အခုကတော့ Internet ဆိုတဲ့ လက်နက်တစ်ခုကို အသုံးချပြီး လှလှပပကလေး ဖူးစာဆက်ပေးလိုက်တာပဲနော်။

ဒါဆို ...

နှစ်ဆယ့်တစ်ရာစုမှာ တချို့စုံတွဲတွေကို cupid က အင်တာနက်ကို အသုံးပြုပြီး ဖူးစာဖက်ပေးတဲ့အတွက် cupid ရဲ့ နှစ်ဆယ့်တစ်ရာစုလက်နက်တွေထဲမှာ အင်တာနက်ကလည်း တစ်ခု အပါအဝင် မဟုတ်ပါလားရှင်။



www.burmeseclassic.com

www.burmeseclassic.com



မွေးမြူလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရည်မိုး

9 th May' 11

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com